"အနိုင်နိုင်ငံမှ အလုပ်သမားများစည်းလုံး ညီညွတ်ကြ"

ကာလ်မာက်စ်
ဖရက်ဒရစ်အိန်ဂျယ်စ်

ကွန်မြူနစ်ပါတီ ကြေညာစာတမ်း (၁)

ဝင်းမော်ဦးစာပေဖြန့်ချိရေး

☆ သိန်း ☆

"အနိုင်နိုင်ငံမှ အလုပ်သမားများစည်းလုံးညီညွတ်ကြ"

ကာလ်မာက်စ်

ဖရက်ဒရစ်အိန်ဂျယ်စ်

ကွန်မြူနစ်ပါတီ

ကျေညာစာတမ်း (၁)

မောင်မောင်တင်–မြန်မာဘာသာပြန်ဆိုသည်။

ဝင်းမော်ဦး
စာပေပြန့်ချိရေး

၅၀၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊

နိုင်ငံရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၂၀၂)
အရပုံနှိပ်ထုတ်ဝေသည်။

ထုတ်ဝေသူ။ ။ဦးတင်မောင်
မှတ်ပုံတင်အမှတ်(၀၂၂၃)
အမှတ်၅၀၁၊ ကုန်သည်လမ်း။ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးဘကျော်
မှတ်ပုံတင်အမှတ် (၀၇၂၄)
လုပ်သားပိုင် အထောက်တော် ပုံနှိပ်တိုက်
အမှတ်(၁၉၆-၁၉၈)၊ ၃၉-လမ်း တွင်
ပုံနှိပ်သည်။

ထုတ်ဝေသူ၏မှတ်ချက်

၁၈၄၈ ခုနှစ် မူလ ဂျာမန်ဘာသာ စာမူမှ ၁၈၈၈ ခုနှစ်တွင် ဆမ်မြူရယ်မိုးက အင်္ဂလိပ်ဘာသာ ပြန်ဆို၍၊ ဖရက်ဒရစ်အိန်ဂျယ်စ်က တည်းဖြတ်ထားသည့် အင်္ဂလိပ်ဘာသာ- "**ကွန်မြူနစ်ပါတီကြေညာစာတမ်း**" ကို မြန်မာဘာသာသို့ပြန်ဆိုထားခြင်းဖြစ်ပါသည်။

ယခုစာမူတွင် ၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာရိုက်စာအုပ်နှင့် ၁၈၉၀ပြည့်နှစ် ဂျာမန်ဘာသာရိုက် စာအုပ်တို့အတွက် အိန်ဂျယ်စ်၏ မှတ်ချက်များနှင့် ဘာသာ အမျိုးမျိုးဖြင့် ရိုက်သော ကြေညာစာတမ်း စာအုပ်များ၏ နိဒါန်းများအားလုံးလည်းပါဝင်ပေသည်။

မာတိကာ။

၁၀၇၂ ခုနှစ်ဂျာမန်ဘာသာရိုက်စာအုပ်နိဒါန်း ၁
၁၀၀၂ ခုနှစ်ရုရှားဘာသာရိုက်စာအုပ်နိဒါန်း ၅
၁၀၀၃ ခုနှစ်ဂျာမန်ဘာသာရိုက်စာအုပ်နိဒါန်း ၉
၁၀၀၀ ခုနှစ်အင်္ဂလိပ်ဘာသာရိုက်စာအုပ်နိဒါန်း ၁၁
၁၀၉၀ ပြည့်နှစ်ဂျာမန်ဘာသာရိုက်စာအုပ်နိဒါန်း ၂၄
၁၀၉၂ ခုနှစ်ပိုလန်ဘာသာရိုက်စာအုပ်နိဒါန်း ၃၇
၁၀၉၃ ခုနှစ်အီတလီဘာသာရိုက်စာအုပ်နိဒါန်း ၄၁

ကွန်မြူနစ်ပါတီကြေညာစာတမ်း

၁။ ဓနရှင်လူတန်းစားနှင့်ပစ္စည်းမဲ့လူတန်းစားများ ၄၉
၂။ ပစ္စည်းမဲ့လူတန်းစားများနှင့်ကွန်မြူနစ်များ ၀၇
၃။ ဆိုရှယ်လစ်နှင့်ကွန်မြူနစ်စာပေ ၁၁၃

(၁) ဖေါက်ပြန်သောဆိုရှယ်လစ်ဝါဒ ၁၁၃
(က) ပဒေသရာဇ်ဆိုရှယ်လစ်ဝါဒ ၁၁၃
(ခ) ဓနရှင်ပေါက်စလူတန်းစားဆိုရှယ်လစ်ဝါဒ ၁၁၀
(ဂ) ဂျာမန်၊သို့မဟုတ်“အစစ်အမှန်”ဆိုရှယ်လစ်ဝါဒ ၁၂၁
(၂) ခေတ်နောက်ကျ အယူသည်းသူများ၊ သို့မဟုတ်၊ ဓနရှင် ဆိုရှယ်လစ်ဝါဒ ၁၂၀
(၃) စိတ်ဝေဖန် သော စိတ် ကူး ယဉ် ဆို ရှယ် လစ် ဝါဒ နှင့်ကွန်မြူနစ်ဝါဒ ၁၃၁

၄။ အသီးသီးတည့်ရှိနေသည့်ဆန့်ကျင်ဘက်ပါတီများနှင့် ဆက်သွယ်မှုနှင့်ပတ်သက်၍ ကွန်မြူနစ်များ၏အနေအထား ၁၃၉

၁၈၇၂ ခုနှစ် ဂျာမန်ဘာသာရိုက်စာအုပ်နိဒါန်း (၂)။

ထိုအချိန် ထိုကာလတွင်တည်ရှိနေသည့် အခြေအနေများအောက်၌ လျှို့ဝှက်အဖွဲ့အစည်းတခု အဖြစ်သာ တည်ရှိနိုင်သည့် နိုင်ငံတကာ အလုပ်သမားများအစည်းအရုံး ဖြစ်သော ကွန်မြူနစ် အစည်းအရုံးက ၁၈၄၇-ခုနှစ် နိုဝင်ဘာလ တွင် လန်ဒန်မြို့၌ ကျင်းပခဲ့သည့် ကွန်ဂရက်တွင် အောက်၌ လက်မှတ်ရေးထိုးသူနှစ်ဦးအား ပါတီ၏ အသေးစိပ်သဘောတရားရေးနှင့် လက်တွေ့ လုပ်ငန်းစဉ်တရပ်ကို ထုတ်ဝေဖြန့်ချိရန်အတွက် ရေးဆွဲရန်အာဏာပေးအပ်ခဲ့သည်။ အောက်ပါကြေညာစာတမ်းထွက် ပေါ်လာရသည့်အကြောင်းရင်းမှာ ဤသို့ဖြစ်ပေသည်။ ဤကြေညာစာတမ်းစာမူ သည် ဖေဖော်ဝါရီ တော်လှန်ရေး(၃)မတိုင်မီ ရက်သတ္တပတ် အနည်းငယ်စော၍ လန်ဒန်မြို့သို့ ပုံနှိပ်ထုတ်ဝေရန် ရောက်ရှိခဲ့သည်။ ဤကြေညာစာတမ်းကို ပဌမဆုံး ဂျာမန် ဘာသာ ဖြင့် ရိုက်နှိပ်ခဲ့သည်၊ ဤကြေညာစာတမ်းကို ဂျာမန်ဘာသာဖြင့်ပင် ဂျာမဏီ၊ အင်္ဂလန်နှင့်အမေရိကတို့တွင် အနည်းဆုံးတဆယ့်နှစ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဤကြေညာစာတမ်းကို ၁၈၅၀ပြည့် နှစ်၌ လန်ဒန်မြို့- **ရက်ဒ်ရီပတ်ဘလီကင်**(၄)တွင် ပဌမဆုံးအကြိမ် အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။ မစ်ဟဲလင်မက်ဖါလန်က ဘာသာပြန်ဆိုခဲ့သည်၊ ၁၈၇၁-ခုနှစ်တွင် အမေရိကန်၌

အနည်းဆုံး အင်္ဂလိပ်ဘာသာပြန် သုံးမျိုး ထွက် လာ ခဲ့ သည်၊ ၁၈၄၈–ခုနှစ်ဇွန်လပုန်ကန်မှု မတိုင်မီကလေး၌ပင်၊ ပဲရစ်မြို့၌ ပြင်သစ်ဘာသာဖြင့်ထွက်လာခဲ့သည်၊ မကြာသေးမီနယူးရော့မြို့ **လီဆိုရှယ်လစ်တီ** (၂)တွင် ပြင်သစ်ဘာသာဖြင့် ထည့်သွင်းခဲ့သည်၊ ပြင်သစ်ဘာသာပြန် စာမူသစ်တခုကို ပြုစုလျက်ရှိကြသည်။ ဤကျေညာစာတမ်းကို ဂျာမန်ဘာသာနှင့်ပုံနှိပ် ထုတ်ဝေပြီးသည့်နောက်၌ မကြာမီမှာပင် လန်ဒန်မြို့တွင်ပိုလန် ဘာသာဖြင့်ထွက်လာခဲ့သည်၊ ရုရှားဘာသာပြန်ကို ခြောက် ဆယ်ခုနှစ်များတွင် ဂျီနီဗါ၌ပုံနှိပ် ထုတ်ဝေခဲ့သည်၊ ဤကျေညာစာတမ်းပဌမဆုံးထွက်လာပြီးများမကြာမီမှာပင်ဒိန်မတ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။

လွန်ခဲသော နှစ်ဆယ့်ငါးနှစ်အတွင်း၌ အရာဝတ္ထုအခြေအနေများ မည်မျှပြောင်းလဲမှုရှိစေကာမူ၊ ဤ ကျေညာ စာတမ်းတွင် ချမှတ်ခဲ့သောယေဘူယျမူများသည် တခုလုံး အနေဖြင့် ယခင်အခါတိုင်းကဲ့သို့ပင် ယခုလည်းမှန်ကန် ပေ သည်၊ ဤနေရာထိုနေရာတို့၌ အချို့အသေးစိတ်ကလေးများ ပြုပြင်ကောင်းပြုပြင်ရပေမည်။ ဤမူများအား လိုက်နာ ကျင့် သုံးမှုသည် ကျေညာစာတမ်းကိုယ်တိုင်က ဖော်ပြထားသကဲ့သို့ပင်၊ နေရာတကာနှင့်အချိန် တိုင်း တွင်–အချိန် ကာ လ အ လျောက်တည်ရှိနေသည့် သမိုင်းအခြေအနေများအပေါ်တွင် တည်ပေလိမ့်မည်၊ ထိုအကြောင်းကြောင့်ပင် ဒုတိယပိုင်း အဆုံး တွင်

အဆိုပြုထားသော တော်လှန်ရေးဆောင်ရွက်မှုများ ပေါ်တွင် အထူးအလေးအနက်ပြုခြင်းမရှိပေ၊ ထိုစာပိုဒ်သည် ယခုအခါ ဘက်များစွာ၌ အလွန်ခြားနားစွာ ရေးသားရ ပေလိမ့်မည်၊ လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်ကာလတွင် ခေတ်မှီစက် မှု လုပ်ငန်းရောမ တိုးတက်မှုကြီးများ ဖြစ်လာခြင်း၊ ဤနှင့်လိုက်၍ အလုပ်သမားလူတန်းစား၏ ပါတီအဖွဲ့အစည်းသည် တိုးတက်ကောင်းမွန်မှုရှိ၍ တိုးချဲ့လာခြင်း၊ပဌမဆုံး ဖေဖေါ်ဝါရီတော်လှန်ရေးတွင် ရရှိသော လက်တွေ့ အတွေ့အကြုံနှင့် ထိုနောက်၌ ပစ္စည်းမဲ့လူတန်းစားက နိုင်ငံရေးအာဏာကို နှစ် လ လုံး လုံး ရယူထားခဲ့သည့် ပဲရစ်ကွန်မြူန်းတွင်ပို၍ရရှိခဲ့သော အတွေ့အကြုံများအရ ဤလုပ်ငန်းစဉ်တွင် အချို့အသေးစိပ်များ ခေတ်မမှီဖြစ်လာခဲ့လေသည်။ အထူးသဖြင့် ကွန်မြူန်းက အချက်တချက်ကို သက်သေထူခဲ့သည်၊ ထိုအချက် မှာ "အလုပ်သမားလူတန်းစားသည် အသင့်ရှိပြီးဖြစ်သော နိုင်ငံ့တော် စက်ယန္တရားကို သာမန်သိမ်းယူ၍၊ မိမိ၏အရေးကိစ္စများအတွက်အသုံးချခြင်းမပြုနိုင်ပေ"။ (ပြင်သစ်ပြည်တွင်းစစ်၊ နိုင်ငံ့တကာလုပ်သားများအစည်းအရုံး၏ အထွေထွေကောင်စီအား မိန့်ခွန်း လန်ဒန်၊ထရူးလပ်ဗ်၊ ၁၈၇၁၊ စာမျက်နှာ ၁၅တွင်ဤအချက်ကို ဆက်၍တိုးတက်စွာပြုစုထားသည်၊ +) ထို့အပြင် ဆိုရှယ်လစ် စာပေ၏ ဝေဖန်ရေးသည် မျက်မှောက် အချိန် နှင့် ပတ်သက်၍ လုံလောက်မှု မရှိ သည် မှာ ထင် ရှား လှ သည်။ အဘယ်ကြောင့်ဆိုသော်–ဆိုရှယ်လစ်စာပေသည် ၁၈၄၇ ခု

နှစ်အထိသာ ရောက်သောကြောင့်ဖြစ်သည်။ နိုင်ငံရေးအခြေအနေသည် လုံးဝပြောင်းလဲခဲ့ပြီးဖြစ်၍၊ သမိုင်းတိုးတက် ဖြစ်ပေါ်မှုက ကြေညာစာတမ်းတွင် ဖော်ပြထားသော နိုင်ငံရေးပါတီများစွာကို ဖယ်ရှားပစ်ခဲ့ပြီးဖြစ်သောကြောင့်ကွန်မြူနစ်များ၏အသီးသီးသောဆန့်ကျင်ဘက် ပါတီများနှင့်ဆက်သွယ်မှု (အပိုင်း၄)နှင့်ပတ်သက်သောမှတ်ချက်များသည် မူအရမှန်နေသော်လည်း လက်တွေ့ လုပ်ငန်းစဉ်မှာမူ ခေတ်မမီတော့ပေ။

သို့ရာတွင် ထိုသို့ဖြစ်ပါက ကြေညာစာတမ်းသည် ကျွန်တော်တို့တွင် ပြင်ဆင်ခွင့်တစုံတရာမရှိတော့သော သမိုင်းစာတမ်းတစောင်ဖြစ်လာပေသည်။ ၁၈၄၇ခုနှစ်မှ မျက်မှောက်ကာလအထိ ပေါင်းကူးပေးသောနိဒါန်းပါရှိသည် နောက်ထပ်ရိုက်နှိပ်သည့် ကြေညာစာတမ်း ထွက်ကောင်း ထွက် လာ ပေမည်၊ ဤအကြိမ်ရိုက်နှိပ်ခြင်းသည် ထိုသို့သောနိဒါန်းရေးသားရန်အတွက် အချိန်ယူနိုင်လောက်အောင်အခွင့်အရေးမရခဲ့ပေ။

ကာလ်မာက်စ် ဖရက်ဒရစ်အိန်ဂျယ်စ်
လန်ဒန်မြို့
၁၈၇၂ခု၊ဇွန်လ—၂၄-ရက်နေ့။

၁၈၈၂ခုနှစ်ရုရှားဘာသာရိုက်စာအုပ်နိဒါန်း(၆)။

ကွန်မြူနစ်ပါတီကြေညာစာတမ်း၏ပဌမဆုံးရုရှားဘာသာရိုက်စာအုပ်ကို ဘာကူနင်က ဘာသာပြန်ဆို၍ ခြောက်ဆယ်ခုနှစ်များစောစောပိုင်း(၇)တွင် ကိုလိုကိုလ်(၈)ပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်၊ ထိုအခါကအနောက် နိုင်ငံများက (ကြေညာစာတမ်းရုရှားဘာသာရိုက်စာအုပ်)တွင် စာပေအထူးအဆန်းတခုအဖြစ်သာ တွေ့မြင်နိုင်ကြသည်၊ ဤသို့သော အမြင်မျိုးသည် ယခုအခါဖြစ်နိုင်လိမ့်မည်မဟုတ်တော့ပေ။

ထိုအခါ(၁၈၄၇ခုနှစ် ဒီဇင်ဘာလ)က ပစ္စည်းမဲ့လူတန်းစားအရေးတော်ပုံသည် အဘယ်မျှကန့်သတ်သောနယ်ပယ်၌ တည်ရှိနေသေးသည်ကို ကြေညာစာတမ်း၏နောက်ဆုံးအပိုင်းကအလွန်ရှင်းစွာဖော်ပြပေသည်။ တိုင်း ပြည်အသီးသီး တွင်ရှိသောဆန့်ကျင်ဘက်ပါတီများနှင့် ဆက်သွယ်မှုတွင် ကွန်မြူနစ်များ၏အနေအထားကို ဖော်ပြသည့်အပိုင်းဖြစ်သည်၊ ရုရှားနှင့်အမေရိကန်ပြည်ထောင်စုတို့ ဤထဲ၌မပါဝင်ခဲ့ပေ၊ ရုရှားပြည်သည်ဥရောပတိုက်ဖောက်ပြန်ရေးအားလုံး၏ နောက်ဆုံး အရံအင်အားကြီးဖြစ်၍ အမေရိကန်ပြည်ထောင်စုသည် ဥရောပတိုက်မှ ပို့လျှံသော ပစ္စည်းမဲ့လူတန်းစား အင်အားစုများကို ဝင်ရောက်နေထိုင်ခြင်းအားဖြင့် သိမ်းကြုံး လက်ခံ နေ သော

အချိန်ဖြစ်သည်။ ဤတိုင်းပြည်နှစ်ပြည်လုံးသည် ဥရောပတိုက်အား ကုန်ကြမ်း ပစ္စည်းများ ထောက်ပံ့၍ တချိန်တည်းတွင် ဥရောပ တိုက် ၏ စက်မှု လုပ်ငန်းတွက် ကုန်များ ရောင်းချရေးအတွက် ဈေးကွက်များပေးခဲ့သည်၊ ထိုအချိန်တွင်—တိုင်းပြည်နှစ်ပြည်လုံးသည် တနည်းမဟုတ်လျှင်၊ တနည်းအားဖြင့် ဥရောပတိုက် တည်ရှိနေသည့် စနစ်၏ ထောက် များ ဖြစ် ခဲ့လေသည်။

ယခုအခါအဘယ်မျှ ခြားနားခဲ့ပါသနည်း၊ ဥရောပတိုက်မှလူများ ဝင်ရောက်နေထိုင်မှုသည် မြောက်အမေရိကတိုက်ရောမ လယ်ယာ ကုန်ထုတ်လုပ်ရေးအတွက် အလွန် ကိုက် ညီကောင်းမွန်ခဲ့သည်၊ အမေရိကတိုက်၏ ပြိုင်ဆိုင်မှုက ဥရောပတိုက်မြေစိုက်ပစ္စည်းအကြီးအငယ်အားလုံး၏ အခြေခံ အုတ်မြစ်များကို လှုပ်ခါလျက်ရှိသည်။ ထို့အပြင် ယခု အချိန်အထိတည်ရှိနေသည့်အနောက် ဥ ရော ပ တိုက်နှင့်အထူးသဖြင့်ဖြင့် အင်္ဂလန်ပြည်၏ စက်မှုလုပ်ငန်း လက် ဝါး ကြီး အုပ်မှု ကို တိုတောင်းသောအချိန်အတွင်း၌ ချိုးဖောက်ပစ်မည့် စွမ်းအားနှင့် အတိုင်းအတာပမာဏတို့ဖြင့် အမေရိကတိုက်၏ စက်မှုလုပ်ငန်းသဘာဝအင်အားလမ်းစများကို ဖော်ထုတ် အသုံးချနိုင်စေခဲ့သည်။ ဤအခြေအနေနှစ်ရပ်လုံးက အမေရိက တိုက်ပေါ်တွင် တော်လှန်ရေးနည်းမျိုးဖြင့် တုံ့ပြန်စေခဲ့သည်၊ နိုင်ငံရေးဖွဲ့စည်းပုံ တရပ်လုံး၏ အခြေခံဖြစ်သည့် လယ်သမားများ၏ အငယ်

စားနှင့်အလတ်စားမြေပိုင်ဆိုင်မှုသည် ရောမ လယ်ယာများ၏ ပြိုင်ဆိုင်မှုအောက်သို့ တဆင့်ပြီးတဆင့် အညံ့ ခံခဲ့ရလေသည်။ ဤတပြိုင်တည်းတွင် စက် မှု လုပ် ငန်း ဒေသများ၌ ပဌမဆုံးအကြိမ်အားဖြင့် ပစ္စည်းမဲ့လူတန်းစားလူထုကြီးနှင့် ငွေ ရင်းများရောမစုစည်းမှုကြီးဖြစ်ပေါ်လာလျက်ရှိသည်။

ယခုရုရှားပြည်ကိုကြည့်ကြဦးစို့၊ ၁၈၄၈-၄၉ခုနှစ်တော်လှန်ရေးအတွင်း၌ ဥရောပမင်းညီမင်းသားများသာမကဘဲ၊ ဥရောပတိုက်ဓနရှင် လူတန်းစားသည်လည်း နိုးကြားလာစ ဖြစ်သည့် ပစ္စည်းမဲ့လူတန်းစားလက်မှသူတို့အားကယ်တင်မှုကို ရုရှားဝင် ရောက်စွက်ဖက်မှု၌သာ တွေ့ရှိ ကြ လေ သည်။ ဇာ ဘုရင် ကို ဥရောပဖောက်ပြန်ရေး၏ ဗိုလ်ချုပ်အဖြစ် ထုတ်ပြန် ကျေညာခဲ့သည်၊ ယခုအခါသူသည် ဂတ်ချီနာ (၉)တွင် တော်လှန်ရေးစစ်၏ သုံ့ပန်းအကျဉ်းသား တယောက်ဖြစ်လေသည်။ ရုရှားသည်ဥရောပတိုက်တွင် တော်လှန်ရေးလှုပ်ရှားမှု၏ တပ်ဦးဖြစ်လာပေသည်။

ကွန်မြူနစ် ကျေညာစာတမ်းတွင် ခေတ်သစ်ဓနရှင် လူတန်းစားပစ္စည်း၏မလွဲမသွေ ကျရောက်တော့မည့် ပျက်စီးမှုကို ထုတ်ပြန်ကျေညာရန်-ယင်း၏ရည်ရွယ်ချက်ထားရှိခဲ့သည်။ သို့ရာတွင်ရုရှားပြည်၌ လျင်မြန်စွာဖြစ်ပေါ် တိုး တက် လာလျက်ရှိသည့်အရင်းရှင်ကလိမ်ကျမှုနှင့်ဖြစ်ပေါ် တိုးတက်စပြုလာသည့် ဓနရှင်မြေစိုက်ပစ္စည်းတို့နှင့် မျက်နှာချင်းဆိုင်၍ လယ်သမားများက လယ်မြေတဝက်ကျော် ဘုံပိုင်ဆိုင်မှုကို တွေ့ရှိရလေ

အချိန်ဖြစ်သည်။ ဤတိုင်းပြည်နှစ်ပြည်လုံးသည် ဥရောပတိုက်အား ကုန်ကြမ်း ပစ္စည်းများ ထောက် ပံ့ ၍ တချိန်တည်းတွင် ဥ ရော ပ တိုက် ၏ စက် မှု လုပ်ငန်းထွက် ကုန်များ ရောင်းချရေးအတွက် ဈေးကွက်များပေးခဲ့သည်၊ ထိုအချိန်တွင်–တိုင်းပြည်နှစ်ပြည်လုံးသည် တနည်းမဟုတ်လျှင်၊ တနည်းအားဖြင့် ဥရောပတိုက် တည်ရှိနေသည့် စနစ်၏ ထောက် များ ဖြစ် ခဲ့လေသည်။

ယခုအခါအဘယ်မျှ ခြားနားခဲ့ပါသနည်း၊ ဥရောပတိုက်မှလူများ ဝင် ရောက် နေ ထိုင် မှု သည် မြောက်အမေရိကတိုက်ရောမ လယ်ယာ ကုန်ထုတ်လုပ်ရေးအတွက် အ လွန် ကိုက် ညီကောင်းမွန်ခဲ့သည်၊ အမေရိကတိုက်၏ ပြိုင်ဆိုင်မှုက ဥရောပတိုက်မြေစိုက်ပစ္စည်းအကြီးအငယ်အားလုံး၏ အခြေခံ အုတ်မြစ်များကို လှုပ်ခါလျက်ရှိသည်။ ထို့အပြင် ယခု အချိန်အထိတည်ရှိနေသည့်အနေဘက် ဥ ရော ပ တိုက်နှင့်အထူးသဖြင့်ဖြင့်အင်္ဂလန်ပြည်၏ စက်မှုလုပ်ငန်း လက် ဝါး ကြီး အုပ်မှု ကို တိုတောင်းသောအချိန်အတွင်း၌ ချိုးဖောက်ပစ်မည့် စွမ်းအားနှင့်အတိုင်းအတာပမာဏတို့ဖြင့် အမေရိကတိုက်၏ စက်မှုလုပ်ငန်းသဘာဝအင်အားလမ်းစများကို ဖော်ထုတ် အသုံးချ နိုင်စေခဲ့သည်။ဤအခြေအနေနှစ်ရပ်လုံးက အမေရိက တိုက်ပေါ်တွင် တော်လှန်ရေးနည်းမျိုးဖြင့် တုံ့ပြန်စေခဲ့သည်၊နိုင်ငံရေးဖွဲ့စည်းပုံတရပ်လုံး၏ အခြေခံဖြစ်သည့် လယ်သမားများ၏ အငယ်

စားနှင့်အလတ်စားမြေပိုင်ဆိုင်မှုသည် ရောမ လယ်ယာများ၏ ပြိုင်ဆိုင်မှုအောက်သို့ တဆင့်ပြီးတဆင့် အညှံ့ ခံခဲ့ရလေသည်။ ဤတပြိုင်တည်းတွင် စက် မှု လုပ် ငန်း ဒေသများ၌ ပဋ္ဌမဆုံးအကြိမ်အားဖြင့် ပစ္စည်းမဲ့လူတန်းစားလူထုကြီးနှင့် ငွေ ရင်းများရောမစုစည်းမှုကြီးဖြစ်ပေါ်လာလျက်ရှိသည်။

ယခုရုရှားပြည်ကိုကြည့်ကြဦးစို့၊ ၁၈၄၈–၄၉ခုနှစ်တော်လှန်ရေးအတွင်း၌ ဥရောပမင်းညီမင်းသားများသာမကဘဲ၊ဥရောပတိုက်ခံနရှင် လူတန်းစားသည်လည်း နိုးကြားလာစ ဖြစ်သည့်ပစ္စည်းမဲ့လူတန်းစားလက်မှသူတို့အားကယ်တင်မှုကို ရုရှားဝင်ရောက်စွက်ဖက်မှု၌သာ တွေ့ရှိ ကြ လေ သည်။ ဇာ ဘုရင် ကို ဥရောပဖောက်ပြန်ရေး၏ ဗိုလ်ချုပ်အဖြစ် ထုတ်ပြန် ကျေညာခဲ့သည်၊ ယခုအခါသူသည် ဂတ်ချီနာ (၉)တွင် တော်လှန်ရေးစစ်၏ သုံ့ပန်းအကျဉ်းသား တယောက်ဖြစ်လေသည်။ ရုရှားသည်ဥရောပတိုက်တွင် တော်လှန်ရေးလှုပ်ရှားမှု၏ တပ်ဦးဖြစ်လာပေသည်။

ကွန်မြူနစ် ကျေညာစာတမ်းတွင် ခေတ်သစ်နေရှင် လူတန်းစားပစ္စည်း၏မလွဲမသွေ ကျရောက်တော့မည့် ပျက်စီးမှုကိုထုတ်ပြန်ကျေညာရန်-ယင်း၏ရည်ရွယ်ချက်ထားရှိခဲ့သည်။သို့ရာတွင်ရုရှားပြည်၌ လျင်မြန်စွာဖြစ်ပေါ် တိုးတက် လာလျက်ရှိသည့်အရင်းရှင်ကလိမ်ကျမှုနှင့်ဖြစ်ပေါ် တိုးတက်စပြုလာသည့်နေရှင်မြေစိုက်ပစ္စည်းတို့နှင့် မျက်နှာချင်းဆိုင်၍ လယ်သမားများက လယ်မြေတဝက်ကျော် ဘုံပိုင်ဆိုင်မှုကို တွေ့ရှိရလေ

သည်။ ယခုပြဿနာမှာမူကြီးစွာထိခိုက်စေပြီးဖြစ်ခဲ့သော်လည်း လယ်မြေအားရှေးခေတ်ဘုံပိုင်ဆိုင်မှု အသွင်ဖြစ်သည့် ရုရှား အော့ဘရှချိနာ(၁၀)သည် ကွန်မြူနစ် ဘုံပိုင်ဆိုင်မှုပို၍ မြင့်မားသောအသွင်သို့တိုက်ရိုက် ကူးပြောင်းနိုင်မည်လော။ ဤနှင့်ဆန့်ကျင်၍အနောက်နိုင်ငံများ၏သမိုင်းရေးတစတစပြောင်းလဲဖြစ်ပေါ်မှုဖြစ်ခဲ့သည့်အတိုင်းပင် အလားတူဖျက်သိမ်းမှုဖြစ်စဉ်ကိုပဌမဖြတ်သန်းရဦးမည်လော။

ယခုအခါထိုမေးခွန်းအား ဖြစ် နိုင် သည့် တခုတည်းသော အဖြေမှာဤသို့ဖြစ်သည်၊ ရုရှားတော်လှန်ရေးသည် အနောက်နိုင်ငံများတွင် ပစ္စည်းမဲ့ လူတန်းစား တော်လှန်ရေး အတွက် အချက်ပေးဖြစ်လာခဲ့၍ တော်လှန်ရေး နှစ်ရပ်လုံးက တဦးကိုတဦး အားဖြည့်မှုဖြစ်လာခဲ့ပါလျှင်၊ မျက်မှောက်ရုရှားပြည်လယ်မြေဘုံပိုင်ဆိုင်မှုသည် ကွန်မြူနစ်ဖြစ်ပေါ် တိုးတက်မှုအတွက် စတင်ချက်အဖြစ် အလုပ်အကျွေးပြုကောင်းပြုနိုင်ပေမည်။

ကာလ်မာက်

ဖရက်ဒရစ်အိန်ဂျယ်စ်

လန်ဒန်

၁၈၈၂ ခု၊ ဇန်နဝါရီ ၂၁-ရက်နေ့။

၁၈၈၃ ခုနှစ် ဂျာမန်ဘာသာရိုက်စာအုပ်နိဒါန်း (၁၁)။

မျက်မှောက်အကြိမ်ရိုက် စာအုပ်နိဒါန်းကို-ငါတယောက်တည်းလက်မှတ်ထိုးရပေမည်။ ဥရောပတိုက်နှင့် အမေရိကတိုက်ရှိ အလုပ်သမား လူတန်းစားတရပ်လုံးက အခြားသူ တဦးတယောက်ထက်ပို၍ ကျေးဇူးရှိသော မာက်စ်သည် ဟိုင်းဂိတ်သချိုင်း၌ အနားယူသွားခဲ့ပြီဖြစ်သည်၊ သူ၏မြေပုံပေါ်တွင် ပဌမဆုံးမြက်ပင်များပေါက်လျက်ရှိပေသည်၊ သူအနိစ္စရောက်ခဲ့သဖြင့် ကျေညာစာတမ်းအား ပြန်လည်ပြုပြင်ရေး၊ သို့မဟုတ် ဖြည့်စွက်ရေးကို သာ၍ပင်မတွေ့နိုင်တော့ပေ၊ ဤတွင်အောက်ပါတို့ကို တိတိလင်းလင်း ထပ်မံဖော်ပြရန် လိုအပ်သည်ဟုပို၍ စဉ်းစားမိပေသည်။

ကျေညာစာတမ်းတလျှောက်လုံးတွင်ပါဝင်သည့် အတွေးအခေါ်မှာ စီးပွားရေးကုန်ထုတ်လုပ်ရေးနှင့် ထိုမှ လိုအပ်စွာပေါ်ပေါက်လာသည့် သမိုင်းခေတ်တိုင်း၏ လူ့ အဖွဲ့ အစည်းအဆောက်အအုံသည် ထိုခေတ်၏ နိုင်ငံရေးနှင့် အသိဉာဏ်ပညာရေးသမိုင်းအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ အကျိုးဆက်အားဖြင့် (ရှေးဦးခေတ်မြေယာဘုံပိုင်ဆိုမှုဖျက်သိမ်းလိုက်သည်မှစ၍) သမိုင်းအားလုံးသည် လူတန်းစား တိုက်ပွဲများသမိုင်း၊ သွေးစုတ်ချယ်လှယ်ခံနှင့် သွေးစုတ်ချယ်လှယ်သူတို့၏ တိုက်ပွဲများသမိုင်း၊ လူမှု ဖြစ်ပေါ် တိုး တက် ရေး အဆင့်

များအသီးသီးတွင် အုပ်စိုးခံ နှင့် အုပ်စိုး သူ လူ တန်း စား များတို့၏ တိုက်ပွဲများ သမိုင်း ဖြစ် သည်၊ သို့သော် ယခုအခါ ဤတိုက်ပွဲသည် သွေးစုတ်ချယ်လှယ်ခံနှင့် အဖိနှိပ်ခံ လူတန်း စား (ပစ္စည်းမဲ့လူတန်းစား)က တချိန်တည်းတွင် သွေးစုတ်ချယ်လှယ်မှု၊ ဖိနှိပ်မှုနှင့် လူတန်းစားတိုက်ပွဲများမှ လူ့အဖွဲ့ အစည်းတရပ်လုံးအား ထာဝစဉ်လွတ်မြောက်စေခြင်းမရှိဘဲ၊ သွေးစုတ်ချယ်လှယ်ဖိနှိပ်သည့်(ခနရှင်) လူတန်းစားအောက်မှ မိမိကိုယ်ကို လွတ်မြောက်စေနိုင်မည် မဟုတ်သည့် အဆင့်သို့ ရောက်ရှိခဲ့လေသည်။ ဤအခြေခံအယူအဆသည် မာက်စ်၏ အယူအဆလုံးလုံးလျားလျားဖြစ်ပေသည်။ (က)

ဤအချက်ကို အကြိမ်များစွာဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ယခု ဤအချက်သည် ကြေညာစာတမ်း ကိုယ် တိုင် ၏ ရှေ့မျက်နှာတွင်တည်ရှိရန်လိုအပ်လှပေသည်။

အက်ဖ်၊အိန်ဂျယ်စ်

လန်ဒန်မြို့၊
၁၈၈၃ ခု၊ ဇွန်လ-၂၈။

(က)။ ။"ဤအဆိုပြုချက်ကို" အင်္ဂလိပ် ဘာသာ ရိုက် စာ အုပ် နိဒါန်းတွင် ရေးသားခဲ့သည့်"ဒါဝင်၏သဘောတရားက ပါဏဗေဒ အတွက် အကျိုးပြုခဲ့သကဲ့သို့၊ ဤအဆိုပြုချက်ကလည်း သမိုင်းကိုအကျိုး

၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာရိုက်စာအုပ်နိဒါန်း။

ကြေညာစာတမ်းကို လုပ်သားများ အစည်းအရုံးဖြစ်သည့် "ကွန်မြူနစ်အစည်းအရုံး"၏ လမ်းစဉ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်၊ ပဌမဦးစွာ ဂျာမန် ဘာ သာ သက် သက် ဖြင့် ရိုက်နှိပ်ခဲ့သည်၊ ထိုနောက်တွင် အနိုင်နိုင်ငံဘာသာများနှင့် ရိုက်နှိပ်လာသည်၊ ၁၈၄၈ခုနှစ်မကိုင်မီ ဥရောပတိုက်၏ နိုင်ငံရေး အခြေအနေများအောက်၌ "ကွန်မြူနစ်အစည်းအရုံး"သည် လျှို့ဝှက် အဖွဲ့ အစည်းတခု မလွဲမရှောင်သာ ဖြစ် ခဲ့ ရ သည်။

ပြုရမည်ဟု မုချဖြစ်သည်။ ငါတို့နှစ်ဦးလုံးသည် ၁၈၄၅ ခုနှစ်မတိုင်မီ နှစ်များစွာက တဖြေးဖြေး ချဉ်းကပ်လာ လျက် ရှိ ခဲ့ သည်၊ ငါတဦးတည်းက ဤအချက်သို့မည်မျှ ခရီးရောက်စွာ တိုးတက်လာခဲ့သည်ကို ငါ၏"အင်္ဂလန်တွင် အလုပ်သမားလူတန်းစား၏အခြေအနေ" စာတမ်းက အကောင်းဆုံး ဖော်ပြသည်၊ သို့ရာတွင် ၁၈၄၅ ခု နွေဦးပေါက်တွင် ဘရပ်ဆဲလ်၌ မာက်စ် နှင့် တွေ့ဆုံသောအခါတွင် သူက ဤအချက်ကို ချမှတ်ထားပြီးသားဖြစ်လေသည်။ ဤနေရာ၌ငါဖော်ပြသကဲ့သို့ပင် ရှင်းလင်းပြတ်သားစွာ ဖော်ပြထား သည့်စာတမ်းကို ငါ့အားပြခဲ့သည်"။(၁၈၉၀ ပြည့် နှစ် ဂျမန်ဘာသာရိုက် စာအုပ် တွင် အိန်ဂျယ်စ်၏မှတ်ချက်)

များအသီးသီးတွင် အုပ်စိုး ခံ နှင့် အုပ် စိုး သူ လူ တန်း စား များတို့၏ တိုက်ပွဲများ သမိုင်း ဖြစ် သည်၊ သို့သော် ယခုအခါ ဤတိုက်ပွဲသည် သွေးစုတ်ချယ်လှယ်ခံနှင့် အဖိနှိပ်ခံ လူတန်းစား (ပစ္စည်းမဲ့လူတန်းစား)က တချိန်တည်းတွင် သွေးစုတ်ချယ်လှယ်မှု၊ ဖိနှိပ်မှုနှင့် လူတန်းစားတိုက်ပွဲများမှ လူ့အဖွဲ့အစည်းတရပ်လုံးအား ထာဝစဉ်လွတ်မြောက်စေခြင်းမရှိဘဲ၊ သွေးစုတ်ချယ်လှယ်ဖိနှိပ်သည့်(ခနရှင်) လူတန်းစားအောက်မှ မိမိကိုယ်ကို လွတ်မြောက်စေနိုင်မည် မဟုတ်သည့် အဆင့်သို့ ရောက်ရှိခဲ့လေသည်။ ဤအခြေခံအယူအဆသည် မာက်စ်၏ အယူအဆလုံးလုံးလျားလျားဖြစ်ပေသည်။ (က)

ဤအချက်ကို အကြိမ်များစွာဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ယခု ဤအချက်သည် ကျေညာစာတမ်း ကိုယ် တိုင် ၏ ရှေ့မျက်နှာတွင်တည်ရှိရန်လိုအပ်လှပေသည်။

အက်ဖ်၊အိန်ဂျယ်စ်

လန်ဒန်မြို့၊
၁၈၈၃ ခု၊ ဇွန်လ-၂၈။

(က)။ ။"ဤအဆိုပြုချက်ကို" အင်္ဂလိပ် ဘာသာ ရိုက် စာ အုပ် နိဒါန်းတွင် ရေးသားခဲ့သည့်"ဒါဝင်၏သဘောတရားက ပါဏဗေဒ အတွက် အကျိုးပြုခဲ့သလို၊ ဤအဆိုပြုချက်ကလည်း သမိုင်းကိုအကျိုး

၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာရိုက်စာအုပ်နိဒါန်း။

ကျေညာစာတမ်းကို လုပ်သားများ အစည်းအရုံးဖြစ်သည့် "ကွန်မြူနစ်အစည်းအရုံး"၏ လမ်းစဉ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်၊ ပဌမဦးစွာ ဂျာမန် ဘာ သာ သက် သက် ဖြင့် ရိုက်နှိပ်ခဲ့သည်၊ ထိုနောက်တွင် အနိုင် နိုင်ငံဘာသာများနှင့် ရိုက်နှိပ်လာသည်၊ ၁၈၄၈ခုနှစ်မကိုင်မီ ဥရောပတိုက်၏ နိုင်ငံရေးအခြေအနေများအောက်၌ "ကွန်မြူနစ်အစည်းအရုံး"သည် လျှို့ဝှက် အဖွဲ့ အစည်းတခု မလွဲမရှောင်သာ ဖြစ် ခဲ့ ရ သည်။

ပြုရမည်ဟု မုချဖြစ်သည်။ ငါတို့နှစ်ဦးလုံးသည် ၁၈၄၅ ခုနှစ်မတိုင်မီနှစ်များစွာက တဖြေးဖြေး ချဉ်းကပ်လာ လျက် ရှိ ခဲ့ သည်၊ ငါတဦးတည်းက ဤအချက်သို့မည်မျှ ခရီးရောက်စွာ တိုးတက်လာခဲ့သည်ကို ငါ၏"အင်္ဂလန်တွင် အလုပ်သမားလူတန်းစား၏အခြေအနေ" စာတမ်းက အကောင်းဆုံး ဖော်ပြသည်၊ သို့ရာတွင် ၁၈၄၅ ခု နွေဦးပေါက်တွင် ဘရပ်ဆဲလ်၌ မာက်စ် နှင့် တွေ့ဆုံသောအခါတွင် သူက ဤအချက်ကို ချမှတ်ထားပြီးသားဖြစ်လေသည်။ ဤနေရာ၌ငါဖော်ပြသကဲ့သို့ပင် ရှင်းလင်းပြတ်သားစွာ ဖော်ပြထား သည့်စာတမ်းကို ငါ့အားပြခဲ့သည်"။(၁၈၉၀ ပြည့် နှစ် ဂျမန်ဘာသာရိုက် စာ အုပ် တွင် အိန်ဂျယ်စ်၏မှတ်ချက်)

၁၈၄၇ ခုနှစ်- နိုဝင်ဘာလတွင် လန်ဒန်မြို့၌ ကျင်းပခဲ့သည့် အစည်းအရုံး၏ ကွန်ဂရက်တွင် မာက်စ်နှင့် အိန်ဂျယ်စ်တို့အား ပြည့်စုံသော ပါတီသဘောတရားရေးနှင့်လက်တွေ့လုပ်ငန်းစဉ် တရပ်ထုတ်ပြန်ရေးအတွက် ပြင်ဆင်ရန် အာဏာပေးခဲ့သည်၊ ၁၈၄၈ ခုနှစ် ဇန်နဝါရီလတွင် ဂျာမန်ဘာသာဖြင့် ရေးဆွဲခဲ့သည့် စာမူကို ဖေဖေါ်ဝါရီလ ၂၄ ရက်နေ့ ပြင်သစ်တော်လှန်ရေးမတိုင်မီရက်သတ္တပတ်အနည်းငယ်စော၍ လန်ဒန်ပုံနှိပ်သူထံသို့ပေးပို့ခဲ့သည်။ ၁၈၄၈ ခုနှစ် ဇွန်လပုန်ကန်မှုမတိုင်မီကလေးမှာပင် ပဲရစ်မြို့တွင် ပြင်သစ်ဘာသာပြန်ကိုထုတ်ခဲ့သည်၊ မစ္စဟဲလင်မက်ဖါလိန်ပြန်ဆိုသော ပဌမဆုံး အင်္ဂလိပ် ဘာသာပြန်စာမူကို ၁၈၅၀ ပြည့်နှစ်တွင် ဂျော့ဂျူလံဟာနီ၏ "ရက်ဒီပတ်ဘလီကင်" ၌ ထည့်သွင်းဖေါ်ပြခဲ့သည်၊ ဒိန်မတ်ဘာသာနှင့် ပိုလန်ဘာသာရိုက် စာအုပ်များကိုလည်း ပုံနှိပ်ထုတ်ဝေခဲ့သည်။

ပစ္စည်းမဲ့လူတန်းစားနှင့်ဓနရှင်လူတန်းစားတို့၏ ပဌမဆုံး တိုက်ပွဲဖြစ်သည့် ၁၈၄၈ ခုနှစ် ဇွန်လတွင် ပဲရစ်မြို့ပုန်ကန်မှုကြီး အရေးရှုံးနိမ့်မှုက ဥရောပတိုက် အလုပ်သမားလူတန်းစား၏ လူမှုရေးနှင့်နိုင်ငံရေးဆန္ဒများကို ခေတ္တခဏမျှ နောက်ပိုင်းသို့ တဖန်တွန်းပို့ခံခဲ့ရလေသည်။ ထိုအချိန်မှစ၍ အချုပ်အချာ အာဏာရရှိရေးတိုက်ပွဲသည် ဖေဖေါ်ဝါရီလ တော်လှန်ရေး မတိုင်မီကကဲ့သို့ပင် ပစ္စည်းရှိလူတန်းစား၏အစိတ် အပိုင်းများ

အသီးသီးကြားတွင်ဖြစ်ပွားခဲ့သည်၊ အလုပ်သမားလူတန်းစားကို နိုင်ငံရေးလှုပ်သာလှည့်သာသည့်နေရာအတွက် တိုက်ပွဲဝင်ရသည့် အခြေသို့ရောက်စေခဲ့သည်၊ လူလတ်တန်းစား ရေဒီကယ်များ၏ အလွန်အကျွံဂိုဏ်းအခြေသို့ရောက်ရှိစေသည်။ လွတ်လပ်သော ပစ္စည်းမဲ့လူတန်းစား အရေးတော်ပုံများ အသက်ဝင်သည့် သက်သေတများဆက်လက်ဖေါ်ပြသည့်နေရာတိုင်းတွင် သူတို့ကိုရက်စက်စွာ လိုက်လံ နှိမ်နင်းပစ်ခဲ့သည်။ ဤသို့ဖြင့် ပရပ်ရှင်ပုလိပ်အဖွဲ့က ထိုအခါက ကိုလုံတွင် တည်ရှိခဲ့သည့် ကွန်မြူနစ်အစည်းအရုံးဗဟိုဘုတ်အဖွဲ့ကို လိုက်လံနှိမ်နင်းခဲ့သည်၊ အဖွဲ့ဝင်များကို ဖမ်းဆီးခဲ့သည်၊ သူတို့အား ၁၈လကြာမျှ ချုပ်ထားပြီးသည့်နောက်၌ ၁၈၅၂ ခုနှစ် အောက်တိုဘာလတွင် သူတို့ကိုစစ်ဆေးခဲ့သည်၊ ဤထင်ရှားကျော်စောသော "ကိုလုံ ကွန်မြူနစ်စစ်ဆေးမှု"သည် အောက်တိုဘာလ ၄ ရက်နေ့မှ နိုဝင်ဘာလ ၁၂ ရက်နေ့အထိကြာခဲ့သည်။ အကျဉ်းသားများအနက် (၇)ယောက်ကို သုံးနှစ်မှ ခြောက်နှစ်အထိအပစ်ပေး၍ ခံတပ်တခုတွင်ထောင်ချထားခဲ့သည်၊ ဤအပြစ်ပေးပြီးသည့်နောက်၌ ချက်ချင်းလိုပင် အစည်းအရုံးကို ကျန်အဖွဲ့ဝင်များက တရားဝင်ဖျက်သိမ်းခဲ့သည်။ ကျေညာ စာတမ်းမှာမူ ထိုအခါမှစ၍ မထင်မရှားပျောက်ကွယ်ရတော့မည့် ကံကြမ္မာနှင့် တွေ့လိမ့်မည်ဟုထင်ခဲ့ရလေသည်။

ဥရောပတိုက် အလုပ်သမားလူတန်းစားသည် အုပ်စိုးသည့်

လူတန်းစားများအား နောက်ထပ် တိုက်ခိုက်ရေး အတွက် လုံလောက်သော အင်အား ပြန်လည် ရရှိလာသော အခါတွင် နိုင်ငံတကာလုပ်သားများ အစည်းအရုံးပေါ်ပေါက်လာခဲ့သည်။ သို့ရာတွင် ဥရောပတိုက်နှင့် အမေရိကတိုက်ရှိ နိုးကြားသော ပစ္စည်းမဲ့လူတန်းစားတရပ်လုံးအား တဖွဲ့တည်း၌ ပါဝင်ရေး အတွက် ဖေါ်ပြုထားသော ရည်မှန်းချက်နှင့်ဖွဲ့စည်းထားခဲ့သည့် ဤအစည်းအရုံးသည် ကျေညာစာတမ်းတွင် ချမှတ်ထားသောမူများကို ချက်ချင်းထုတ်ပြန်ကျေညာခြင်းမပြုနိုင်ခဲ့ပေ။ ဤနိုင်ငံတော်အဖွဲ့အစည်းတွင် အင်္ဂလိပ်အလုပ်သမားသမဂ္ဂများ၊ ပြင်သစ်၊ ဘဲလ်ဂျီယံ၊ အီတလီနှင့်စပိန်တို့တွင် ဗရောက်ဒန်၏ နောက်လိုက်များနှင့် ဂျာမဏီတွင်လာဆာလီယင်များ(က)တို့လက်ခံနိုင် လောက်အောင် ကျယ်ပြန့်သော လုပ်ငန်းစဉ်တရပ်ရှိရမည် မုချဖြစ်ပေသည်၊ ပါတီများအားလုံးက ကြေနပ်လက်ခံနိုင်အောင် ဤလုပ်ငန်းစဉ်ကို ရေးဆွဲခဲ့သူ မာက်စ်သည် ပူးပေါင်းဆောင်

(က)။ ။လာဆာလီကိုယ်တိုင်က မာက်စ်၏ တပည့်တယောက်ဖြစ်ကြောင်းကို အမြဲတန်း အသိအမှတ်ပြုခဲ့သည်။ ဤသို့ဖြင့် ကျေညာစာတမ်းအခြေခံပေါ်တွင်ရပ်တည်ခဲ့သည်၊သို့ရာတွင်၁၈၆၂-၆၄ခုနှစ်ကာလ၊ သူ၏ပြည်သူ့လှုံ့ဆော်မှုတွင် နိုင်ငံတော်ချေးငွေကထောက်ပံ့ထားသည့် သမပါယမအလုပ်ရုံများ တောင်းဆိုမှုထက် မပိုခဲ့ပေ။ (အိန်ဂျယ်လ်စ်၏ မှတ်ချက်)

ရွက်မှုနှင့်အပြန်အလှန်ဆွေးနွေးမှုမုချအကျိုး သက်ရောက်ရမည့် အလုပ်သမား လူတန်းစား၏ အသိဉာဏ်ပညာ တိုးတက်မှု လုံးဝယုံကြည်ကိုးစားခဲ့သည်၊ ငွေရင်းအား ဆန့်ကျင်တိုက်ပွဲဝင်သည့်ဖြစ်ရပ်များနှင့် အပြောင်းအလဲများ၊ အောင်ပွဲများထက်ပို၍ပင်အရေးနိမ့်မှုများက သူတို့၏သီးသီးကြိုက်နှစ်သက်သော ကုထုံးများသည် လုံလောက်မှုမရှိသေးကြောင်းကို သူတို့စိတ်နှလုံးထဲ၌ မဖြစ်ပေါ်ဘဲမနေနိုင်ပေ၊ အလုပ်သမား လူတန်းစား လွတ်မြောက်ရေးစစ်မှန်သော အခြေအနေများထဲသို့ ပို၍ပြည့်စုံစွာ နက်နက်နဲနဲမြင်နိုင်ရေးအတွက် နည်းလမ်းကိုပြင်ဆင်လျက်ရှိသည်၊ မာက်စ်သည် မှန်ကန်ပေသည်၊ နိုင်ငံတကာအဖွဲ့ချုပ်သည် ၁၈၇၄-ခုနှစ်၌ ဖျက်သိမ်းလိုက်ရာတွင် အလုပ်သမားများကို ၁၈၆၄ခုနှစ် အဖွဲ့ချုပ် တည်ထောင်ချိန်၌ တွေ့ရှိခဲ့ရသည့် အခြေအနေမှ များစွာခြားနားသောလူများအဖြစ် ချန်ထားခဲ့လေသည်။ပြင်သစ်ပြည်တွင် ဗရောက်ဒန်ဝါဒ ဂျာမဏီတွင် လာဆာလီယင်ဝါဒတို့သည် ချုပ်ငြိမ်းလျက်ရှိလေသည်။ အယူသီးသော အင်္ဂလိပ်အလုပ်သမား သမဂ္ဂများသည်ပင် နိုင်ငံတကာအဖွဲ့ချုပ်နှင့်သူတို့များစွာသည် အဆက်အသွယ်ဖြတ်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ထိုအချက်သို့ တဖြေးဖြေးချီတက်လျက်ရှိကြသည်၊ ဆွမ်စီးတွင် လွန်ခဲ့သော နှစ်က သူတို့၏ကိုယ်စား သူတို့၏ဥက္ကဋ္ဌက "ဥရောပတိုက်ဆိုရှယ်လစ်ဝါဒသည် ငါတို့အတွက်ယင်း၏ကြောက်စရာများ မရှိတော့ပြီ"ဟုပြောဆိုနိုင်ခဲ့သည်။ စင်စစ်အားဖြင့် ကျေညာ

စာတမ်း၏မူများသည် တိုင်းပြည်များအား လုံး မှ လုပ် သား လူထုများထဲတွင် အတော်ပင်ခရီးရောက်ခဲ့လေသည်။

ဤသို့ဖြင့် ကျေညာစာတမ်း ကိုယ်တိုင်သည် ရှေ့တန်းသို့ တဖန်ထွက်လာပြန်သည်၊ ဂျာမန်စာမူသည် ၁၈၅၀ပြည့် နှစ်မှစ၍ ဆွစ်ဇာလင်၊ အင်္ဂလန် နှင့် အမေရိကတို့တွင် အကြိမ်များစွာ ထပ်မံရိုက်နှိပ်ခဲ့သည်။ ၁၈၇၂-ခုနှစ်တွင် - ယင်းကို နယူးရော့မြို့၌ အင်္ဂလိပ်ဘာသာသို့ပြန်ဆို၍၊ "ဝုဒ်ဟားလ်နှင့် ကလက်ဖလင်အပတ်စဉ်"တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဤအင်္ဂလိပ်ဘာသာစာမူမှ၊ နယူးရော့မြို့–**လီဆိုရှယ်လစ်တီ** တွင်ပြင်သစ်ဘာသာသို့ ပြန်ဆိုထည့်သွင်းခဲ့သည်၊ ထိုအခါမှစ၍ အနည်းနှင့်အများ ဖြတ်တောက်ထားသည့် အင်္ဂလိပ်ဘာသာပြန်စာမူ နောက်ထပ်အနည်းဆုံးနှစ်ခုထွက်လာခဲ့သည်။ ဤအနက် စာမူယခုကို အင်္ဂလန်တွင် ပြန်လည်ပုံနှိပ်ခဲ့သည်၊ ပဌမ ဆုံး ရုရှားဘာသာပြန်စာမူကို ဘာကူနင်က ပြန်ဆို၍၊ ၁၈၆၃ ခုနှစ်ခန့်က ဂျီနီဗါတွင် ဟာဇင်၏ **ကိုလိုကိုလ်** ရုံးတွင် ပုံနှိပ် ထုတ်ဝေခဲ့သည်၊ ဒုတိယ **ဘာသာပြန်စာမူကို** ပြောင် မြောက်သော ဗီရာဇာစူလစ်ချ် (၁၅)က ၁၈၈၂-ခုနှစ်တွင် ဂျီနီဗါတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်၊ ဒိန်းမတ်ဘာသာစာမူသစ် (၁၆)တခုကို ၁၈၈၅ခုနှစ်တွင် ကိုပင်ဟာဂျင်၌ **ဆိုရှယ် ဒီမိုကရက်တစ် ဘိုင်ဘလီအိုသက်** တွင်တွေ့ရှိရသည်၊ ပြင်သစ်ဘာသာပြန် အသစ် တခုကို၁၈၈၆ခုနှစ်ပဲရစ်မြို့ **လီဆိုရှယ်လစ်တီ**(၁၇)တွင် တွေ့ရှိရ

သည်။ ဤနောက်စာမူမှစပိန်ဘာသာသို့ပြန်ဆို၍ ၁၈၈၆ ခုနှစ် မက်ဒရစ်မြို့တွင်ပုံနှိပ်ထုတ်ဝေခဲ့သည်။ဂျာမန်ဘာသာဖြင့် ပြန်ရိုက်သည့်အကြိမ်များကိုမူ ရေတွက်၍မလိုတော့ပေ၊ အနည်းဆုံးအားဖြင့် တဆယ့် နှစ်ကြိမ် ရှိ လေ သည်၊ လွန်ခဲ့သောလအနည်းငယ်က အာမေနီယာဘာသာပြန်စာမူသည်ထွက်မလာနိုင်ခဲ့ပေ၊ပုံနှိပ်ထုတ်ဝေသူကလည်း မာက်စ် အ မည် ပါသော စာအုပ်ကိုထုတ်ရန်ကြောက်ရွံ့ခဲ့သည်၊ ဘာသာပြန်သူကလည်း သူဘာသာပြန်သည်ဟုအမည်မခံလိုပေ၊ အခြား ဘာသာများသို့ ဘာသာပြန်ဆိုမှုများကို ကြားသာ ကြားရ သော် လည်း၊ မတွေ့ခဲ့ရပေ၊ ဤသို့ဖြင့်–ကျေညာစာတမ်းသမိုင်းသည် ခေတ်သစ်အလုပ်သမားလူတန်းစား အရေးတော်ပုံ၏ သမိုင်းအား အတိုင်းအတာကြီးမားစွာ ထင် ဟပ် ထားသည်၊ မျက်မှောက်ကာလတွင်- ကျေညာစာတမ်းသည် ယုံမှား သံသယ ကင်းစွာ အပျံ့နှံ့ဆုံး၊ ဆိုရှယ်လစ်စာပေအားလုံးအနက် နိုင်ငံတကာတွင်အတွက်ဆုံး၊ဆိုက်ဘေးရီးယားမှ ကာလီဖိုးနီးယား အထိ လုပ်သား လူ ထု သန်းပေါင်း များစွာက အသိအမှတ်ပြုသည့် ဘုံစင်မြင့်ဖြစ်ပေသည်။

သို့သော်-ကျေညာစာတမ်းကို ရေးသောအခါတွင် ငါတို့က **ဆိုရှယ်လစ်**ကျေညာ**စာ**တမ်းဟု မခေါ်နိုင်ခဲ့ပေ၊ ၁၈၄၇ ခုနှစ်တွင် ဆိုရှယ်လစ်များဟူသည်ကို တဘက်တွင် အမျိုးမျိုးသော စိတ်ကူးယဉ်စနစ်များအားလိုက်နာ ဆောင်ရွက်သူများ အဖြစ်

နားလည်ခဲ့ကြသည်၊ အင်္ဂလန်တွင် ဒိုဝင်ဂိုဏ်းသားများ၊ ပြင်သစ်တွင် ဖောင်ရီရာဂိုဏ်းသားများ နှစ်ဂိုဏ်းလုံးသည် ဂိုဏ်းဂဏအနေအထားသို့ရောက်ခဲ့ပြီးဖြစ်၍ တမြေးမြေး ချုပ်ငြိမ်းလျက်ရှိလေသည်။ အခြားတဘက်တွင် အမျိုးမျိုးလှစ္စာသော လူမှုရေးသမားယောင်များက အမျိုးမျိုးဖါထေးကုသခြင်းဖြင့် ငွေရင်းနှင့်အမြတ်တို့အား တစုံတရာထိခိုက်စေခြင်းမရှိဘဲ၊ လူမှုရေးမတရားမမျှတမှုများ အားလုံးကိုပြန်လည်ကုစားပေးမည်ဟု ဆိုကြသည်။ ဤနှစ်ဂိုဏ်းလုံးက အလုပ်သမားလူတန်းစား အရေးတော်ပုံ အပြင်ဘက်ရှိလူများ၊ အထူးသဖြင့် "ပညာတတ်" လူတန်းစားများအားထောက်ခံမှုအတွက် မြှော်လင့်ခဲ့ကြသည်။ နိုင်ငံရေး တော်လှန်ရေးများ သက်သက်၏ မလုံလောက်မှုကိုသက်ဝင်ယုံကြည်ခဲ့၍ လုံးလုံးလျားလျား လူမှုရေးပြောင်းလဲရေးလိုအပ်မှုကို ထုတ်ဖေါ်ပြောဆိုသော အလုပ်သမား လူတန်းစား၏ မည်သည့်အစိတ်အပိုင်းကိုမဆိုထိုအခါက မိမိကိုယ်ကို ကွန်မြူနစ်ဟု ခေါ်ကြလေသည်။ ယင်းသည်ကြမ်းတမ်း၍ အကြမ်းမျဉ်းထွင်းထားသော စိတ်ထဲ၌ အလိုလိုသိလာသည့် ကွန်မြူနစ်ဝါဒမျိုးဖြစ်လေသည်။သို့တိုင်အောင်ပင်ယင်းက အဓိကအချက်ကိုထိတွေ့ခဲ့သည်။ စိတ်ကူးယဉ်ကွန်မြူနစ်ဝါဒထွက်ပေါ်လာစေရန် အလုပ်သမား လူတန်းစားထဲ၌စွမ်းအားလုံလောက်စွာရှိခဲ့သည်၊ ပြင်သစ်ပြည်တွင် ကေဘက်နှင့် ဂျာမဏီတွင်ဝိတ်လင်တို့ဖြစ်သည်၊ဤသို့ဖြင့် ၁၈၄၇ခုနှစ်တွင် ဆိုရှယ်လစ်စနစ်သည် လူလတ်တန်းစား အရေးတော်ပုံ

ဖြစ်၍ ကွန်မြူနစ်ဝါဒသည် အလုပ်သမားလူတန်းစား အရေးတော်ပုံဖြစ်လေသည်။ ဆိုရှယ်လစ်စနစ်သည် အနည်းဆုံးအားဖြင့် ဥရောပတိုက်တွင် "လေးစားခြင်းခံရ"သည် ကွန်မြူနစ်ဝါဒသည် ဤနှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်၊ အစကနဦးမှစ၍ ငါတို့၏ခံယူချက်မှာ "အလုပ်သမား လူတန်းစား၏ လွတ်မြောက်ရေးသည် အလုပ်သမားလူတန်းစား ကိုယ်တိုင်၏ လုပ်ဆောင်မှုဖြစ်ရမည်" (၁၉)ဟူ၍ဖြစ်သည်၊ ဤအမည်နှစ်ခုအနက်တွင် ငါတို့မည်သည့် အမည်ခံယူရမည်ကို သံသယမဖြစ်နိုင်ပေ၊ ထို့အပြင်- ထိုအခါမှစ၍ ငါတို့သည် ယင်းအားပြန်လည်ချေပခြင်းမပြုတော့ပေ။

ကျေညာစာတမ်းသည် ငါတို့ပူးပေါင်းထုတ်လုပ်မှုဖြစ်သဖြင့် ယင်း၏အမြုတေဖြစ်သည့် အခြေခံ အဆိုပြုချက်သည်မာက်စ်ပိုင်ဆိုင်ကြောင်းကို ငါမုချ ဖော်ပြရမည်ဟု ယူဆပေသည်။ ထိုအဆိုပြုချက်မှာ၊သမိုင်းရေးခေတ်တိုင်းတွင်၊ လွှမ်းမိုးလျက်ရှိသည့်စီးပွားရေး ကုန်ထုတ်လုပ်ရေးနှင့်လဲလှယ်ရေးပုံစံနှင့်ယင်းမှ လိုအပ်စွာ လိုက်ပါလာသည့်လူမှုရေး အဖွဲ့အစည်းသည် ထိုခေတ်၏နိုင်ငံရေးနှင့် အသိဉာဏ် ပညာရေး သမိုင်း တည်ဆောက်ရာအခြေခံလည်း ဖြစ်သည်၊ ယင်းအခြေခံမှသာနိုင်ငံရေးနှင့် အသိဉာဏ်ပညာရေးသမိုင်းကို ရှင်းလင်းပြနိုင်ပေသည်။ အကျိုးဆက်အားဖြင့် လူ့လောက သမိုင်းတရပ်လုံးသည်(ရှေးဦးခေတ် လူမျိုးစုလိုက်အဖွဲ့အစည်း၊မြေယာဘုံပိုင်

ဆိုင်မှုတို့ကို ဖျက်သိမ်းလိုက်သည်မှစ၍) လူတန်းစား တိုက်ပွဲ များ၏ သမိုင်းဖြစ်သည်။ သွေးစုတ်ချယ်လှယ်သည့် လူတန်းစားနှင့်သွေးစုတ်ချယ်လှယ်ခံ လူတန်းစားတိုက်ပွဲ၊ အုပ်စိုးသည့် လူတန်းစားနှင့် အဖိနှိပ်ခံလူတန်းစားတို့၏ တိုက်ပွဲသမိုင်းဖြစ်သည်၊ ဤလူတန်းစားတိုက်ပွဲများ၏ သမိုင်းသည် တစတစ ပြုပြင် ပြောင်း လဲမှု များ တသီတတန်းချည်းဖြစ်သည်၊ ယခု အခါသွေးစုတ်ချယ်လှယ်ခံ - အဖိနှိပ်ခံ လူတန်းစား ဖြစ်သော ပစ္စည်းမဲ့ လူတန်းစားသည် တချိန်တည်းတွင် သွေးစုတ် ချယ်လှယ်မှု၊ ဖိနှိပ်မှု၊ လူတန်းစားခွဲခြားမှု နှင့် လူတန်းစား တိုက်ပွဲ များအားလုံးမှ လူ့အဖွဲ့အစည်းတရပ်လုံးအား အပြီး အ ပိုင် လွတ်မြောက်စေခြင်းမရှိဘဲ၊ သွေးစုတ်ချယ်လှယ် အုပ်စိုးသည့် လူတန်းစား၏ ချယ်လှယ်မှုအောက် မှ လွတ်မြောက် စေ နိုင်မည်မဟုတ်သည့် အဆင့်သို့ရောက်ရှိခဲ့လေသည်။

ဤအဆိုပြုချက်သည်ငါ၏အယူအဆတွင် ဒါဝင်၏သဘော တရားကပါ ဇာဗေဒအတွက် အကျိုးပြုခဲ့သလို၊ သမိုင်းအတွက် အကျိုးမှုချပြုမည်ဖြစ်သည်၊ ငါတို့နှစ်ဦးလုံး သည် ၁၈၄၅ ခုနှစ်မတိုင်မီ နှစ်အနည်းငယ်ခန့်ကပင် ယင်းသို့ တဖြေး ဖြေး ချဉ်းကပ်လာလျက်ရှိကြသည်၊ ငါတဦးတည်း လွတ် လပ် စွာ ချဉ်းကပ်လာလျက်ရှိကြသည်၊ ငါ၏ ယင်းအချက်ဆီသို့မည်မျှ ချဉ်းကပ် တိုးတက် ခဲ့သည်ကို၊ ငါ၏ "အင်္ဂလန်တွင် အလုပ်သမားလူတန်းစား အခြေအနေ" စာ တမ်းက အ ကောင်း ဆုံး ဖော်ပြခဲ့ သည်၊ (က) သို့ရာတွင်

၁၈၄၅ ခုနှစ် နွေဦးပေါက်၌ – ဘရပ်ဆဲလ်တွင် မာက် စ် ကို တဖန်တွေ့ရသောအခါ၌၊ သူကယင်း အဆိုပြုချက်ကို ချမှတ် ရေးဆွဲထားခဲ့ပြီးဖြစ်သည်၊ ဤနေရာ၌ ငါဖော်ပြ သကဲ့သို့ပင် ရှင်းလင်းပြတ်သားသော စကားများဖြင့် ရေးသားထားသည့် စာတမ်းကို ငါ့အားတင်ပြခဲ့လေသည်။

၁၈၉၂ ခုနှစ်ဂျာမန်ဘာသာရိုက် စာအုပ်တွင် ငါတို့ နှစ်ဦး ရေးသားခဲ့သော နိဒါန်းမှ - အောက်ပါတို့ကို ငါကိုးကား ဖော်ပြလိုပေသည်။

"အရာဝတ္ထု များ ၏ အ ခြေ အ နေ သည် လွန် ခဲ့ သော နှစ်ဆယ့်ငါးနှစ်အတွင်း၌ မည် မျှ ပြောင်းလဲ မှု ရှိစေကာမူ၊ ကြေညာစာတမ်းတွင် ချမှတ်ထားခဲ့သော ယေဘူယျ မူ များ သည်တရပ်လုံးအနေဖြင့် ယင်းအခါတိုင်း ကဲ့ သို့ပင်ယခုလည်း မှန်ကန်ပေသည်၊ ဤနေရာ၊ ထိုနေရာတို့၌အသေးစိပ်များ တိုး တက်ကောင်းမွန်အောင် ပြုပြင်ရပေမည်၊ မူများအား လက် တွေ့လိုက်နာကျင့်သုံးမှုသည် ကြေညာစာတမ်း ကိုယ် တိုင် က ဖော်ပြသကဲ့သို့ပင်၊ နေရာတကာနှင့်အချိန်ကာလတိုင်း၌၊အချိန် ကာလအလိုက်တည်ရှိနေသည့် သမိုင်းရေး အခြေအနေများ ပေါ်တွင် တည်ပေလိမ့်မည်၊ ထိုအကြောင်းကြောင့် - အခန်း ၂ ခန်းတွင် အဆိုပြုထားသော တော်လှန်ရေးအရေးယူဆောင် ရွက်မှုများပေါ်တွင် အထူးအလေးအနက်ပြုခြင်း မလုပ်ခဲ့ပေ၊

ထိုစာပိုဒ်သည် ယခုအခါဘက်များစွာ၌၊ အလွန် ခြားနား စွာ ရေးသားရပေလိမ့်မည်။ ၁၈၄၈ ခုနှစ်မှစ၍ ခေတ်မှီ စက်မှု လုပ်ငန်း ရောမှ့တိုးတက်မှုကြီးများနှင့်စက်မှုလုပ်ငန်း တိုးတက် သည်နှင့်လိုက်၍၊အလုပ်သမားလူတန်းစား၏တိုးတက်ဟောင်း မွန်တိုးချဲ့လာသောဖွဲ့စည်းမှုကို ကြည့်၍ ပဌမဦးစွာဖေဖေါ်ဝါရီ တော်လှန်ရေးနှင့် ထိုနောက်၌ ပစ္စည်းမဲ့ လူတန်းစားက နိုင်ငံ ရေး အာဏာကိုနှစ်လလုံးလုံးကိုင်ထားသည့် ပဲရစ်ကွန်မြူန်းတို့ တွင် ရရှိသော လက်တွေ့ အတွေ့အကြုံများအရဆိုလျှင် ဤလုပ် ငန်းစဉ်သည် အချို့အသေးစိပ်များ၌ ခေတ်မမှီဖြစ်လာခဲ့လေ သည်၊ ကွန်မြူန်းက အထူးသဖြင့် အချက်တချက်ကို သက်သေ ထူခဲ့သည်၊ ထိုအချက်မှာ "အလုပ်သမား လူတန်းစားသည် အသင့်ပြုလုပ်ထားပြီးဖြစ်သော နိုင်ငံတော် စက်ယန္တရားကို သာမန်ဆုပ်ကိုင်၍ ယင်း၏ ကိုယ်ပိုင်ကိစ္စများအတွက်အသုံးမချ နိုင်ပေ"ဟူ၍ ဖြစ်သည်၊(ကြည့်ပါ။**ပြင်သစ် ပြည်တွင်းစစ် နိုင်ငံ တကာလုပ်သားများ အစည်းအရုံးအထွေထွေကောင်စီ၏ မိန့်ခွန်း** လန်ဒန်မြို့၊ ထရူးလပ်ဗ်၊ ၁၈၇၁၊စာမျက်နှာ ၁၅+ ဤအချက် ကိုဆက်၍ တိုးတက် ပြုစုထားသည်) ထို့အပြင် ဆိုရှယ်လစ် စာပေဝေဖန်မှုသည် ၁၈၄၇ခုနှစ်အထိသာရေးသာထားသော ကြောင့် မျက်မှောက်အချိန်နှင့်ပတ်သက်၍ ဆိုရှယ်လစ်စာပေ ဝေဖန်မှုသည် မလုံမလောက်ဖြစ်သည်မှာ ထင်ရှားလှသည်

+။ ။ဧကာ၊မာက်စ်နှင့် အက်ဗ်၊ အိန်ဂျယ်စ်၊ လက်ရွေးစင်ကျမ်း များ၊နှစ်တွဲရိုက် ပဌမတွဲ မော်စကို၁၉၅၁၊ **စာ**မျက်နှာ ၄၆၈။

ကွန်မြူနစ်များ၏ အသီးသီးသော ဆန့်ကျင်ဘက်ပါတီများနှင့် ဆက်သွယ်မှုနှင့်ပတ်သက်၍ မှတ်ချက်များသည်မူအရ မှန်ကန် နေသေးသော်လည်း လက်တွေ့အချက်တွင် ခေတ်မမှီတော့ပေ၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေး အခြေအနေသည် လုံးဝ ပြောင်းလဲခဲ့ခြင်း၊ သမိုင်းတိုးတက် ဖြစ်ပေါ်မှုက ကျေညာ စာတမ်းတွင်ထည့်သွင်းရေတွက်ထားသော နိုင်ငံရေးပါတီများ အနက် ကြီးမားသော အစိတ် အပိုင်းကို ဖျက်သိမ်းခဲ့ခြင်းတို့ ကြောင့် ဖြစ်သည်။

"ထိုသို့ဖြစ်ပါလျှင် ကျေညာစာတမ်းသည် သမိုင်းဝင် စာတမ်းတစောင်ဖြစ်လာခဲ့သည်၊ ငါတို့တွင် ယင်းကိုပြင်ဆင် ရန် အခွင့်အရေးတစုံတရာမရှိတော့ပေ။

ယခု အင်္ဂလိပ်ဘာသာပြန်စာမူသည် မာက်စ်၏ "အရင်း ကျမ်း" ကြီးမားသော အစိတ် အပိုင်းအား ဘာသာပြန်သူ မစ္စတာဆယ်မြူရယ်မိုးက ဘာသာပြန်ဆိုခြင်း ဖြစ်သည်။ ငါတို့ ယင်းကိုအတူတူတွဲ၍ ပြန်ပြင်ခဲ့သည်။ သမိုင်းရေးအမြင်မှောက် မှားမှုများအား ရှင်းလင်းပြသောမှတ်ချက်များအနည်းငယ်ကို ထပ်၍ထည့်ထားခဲ့သည်။

ဖရက်ဒရစ်အိန်ဂျယ်စ်

လန်ဒန်၊

၁၈၈၈ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့။

၁၈၉၀ပြည့်နှစ်ဂျာမန်ဘာသာရိုက်စာအုပ်၏နိဒါန်း (၂၁)။

အထက်ပါစာကိုရေးသားပြီးချိန်မှစ၍ (၂၂)ကျေညာ စာတမ်းအားဂျာမန်ဘာသာရိုက်စာအုပ်သစ် ထုတ်ရန် တဖန်လိုအပ်လာခဲ့သည်၊ ဤတွင်ကျေညာစာတမ်းနှင့် ပတ်သက်၍မှတ်တမ်းတင်ထားလိုက်သည့်အချက်များဖြစ်ပွားခဲ့သည်

ဒုတိယရုရှားဘာသာပြန်စာအုပ်သည် ၁၈၈၂ခုနှစ်ဂျီနီဗာတွင်ထွက်လာခဲ့သည်၊ ဗီရာဇာစူလစ်ချ်က ဘာသာပြန်ဆိုခဲ့သည်၊ ထိုစာအုပ်၏နိဒါန်းကို မာက်စ်နှင့်ငါကိုယ်တိုင်ရေးသားခဲ့သည်၊ အကြောင်းမလှသဖြင့် မူလဂျာမန်စာမူသည် ပျောက်သွားခဲ့သည်၊ ထို့ကြောင့်-ရုရှားဘာသာမှ ငါပြန်၍ ဘာသာပြန်ဆိုရပေမည်၊ ယင်းကအကြောင်းအရာများကို မည်သို့မျှတိုးတက် ကောင်း မွန်စေလိမ့် မည်မဟုတ်ပေ၊ (၂၃) ယင်းမှာအောက်ပါအတိုင်းဖြစ်သည်။

'ကွန်မြူနစ်ပါတီ ကျေညာစာတမ်း အား ပဌမဆုံး ရုရှားဘာသာရိုက်စာအုပ်ကို ဘာကူနင်ကဘာသာပြန်ဆို၍ကိုလိုကိုလ်ပုံနှိပ်တိုက်က ခြောက်ဆယ်ခုနှစ်များ စောစောပိုင်း၌ ပုံနှိပ်ထုတ်ဝေခဲ့သည်၊ ထိုအခါက -အနောက် နိုင်ငံ များက ယင်း (ကျေညာစာတမ်းရုရှားဘာသာရိုက် စာအုပ်)ကိုစာပေအထူး

အဆန်းတခုအဖြစ်သာတွေ့မြင်နိုင်ကြသည်။ ဤသို့သောအမြင်မျိုးယခုအခါ မဖြစ်နိုင်တော့ပေ။

"ပစ္စည်းမဲ့လူတန်းစား အရေး တော်ပုံ သည် ထို အချိန် (၁၈၄၇ခုနှစ်ဒီဇင်ဘာလ)က မည်မျှကန့်သတ်ထားသည့်နယ်ပယ်၌သာရှိနေသေးသည်ကို ကျေညာစာတမ်း နောက်ဆုံးအပိုင်းက အလွန်ထင်ရှားစွာဖော်ပြခဲ့သည်၊ တိုင်းပြည် အသီးသီးတွင်ရှိသည့်ဆန့်ကျင်ဘက်ပါတီများ အမျိုးမျိုးနှင့် ဆက်သွယ်မှုနှင့်ပတ်သက်၍ ကွန်မြူနစ်များ၏ အနေအထား အကြောင်းရေးထားသော အပိုင်းဖြစ်သည်၊ ဤတွင်ရုရှားပြည်နှင့်အမေရိကန်ပြည်ထောင်စုတို့ မပါဝင်ခဲ့ပေ၊ ရုရှားပြည်သည် ဥရောပတိုက်ဖောက်ပြန်ရေးအားလုံး၏ နောက်ဆုံး ရောမအရ အင်အားစုကြီးဖြစ်၍၊ အမေရိကန်ပြည်ထောင်စုက ဥရောပတိုက်မှပိုလျှံသောပစ္စည်းမဲ့လူတန်းစား အင်အားစုများဝင်ရောက်နေထိုင်လာသည်ကို လက်ခံယူသည့် အ ချိန် ဖြစ် လေ သည်။ ဤတိုင်းပြည်နှစ်ပြည်လုံးက ဥရောပတိုက်အား ကုန်ကြမ်းပစ္စည်းများထောက်ပံ့၍တချိန်တည်းတွင် ဥ ရောပ တိုက် ၏ စက်မှုလုပ်ငန်းထွက်ကုန်များရောင်းချမှုအတွက် ဈေး ကွက် များကို ပေးအပ်ခဲ့သည်။ ထိုအချိန်တွင် တနည်းမဟုတ်လျှင် တနည်းအားဖြင့် တည်ရှိနေသည့် ဥရောပစနစ်၏ထောက်များဖြစ်လေသည်။

"ယခုအခါအဘယ်မျှခြားနားပါသနည်း၊ ဥရောပတိုက်မှ

လာရောက်နေထိုင်မှုက မြောက်အမေရိကတိုက်၏ ရောမလ
ယာလုပ်ငန်းကုန်ထုတ်လုပ်ရေးအတွက် အဆင်ပြေကိုက်ညီ
ခဲ့သည်၊ အမေရိက၏ပြိုင်ဆိုင်မှုက ဥရောပတိုက်မြေယာပစ္စ
အကြီးအငယ်ဟူသမျှ၏ အခြေခံ အုတ်မြစ်များကို လှုပ်
စေလျက်ရှိသည်၊ထို့အပြင် ယင်းကအမေရိကန် ပြည်ထော
အားယခုအချိန်အထိတည်ရှိနေသည့် အနောက် ဥရောပတို
အထူးသဖြင့် အင်္ဂလန်၏ စက်မှု လုပ်ငန်းလက်ဝါးကြီး အု
အားတိုတောင်းသည့်ကာလအတွင်း၌ ချိုးဖောက်ပစ်မည့် စွ
အားနှင့်အတိုင်းအတာနှုန်းဖြင့်ယင်း၏ ရောမ စက်မှုလုပ်င
အင်အားလမ်းစများကိုအသုံးချနိုင်စေခဲ့သည်။ ဤအခြေအ
နှစ်ရပ်လုံးက အမေကန်ကိုယ်တိုင်ပေါ်တွင်တော်လှန်ရေးနည်
အားဖြင့် ပြန်လည်လှုပ်ရှားစေခဲ့သည်၊ နိုင်ငံရေးဖွဲ့စည်းပုံတ
လုံး၏အခြေခံဖြစ်သည်၊လယ်သမားများ၏ အငယ်စားနှင့်
လတ်စားမြေယာပိုင်ဆိုင်မှုသည် တဆင့်ပြီးတဆင့် ရောမလ
ယာများ၏ပြိုင်ဆိုင်မှုအားအညံ့ခံရလျက်ရှိသည်၊ တပြိုင်တည်
တွင်ပစ္စည်းမဲ့လူတန်းစားလူထုနှင့်ငွေရင်းများ ရောမစုစည်း
သည် စက်မှုလုပ်ငန်းဒေသများတွင် ပဌမဆုံး အကြိမ်ဖြစ်ပေ
တိုးတက်လာလျက်ရှိသည်။

"ယခု ရုရှားပြည်ကို ကြည့်ကြဦးစို့၊ ၁၈၄၈-၄၉ ခုနှ
တော်လှန်ရေးအတွင်း၌ ဥရောပတိုက် မင်းညီ မင်းသားမျာ
သာမကဘဲဥရောပတိုက်မှနေရှင်လူတန်းစားသည်လည်းနိုးကြာ

စပြုလာသည့်ပစ္စည်းမဲ့ လူတန်းစားလက်ထဲမှတခုတည်းသော
ကယ်တင်မှုအဖြစ် ရုရှားဝင်ရောက်စွက်ဖက်မှုကိုတွေ့ရှိကြသည်၊
ဇာဘုရင်ကို ဥရောပတိုက်ဖေါက်ပြန်ရေး၏ ဗိုလ်ချုပ် အဖြစ်
ကြေညာကြသည်၊ ယခုအခါ သူသည် ဂတ်ချီနာတွင် စစ်သုံ့
ပန်းဘဝသို့ရောက်နေရပြီဖြစ်သည်၊ ရုရှားသည် ဥရောပတိုက်
တွင် တော်လှန်ရေးလှုပ်ရှားမှု၏ တပ်ဦးဖြစ်လာပေသည်။

"ကွန်မြူနစ်ကြေညာစာတမ်းတွင် ခေတ်သစ်နေရှင်လူတန်း
စား ပစ္စည်းအားမလွဲမသွေ ကျရောက်တော့မည့် ဖျက်သိမ်းမှု
အား ထုတ်ပြန်ကြေညာချက်ကို ယင်း၏ ရည်မှန်းချက် အဖြစ်
ထားရှိခဲ့သည်၊ သို့ရာတွင် ရုရှားပြည်၌ လျင်မြန်စွာဖြစ်ပေါ်
တိုးတက်လျက်ရှိသည့် အရင်းရှင်ကလိမ်ကျမှုနှင့်စတင်ဖြစ်ပေါ်
တိုးတက်လာလျက်ရှိသည် နေရှင် မြေယာပစ္စည်းတို့နှင့် လယ်
သမားများက ဘုံပိုင်ဆိုင်သည့် မြေယာ တဝက် ကျော်ရှိမှုတို့
ရင်ဆိုင်လျက်ရှိသည်ကို ငါတို့ တွေ့ရ သည်၊ ယ ခု ပြဿနာ
မှာ ဓူ များ စွာ ထိ ခိုက် အား နည်း ပြီး ဖြစ် သော် လည်း
ရှေးဦး ခေတ် မြေယာဘုံပိုင်ဆိုင်မှု အ သွင် တ မျိုး ဖြစ်
နေသေးသည့် ရုရှား **အော့ဘ်ရှချီနာ** သည်ပို၍ မြင့် မား သော
ကွန် မြူ နစ် ဘုံ ပိုင် ဆိုင် မှု အသွင်သို့ တိုက်ရိုက်ကူးပြောင်း
နိုင်ပါမည်လော၊ သို့မဟုတ် ဤနှင့်ဆန့်ကျင်၍ အနောက်
နိုင်ငံများ၏ သမိုင်းရေးတစတစပြောင်းလဲမှုဖြစ်သည့် အလား
တူ ဖျက်သိမ်းရေးဖြစ်စဉ်ကို ပဌမဖြတ်သန်းရဦးမည်လော။

"ဤပြသနာအား ယခုအခါဖြစ်နိုင်သည့် တခုတည်းသော အဖြေမှာ ရုရှားတော်လှန်ရေးသည် အနောက်နိုင်ငံများတွင် ပစ္စည်းမဲ့လူတန်းစားတော်လှန်ရေးအတွက် အချက်ပေးဖြစ်လာခဲ့၍ ထိုသို့ဖြင့် တဦးကိုတဦး ဖြည့်စွက်မှုပြုမည် ဆိုပါလျှင် မျက်မှောက်ရုရှားမြေယာဘုံပိုင်ဆိုင်မှုသည် ကွန်မြူနစ်စနစ်ဖြစ်ပေါ်တိုးတက်မှုအတွက် စတင်ချက်အဖြစ်အကျိုးပြုနိုင်ပေသည်။

ကာလ်မာစ်၊ ဖရက်ဒရစ်အိန်ဂျယ်စ်

လန်ဒန်၊

၁၈၈၂ခုနှစ်၊ ဇန်နဝါရီလ ၂၁ရက်။

ဤနေ့စွဲလောက်၌ပင် ပိုလန်ဘာသာရိုက်စာအုပ်သစ်တအုပ် ဂျီနီဗါ၌ထွက်လာခဲ့သည်။

ထို့အပြင် ဒိန်မတ်ဘာသာပြန်စာမူတခုသည် ၁၈၈၅ခုနှစ်တွင်ကာဂျီဘင်ဟာက်ဗင်၌ **ဆိုရှယ်ဒီမိုကရက်တစ် ဘိုင်ဘလီယိုသက်**တွင် ထွက်လာခဲ့သည်၊ အကြောင်းမလှ၍ ယင်းသည်မပြည့်စုံလှပေ။ ဘာသာပြန်သူအတွက် အခက်အခဲများရှိသည်ဟု ထင်ရသည့် အချို့စာပိုဒ်များကို ချန်ထားခဲ့လေသည်။ ထို့အပြင် ပေါ့ပေါ့ဆဆလုပ်ထားမှုများကိုလည်း တွေ့ရသည်၊ ဘာသာပြန်သူသည်အနည်းငယ်ဒုက္ခခံကာပြန် ဆိုမည်ဆိုပါ လျှင်အလွန်

ကောင်းမွန်သော ဘာသာပြန် စာမူတခု ဖြစ် လာ လိမ့်မည့် အလားအလာများကိုတွေ့ရှိရသဖြင့်ပေါ့ဆမှုများသည် မနှစ်မြို့လောက်အောင်ပင် ပေါ်လွင်လှပေသည်။

ပြင်သစ်ဘာသာပြန်စာမူသစ် တခုသည် ပဲ့ရစ်မြို့ **လီဆိုရှယ်လစ်တီ** တွင် ၁၈၈၅ခုနှစ်၌ ထွက်လာခဲ့သည်၊ယခုအချိန် အထိ အကောင်းဆုံးပုံနှိပ်ထုတ်ဝေထားသောစာမူဖြစ်သည်။

ဤပြင်သစ် စာမူမှ စပိန်ဘာသာပြန်စာမူတခုကို ဤနှစ်၌ပင် မက်ဒရစ်မြို့ **အဲလ်ဆိုရှယ်လစ်စတာ**တွင် ပဌမထွက်ပေါ်လာခဲ့သည်၊ ထိုနောက်၌ စာအုပ်အနေဖြင့်ပြန်လည်ထုတ်ခဲ့သည်။

၁၈၈၇ ခုနှစ်တွင် အာမေးနီး ယား ဘာသာပြန် စာမူကို ကွန်စတင်တီနိုပဲ၌ ပုံနှိပ်ထုတ်ဝေသူတဦးအား ပေးခဲ့ကြောင်းကို သတင်းအနေဖြင့် ဖော်ပြလိုပေသည်။ သို့ရာတွင် ပုံနှိပ်ထုတ်ဝေသူက မာက်စ်အမည်ပါသော စာပေကို ထုတ်ဝေရဲသည့်သတ္တိမရှိခဲ့ပေ၊ဘာသာပြန်သူအား သူ၏အမည်ကိုစာရေးသူအဖြစ်ထည့်ရန် အကြံပေးခဲ့သည်၊ သို့သော် ဘာသာပြန်သူကလည်း ဤသို့လုပ်ရန်ငြင်းဆိုခဲ့သည်။

အင်္ဂလန်တွင်အနည်းနှင့်အများ မတိကျသော အမေရိက ဘာသာပြန်စာမူများ တခုပြီးတခု အကြိမ်ကြိမ် ပုံနှိပ်ခဲ့သည်၊ နောက်ဆုံး၌ ၁၈၈၈ ခုနှစ်တွင် တိကျသော စာမူထွက်ပေါ်လာခဲ့သည်၊ ဤဘာသာပြန်စာမူကိုငါ၏မိတ်ဆွေ ဆယ်မြူရယ်မိုးက ပြန် ဆို ခဲ့ သည်၊ ဤစာမူကို ပုံနှိပ်တိုက်သို့ မပို့မီ၊

ငါတို့ တကြိမ် ထပ် ထပ်၍ စစ်ဆေး ကြည့်ရှုခဲ့သည်၊ ယင်း၏ အမည်မှာ၊ကွန်မြူနစ်ပါတီကြေညာစာတမ်း၊ကာလ်မာက်စ် နှင့် ဖရက်ဒရစ်အိန်ဂျယ်စ်ရေးသည်၊ ခွင့်ပြုသောအင်္ဂလိပ်စာမူ ဖြစ်သည်၊ ဖရက်ဒရစ်အိန်ဂျယ်စ်ကိုယ်တိုင် တည်းဖြတ် မှတ်ချက်ရေးခဲ့သည်၊ ၁၈၈၈ ခုနှစ်၊ လန်ဒန်မြို့၊ ဝီလျံရီဗီစ်၊ ၁၈၅ ဖလ်(ဇ်)လမ်း၊ အီး၊စီ၊ ထိုစာအုပ်မှ မှတ်ချက်များ အချို့ကို ယခုစာအုပ်တွင် ဖြည့်စွက်ထည့်ထားသည်။

ကြေညာစာတမ်းတွင် ယင်း၏ ကိုယ်ပိုင်း သမိုင်းရှိ သည်၊ ကြေညာစာတမ်း ထွက်ပေါ်လာချိန်က(ပဋ္ဌမနိဒါန်းတွင် ဖော်ပြထားသော ဘာသာပြန် စာ မူ များ က သက် သေခံ သည့် အတိုင်းပင်) ထိုအချိန်ထိုအခါက သိပ္ပံနည်းကျသော ဆိုရှယ်လစ်ဝါဒ အရေ အတွက် မများလှသေးသော တပ်ဦးက စိတ်အားထက်သန်စွာ ခရီး ဦးကြို ပြုခဲ့ ကြ သည်။ မကြာမီမှာပင် ၁၈၄၈ ခုနှစ်ဇွန်လတွင် ပဲရစ်အလုပ်သမားများ အရေးရှုံးနိမ့်မှုနှင့်စတင်လာခဲ့သည့် ဖေါက်ပြန်ရေးက နောက် တန်း သို့ အတင်းတွန်းပို့ခဲ့သည်၊ နောက်ဆုံး၌ ၁၈၅၂ ခုနှစ် နိုဝင်ဘာလတွင် ကိုလုံကွန်မြူနစ်များအား အပြစ်ပေးမှုက "ဥပဒေ အရ" အဆက်အသွယ်ဖြတ်စေခဲ့သည်၊ ဖေဖော်ဝါရီတော်လှန်ရေးနှင့်စတင်ခဲ့သည့် အလုပ်သမား အရေးတော်ပုံ မြင်ကွင်းမှ ပျောက် ကွယ် သွား သည့် နှင့် လိုက် ၍၊ ကြေညာစာတမ်းလည်း နောက်ပိုင်းသို့ရောက်ရှိခဲ့လေသည်။

ဥရောပတိုက်အလုပ်သမားလူတန်းစား တွင် အုပ် စိုး သည့် ...တန်းစားများ၏ အာဏာကို အသစ်တဖန်တိုက်ရန်အတွက် ...င်အားလုံလောက်စွာစုစည်းမိသောအခါ၌၊ နိုင်ငံတကာလုပ် ...ားများ အစည်းအရုံးပေါက်ဖွားလာခဲ့သည်။ ယင်း၏ ရည် ...ယ်ချက်မှာ ဥရောပတိုက်နှင့်အမေရိကတိုက်ရှိ နိုးကြားတက် ...ကြွသော အလုပ်သမားလူတန်းစားတရပ်လုံးကို ရောမတပ်မ ...ကြီးတတပ်အဖြစ် ဖွဲ့စည်းရန်ဖြစ်လေသည်၊ ထို့ကြောင့် ယင်း ...သည် ကြေညာစာတမ်းတွင် ချမှတ်ထားခဲ့သောမူများနှစ်တင် ...ခြင်းမပြုနိုင်ခဲ့ပေ၊ ယင်းတွင်အင်္ဂလိပ်အလုပ်သမားသမဂ္ဂများ၊ ...ပြင်သစ်၊ ဘဲလ်ဂျီယံ၊အီတလီနှင့်စပိန် ပရောက်ဒန်ဝါဒ သမား ...များနှင့်ဂျာမန်လာဆာလီယင်များ(က)အား တံခါးပိတ်ထား ...လိမ့်မည်မဟုတ်သည့် လုပ်ငန်းစဉ်တရပ်ကောန် ရှိပေလိမ့်မည်၊ ...နိုင်ငံတကာအဖွဲ့ချုပ်၏ စည်းမျဉ်းများ၏ အချီး ဖြစ် သော

(က)။ ။လာဆာလီကိုယ်တိုင်က မာက်စ်၏နောက် လိုက်တဦးဖြစ်ကြောင်းကို အမြဲတန်းဝန်ခံခဲ့သည်၊ ဤသို့ဆိုခြင်းဖြင့်၊ ကြေညာစာတမ်း၏ အခြေခံပေါ်တွင် ရပ် တည်ခဲ့ သည်၊ သူ၏နောက်လိုက်များမှာမူ ဤသို့မဟုတ်ပေ၊ သူ၏နောက်လိုက်များသည် သူတောင်းဆိုခဲ့သည့် နိုင်ငံတော်ချေးငွေများဖြင့် ကုန်ထုတ်လုပ်သူများ၏ သမဝါယမများ ဖွဲ့စည်းရေးတောင်းဆိုမှုနှင့် အလုပ်သမား လူတန်းစားအား နိုင်ငံတော်အကူအညီအား ထောက်ခံသူများနှင့် ကိုယ့်ကိုယ် ကူညီမှုအား ထောက်ခံသူများအဖြစ် ခွဲခြားထားမှုတို့ထက်ပို၍ မလုပ်ကြပေ။

ဤလုပ်ငန်းစဉ်ကို မာက်စ်ကရေးဆွဲခဲ့သည်။ တာကူနင်နှင့်အုပ်ချုပ်ရေးမဲ့ဝါဒီများကပင် အသိ အမှတ်ပြုရလောက်အောင် ကျွမ်းကျင်စွာရေးဆွဲနိုင်ခဲ့သည်၊ ကျေညာစာတမ်းတွင် ချမှတ်ထားသည့် အယူအဆများ၏ နောက်ဆုံးအောင်ပွဲခံမှုကို အလုပ်သမားလူတန်းစား၏ အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်လာမှုပေါ်တွင်လုံးလုံးလျားလျားအားထားခဲ့လေသည်၊ အလုပ်သမားလူတန်းစား၏အသိဉာဏ်ပညာတိုးတက်မှုသည်လည်းပူးပေါင်းဆောင်ရွက်မှုနှင့်ဆွေးနွေးမှုမှ လိုအပ်စွာ ထွက်ပေါ်လာရမည်ဖြစ်လေသည်။ အရင်း အား ဆန့် ကျင် ရေးတိုက်ပွဲတွင် ဖြစ်ရပ်များနှင့် အပြောင်းအလဲများအောင်မြင်မှုများထက်ပို၍ပင် အရေးနိမ့်မှုများက တိုက်ပွဲဝင်သူများအား ယခုတိုင်အောင် သူတို့၏နေရာတကာ ကုထုံးများ၏ မလုံလောက်မှုကို ဖော်ပြခြင်းမပြုဘဲမနေနိုင်ပေ၊ သူတို့၏စိတ်ဓာတ်များအား အလုပ်သမားများ၏ လွတ်မြောက်ရေးအတွက် စစ်မှန်သော အခြေအနေများအား ကောင်းစွာနားလည်ရေးကို ပို၍လက်ခံနိုင်စေရန်ပြုလုပ်ပေလိမ့်မည်၊ မာက်စ်သည်မှန်ပေသည်၊ နိုင်ငံတကာအဖွဲ့ချုပ်ကို ဖျက်သိမ်းလိုက်သည့်အချိန်၁၈၇၄ခုနှစ်တွင်ရှိသည့် အ လုပ် သ မား လူ တန်း စား အ ဖွဲ့ ချုပ် တည် ထောင် သည့် ၁၈၆၄ခုနှစ် အချိန်နှင့်များစွာခြားနားခဲ့လေသည်၊ လက်တင်တိုင်းပြည်များတွင် ပရောက်ဒန်ဝါဒနှင့် ဂျာမဏီတွင်သီးခြားလာဆာလီယင်ဝါဒတို့သည် ချုပ်ငြိမ်းလာခဲ့သည်။ ထိုစဉ်က အလွန့်အလွန်အယူသီးသောအင်္ဂလိပ်အလုပ်သမားသမဂ္ဂများ

သည်ပင် ၁၈၈၇ခုနှစ်၌ သူတို့၏ဆွမ်းစီးကွန်ဂရက်သဘာပတိက သူတို့၏ကိုယ်စား "ဥရောပတိုက် ဆိုရှယ်လစ်ဝါဒသည် ငါတို့အတွက် ယင်း၏ကြောက်စရာများမရှိတော့ပြီ" ဟုပြောဆိုနိုင်သည့်အခြေသို့တဖြေးဖြေး ချဉ်းကပ်လာလျက် ရှိသည်။ ၁၈၈၇ခုနှစ်အထိ ဥရောပတိုက်ဆိုရှယ်လစ်ဝါဒသည်ကျေညာစာတမ်းတွင်ဖော်ထုတ်ချမှတ်ထားသော သဘောတရားသက်သက်ဖြစ်လေသည်၊ ဤသို့ဖြင့် ကျေညာစာတမ်း၏သမိုင်းသည် ၁၈၄၈ခုနှစ်မှစ၍ ခေတ်သစ်အလုပ်သမားလူတန်းစားအရေးတော်ပုံ၏သမိုင်းကို အတိုင်းအတာတရပ်အထိ ထင်ဟပ်ထားသည်။ မျက်မှောက်ကာလတွင် သံသယမရှိလောက်အောင်ပင် ဆိုရှယ်လစ်စာပေအားလုံးအနက်အကျယ်ပြန့်ဆုံးဖြန့်ချီမှုလည်းရှိ၊ နိုင်ငံတကာနှင့် အသက်ဆိုင်ဆုံးစာပေလည်းဖြစ်၊ ဆိုက်ဗေးရီးယားမှ ကာလီဖိုးနီးယားအထိ တိုင်းပြည်များ အားလုံးမှ အလုပ်သမားများ သန်းပေါင်းများစွာ၏ ဘုံလုပ်ငန်းစဉ်လည်းဖြစ်ပေသည်။

မည်သို့မဆို ကျေညာစာတမ်းထွက်လာသည့်အခါ၌ငါတို့က **ဆိုရှယ်လစ်**ကျေညာစာတမ်းဟု မခေါ်နိုင်ခဲ့ပေ။ ၁၈၄၇ခုနှစ်တွင် လူနှစ်မျိုးကို ဆိုရှယ်လစ်များဟုယူဆကြသည်၊ လူတမျိုးမှာ အမျိုးမျိုးသော စိတ်ကူးယဉ်စနစ်များကို လက်ခံလိုက်နာသူများဖြစ်သည်၊ အထင်ရှားဆုံးမှာ အင်္ဂလန်တွင် အိုဝင်ဂိုဏ်းသားများ၊ ပြင်သစ်ပြည်တွင် ဖောင်ရီယာဂိုဏ်းသားများဖြစ်

သည်၊ ဤနှစ်ဂိုဏ်းလုံးသည် ထိုအချိန်က ဂိုဏ်းဂဏကလေးများအဖြစ်ကျဆင်းခဲ့ပြီးဖြစ်၍ တဖြေးဖြေး ချုပ်ငြိမ်းလျက်ရှိသည်။အခြားတမျိုးမှာအရင်းနှင့်အမြတ်အား အနည်းငယ်မျှထိခိုက်စေခြင်းမရှိဘဲ၊ သူတို့၏ အသီးသီးသော နေရာတကာသာဝရကုထုံးများအားဖြင့် လူမှုရေးမဘာရားမမျှတမှုများကိုသုတ်သင်ပစ်လိုသော လူမှုရေးသမားယောင်အမျိုးမျိုးစွာဖြစ်သည်၊ ဤကိစ္စနှစ်ရပ်လုံး၌ အလုပ်သမားအရေးတော်ပုံအမြင်ဘက်၌ရပ်တည်၍ “ပညာတတ်” လူတန်းစား များအားထောက်ခံမှုအတွက်မြှော်မှန်းသောလူများဖြစ်သည်၊ သို့သော်လည်း လူ့အဖွဲ့အစည်းအား အရင်းအမြစ်မှနေ၍ ပြန်လည်တည်ဆောက်ရေးကို တောင်းဆိုသော အလုပ်သမား လူတန်းစားအစိတ်အပိုင်းက နိုင်ငံရေး တော်လှန်ရေးများသက်သက်သည် မလုံလောက်ကြောင်းကိုသက်ဝင်ယုံကြည်ကြသဖြင့်မိမိတို့ကိုယ်ကို **ကွန်မြူနစ်**ဟုခေါ်ကြသည်၊ယင်း သည်အကြမ်းမျဉ်းရုပ်လုံးဖော်ထားသော အလိုအလျောက် သိမှုသာဖြစ်သည်၊မကြာခဏဆိုသလိုပင်၊တနည်းတဖုံးအားဖြင့်အကြမ်းမျဉ်းကွန်မြူနစ်ဝါဒဖြစ်သည်။သို့သော်လည်း-ယင်းသည်စိတ်ကူးယဉ်ကွန်မြူနစ်ဝါဒနှစ်မျိုးပေါက်လာလောက်အောင် စွမ်းအားကြီးမားသည်၊ ပြင်သစ်ပြည်တွင် ကာဘတ်၏ “အိုင်ကာရီယင်” ကွန်မြူနစ်ဝါဒနှင့်ဂျာမဏီတွင် ဝိတ်လင်တို့ဖြစ်သည်၊ ၁၈၄၇ခုနှစ်တွင်ဆိုရှယ်လစ်ဝါဒသည် မနရှင်အရေးတော်ပုံ အဖြစ် သိရှိကြ၍ကွန်မြူနစ်ဝါဒသည် အလုပ်သမားလူတန်းစား အရေးတော်ပုံ

အဖြစ်သိရှိကြသည်။အနည်းဆုံးအားဖြင့် ဥရောပ တိုက် တွင် ဆိုရှယ်လစ်ဝါသည် အတော်ပင် လေးစားမှုရှိ၍ ကွန်မြူနစ်ဝါဒမှာမူ ဆန့်ကျင်ဘက်ဖြစ်သည်၊ ထိုအချိန် စောစောပိုင်းကပင်- “အလုပ်သမားများ လွတ်မြောက်ရေးသည် အလုပ်သမား လူတန်းစား ကိုယ်တိုင်၏ လုပ်ဆောင်မှု ဖြစ်ရမည်” ဟု ငါတို့ရတိပြတ်ဆုံးဖြတ်ချက်ချစွာ သဘောထားကြသဖြင့် ငါတို့ဤအမည်နှစ်ခုအနက် မည်သည့် အမည် ရွေးချယ် ရမည်ကို စဉ်းစားနေစရာမလိုတော့ပေ၊ ယင်းအမည်ကို ပြန်လည်ဖျက်ရန်လည်း ငါတို့မည်သည့်အခါကမျှ စိတ်မကူးခဲ့ပေ။

“အနိုင်နိုင်ငံမှ လုပ်သားပြည်သူများ-စည်းလုံးညီညွတ်ကြ” သို့ရာတွင် ပစ္စည်းမဲ့ လူတန်းစားက ယင်း၏ ကိုယ်ပိုင် တောင်းဆိုချက်များနှင့် ထွက်လာခဲ့သည်။ပဌမ ပဲရစ် တော်လှန်ရေးဖြစ်ခါနီး ဆဲဆဲအချိန် လွန်ခဲ့သည် လေးဆယ့် နှစ်နှစ်က ငါတို့ဤကြွေးကြော်သံများ ထုတ်ပြန်ကျေညာသောအခါတွင်–အသံများ အနည်းငယ်တုံ့ပြန်ခဲ့လေသည်။ သို့သော် ၁၈၆၄ ခုနှစ် ဖက်တင်ဘာလ ၂၈ ရက်နေ့တွင်အနောက်ဥရောပတိုင်းပြည်များစွာမှပစ္စည်းမဲ့လူတန်းစါးများသည်ထွန်းပြောင်လှသောနိုင်ငံတကာအလုပ်သားများ အစည်းအရုံးထဲ၌ပြောင်မြောက်စွာ လက်တွဲခဲ့ကြသည်။ အမှန်ပင် နိုင်ငံတကာအဖွဲ့ချုပ်သည် ကိုးနှစ်သာသက်တမ်းရှည်ခဲ့သည်။ သို့ရာတွင်အနိုင်နိုင်ငံမှပစ္စည်းမဲ့ လူတန်းစားများ၏ ထာဝရသွေးစည်းမှုသည် အသက်ရှင်လျက်ပင် ရှိ

ဤသဘောအရ ပိုလန်ဘာသာရိုက် စာအုပ်သစ်က ပိုလန် စက်မှုလုပ်ငန်း၏ တိုးတက်မှု လုပ်ငန်း၏ တိုးတက်မှုကိုဖော်ပြပေသည်။ လွန်ခဲ့သည့် ဆယ်နှစ်က ယခင်စာအုပ်ပုံနှိပ်ထုတ်ဝေခဲ့ချိန်မှစ၍ ဤတိုးတက်မှုတကယ်တန်း ဖြစ်ပွား ခဲ့ကြောင်းကို သံသယ တစုံတရာဖြစ်စရာမရှိပေ။ ရုရှား ပိုလန် ကွန်ဂရက် ပိုလန် (၂၆) သည် ရုရှား အင်ပါယာ၏ စက်မှုလုပ်ငန်းကြီး ဒေသဖြစ်လာသည်၊ ရုရှား အကြီး အကျယ် စက်မှုလုပ်ငန်း သည်ပြန့်ကြဲတည်ရှိခဲ့သည်။ ဖင်လန်ပင်လယ်ကွေ့ပတ်လည်တွင် တချို့ (မော်စကိုနှင့် ဗလာဒီမာ) ဗဟိုတွင်တချို့ ပင်လယ် နက်နှင့် အာဇော့ဗ် ပင်လယ် ကမ်းခြေများ တလျှောက်တွင် တချို့တည်ရှိကြသည်။ အချို့ အခြားနေရာများ၌ ရှိကြသည် ပိုလန် စက်မှုလုပ်ငန်းသည် နိုင်းယှဉ်ခြင်း အားဖြင့် သေးငယ် သောဒေသတခုထဲ၌ ပြွတ်သိပ်နေခဲ့သည် ဤသို့စုစည်းတည်ရှိမှု မှထွက်ပေါ်လာသော အကျိုးများနှင့် တကျိုးမဲ့မှုများ နှစ်ရပ် လုံးကို ခံစား ရသည်အပြိုင် အဆိုင် လုပ်လာသောရုရှားကုန် ချော ထုတ်လုပ်သူများက ပိုလန် လူမျိုးများအား ရုရှားများ အဖြစ်အသွင်ပြောင်းရန်ဆန္ဒပြင်းပြစွာရှိသော်လည်းပိုလန်အား ဆန့်ကျင် ကာကွယ်ရေး အခွန်အကောက်များကို တောင်းဆို သော အခါတွင် ပိုလန် စက်မှုလုပ်ငန်း စုစည်း တည်ရှိခြင်း၏ အကျိုး ကျေးဇူးများကို အသိအမှတ် ပြုခဲ့သည် ပိုလန် ကုန် ချော ထုပ်လုပ်သူများနှင့် ရုရှားအစိုးရတို့အတွက် အကျိုးမဲ့မှု များသည် ပိုလန် အလုပ်သမားများထဲတွင် ဆိုရှယ်လစ် အယူ

အဆများလျင်မြန်စွာ ပြန့်နှံ့မှုနှင့် ကျေညာစာတမ်းအတွက် တောင်းဆိုမှုကြီးမားမှုတို့၌ပေါ်လွင် ထင်ရှားပေသည်။

သို့ရာတွင် ရုရှားပြည်အား သာလွန်လျက် ရှိသည် ပိုလန် စက်မှုလုပ်ငန်းလျင်မြန်စွာဖြစ်ပေါ်တိုးတက်မှုသည်ပိုလန်ပြည်သူ လူထု၏ မကုန်ခန်းနိုင်သော စွမ်းအားကိုသက်သေ ခံချက်သစ် တခုဖြစ်သည်။ ယင်း၏ ဖြစ်အံ့ဆဲဆဲ အမျိုးသား ပြန်လည်ထူ ထောင်ရေးအာမခံချက်သစ် တရပ်လည်းဖြစ်သည်။ လွတ်လပ် အားကောင်းသော ပိုလန်ပြည်ပြန်လည် ထူထောင် ရေးသည် ပိုလန်မျိုးများနှင့်သာသက်ဆိုင်ရုံမကဘဲ ငါတို့အားလုံးနှင့်လည်း သက်ဆိုင်သည့်ကိစ္စဖြစ်သည် ဥရောပတိုက်နိုင်ငံများ၏ ရိုးသား စွာနိုင်ငံ တကာ သွေးစည်းပူးပေါင်းဆောင်ရွက်မှုမှာ၊ ဤနိုင်ငံ များ တနိုင်ငံစီသည် မိမိ၏ကိုယ် ပိုင် နိုင်ငံ တွင် အပြည့်အဝ ကိုယ် ပိုင်အုပ်ချုပ်ရေးရှိမှသာ ဖြစ်နိုင်ပေသည်။ ၁၈၄၀ ခုနှစ် တော်လှန်ရေးသည် ပစ္စည်းမဲ့လူတန်းစား အောင်လံအောက် ၌ ပစ္စည်းမဲ့လူတန်းစားတပ်သားများက ဓနရှင်လူတန်းစား ၏ အလုပ်ကိုလုပ်စေခြင်းသာဖြစ်သည်၊ လူဝီ ဘို နာ ပတ် နှင့် ဘစ်မတ်တည်းဟူသော သေတမ်းစာ ဆောင်ရွက်သူများအား ဖြင့်၊ အီတလီ၊ဂျာမဏီနှင့်ဟန်ဂေရီတို့၏ လွတ် လပ် ရေးကို လည်းရရှိခဲ့သည်။ သို့ရာတွင် ၁၇၉၂ ခုနှစ်မှစ၍ ဤ သုံးနိုင်ငံ ပေါင်းကာ တော်လှန်ရေးအတွက် ပို၍လုပ်ခဲ့သောပိုလန်ပြည် ကို ၁၈၆၃ ခုနှစ်၌ အင်အား ဆယ်ဆ ကြီးမား သော ရုရှာ

တပ်ကတိုက်ရာတွင် မိမိကိုယ်ပိုင်အင်အားဖြင့် သာ ခုခံစေခဲ့သည်။ မူးမတ်လူတန်းစားသည် ပိုလန်ပြည် လွတ်လပ်ရေးကို ထိန်းသိမ်းလည်းမထားနိုင်၊ ပြန်လည်ရရှိအောင်လည်း မလုပ်နိုင်ခဲ့ပေ၊ ယခုအခါ ဓနရှင်လူတန်းစားအဘို့ ဤလွတ် လပ်ရေးသည် အနည်းဆုံး ပြောရမည် ဆိုပါလျှင်၊ အကြောင်းမဟုတ်ပေ၊ မည်သို့မဆို၊ ယင်းသည်ဥရောပတိုက် နိုင်ငံများ၏ ညီညွတ်စွာပူးပေါင်းဆောင်ရွက်ရေးအတွက် လိုအပ်မှုဖြစ်ပေသည်။ ယင်းကိုငယ်ရွယ်သော ပိုလန်ပစ္စည်းမဲ့များကသာ ရအောင်ယူနိုင်ပေသည်၊ သူ၏လက်ထဲတွင်ယင်းသည်လုံခြုံစိတ်ချရပေသည်၊ ဥရောပတိုက်ရှိကျန်နိုင်ငံများ အားလုံးမှအလုပ်သမားများအတွက်လည်း၊ ပိုလန်အလုပ်သမားများကိုယ်တိုင်က လိုအပ်သလောက်ပင်၊ ပိုလန်ပြည်လွတ်လပ်ရေးကို လိုအပ်ပေသည်။

အက်ဖ်-အိန်ဂျယ်လ်

လန်ဒန်မြို့

၁၈၉၂ ခုနှစ် ဖေဖေါ်ဝါရီလ- ၁၀-ရက်နေ့။

၁၈၉၃ ခုနှစ် အီတလီဘာသာရိုက်စာအုပ်နိဒါန်း (၂၇)။

အီတလီစာဖတ်ပရိသတ်သို့-

ကွန်မြူနစ်ပါတီကျေညာစာတမ်း ပုံနှိပ်ထုတ်ဝေမှုသည်မီလန်နှင့် ဘာလင် တော်လှန်ရေးများနေ့ ၁၈၄၈ ခုနှစ် မတ်လ ၁၈ ရက်နေ့နှင့် တိုက်ဆိုင်လေသည်၊ ဘာလင်သည် ဥရောပတိုက်အလယ်ပိုင်းတွင်တည်ရှိ၍ မီလန်သည် မြေထဲပင်လယ်အလယ်ပိုင်းတွင်တည်ရှိသည့်နိုင်ငံနှစ်နိုင်ငံ၏ လက်နက်ကိုင် တော်လှန်ရေးများဖြစ်လေသည်။ ထိုအချိန်မတိုင်မီက ပြည်တွင်းသွေးကွဲမှုနှင့် အကွဲကွဲအပြားပြားဖြစ်နေမှုက ဤနိုင်ငံနှစ်နိုင်ငံကို အားနည်းစေခဲ့သည်။ ဤသို့ဖြင့် နိုင်ငံခြားစိုးမိုးမှုအောက်သို့ရောက်ရှိခဲ့သည်။ အီတလီသည် ဩစတြီးယား ကေရာဇ်ဘုရင်လက်အောက်ခံဖြစ်ချိန်၌ ဂျာမဏီသည်လည်း ပို၍သွယ်ဝိုက်သောနည်းအားဖြင့် ရုရှားဇာဘုရင်၏ထမ်းပိုးအောက်၌ကျရောက်ခဲ့သည်၊ ၁၈၄၈ ခုနှစ် မတ်လ ၁၈ ရက်နေ့ အကျိုးသက်ရောက်မှုများက ဤရှက်စရာဘဝမှ အီတလီနှင့် ဂျာမဏီနှစ်ပြည်လုံးကို လွတ်မြောက်စေခဲ့သည်။ ၁၈၄၈ ခုနှစ်မှ ၁၈၇၁ ခုနှစ်အထိ ကာလတွင် ဤနိုင်ငံကြီးနှစ်နိုင်ငံသည် ပြန်လည်ဖွဲ့စည်းခဲ့၍ တနည်းတဖုံအားဖြင့် တဖန်ကိုယ်ပိုင် ရပ်တည်လာခဲ့ကြသည်။ ၁၈၄၈ ခုနှစ်တော်လှန်ရေးအား နှိမ်နင်းသူများသည်

သူတို့ကိုယ်တိုင်မလိုလားသော်ငြားလည်း ယင်း၏သေတမ်းစာဆောင်ရွက်သူများဖြစ်လာခဲ့သည်။ (၂၈)

နေရာတကာတွင် တော်လှန်ရေး သည် အ လုပ်သမားလူတန်းစား၏ အလုပ်ဖြစ်လေသည်။ ကတုပ်ကကျင်းများတူးသူများမှာ အလုပ်သမားလူတန်းစားဖြစ်သည်။ယင်း၏အသက်သွေးကို ယစ်ပူဇော်ကြသည်မှာလည်း အလုပ်သမား လူတန်းစားဖြစ်သည်၊ ပဲရစ် အလုပ်သမားများသာလျှင် အစိုးရကိုတွန်းလှန်ချရာ၌ ဓနရှင်စနစ် အစိုးရအား တွန်းလှန်ချရေးအတွက် အလွန်တိကျသော ရည်ရွယ်ချက်ရှိလေသည်၊သို့ရာတွင်သူတို့ကိုယ်ပိုင်လူတန်းစားနှင့် ဓနရှင်လူတန်းစားတို့ ကြားတွင်တည်ရှိနေသည့် အသေအလဲရန်ဘက်ပဋိပက္ခကို သူတို့သိရှိငြားသော်လည်း တိုင်းပြည်၏ စီးပွားရေး တိုးတက်မှုသည်၎င်း၊ပြင်သစ် အလုပ်သမားလူထုများ၏ အသိဉာဏ်ပညာတိုးတက်မှုသည်၎င်း၊ လူမှုရေးပြန်လည်တည်ဆောက်ရေးဖြစ်နိုင်စေလိမ့်မည့်အဆင့်သို့မရောက်ရှိသေးပေ။ နောက်ဆုံးစီစစ်သရုပ်ခွဲရာ၌တော်လှန်ရေး အသီးအပွင့်များကို အရင်းရှင်လူတန်းစားကရိတ်သိမ်းယူသွားခဲ့သည်၊ အခြားတိုင်းပြည်များ၌ အီတလီ၌၊ဂျာမဏီ၌၊ ဩစတြီးယား၌အလုပ်သမားများသည်အစကပင်ဓနရှင် လူတန်းစားကို အာဏာသို့မြှင့်တင်လိုက်သည်၊သို့ရာတွင်မည်သည့်တိုင်းပြည်၌မဆို ဓနရှင် လူတန်းစား အုပ်စိုးမှုသည်အမျိုးသား လွတ်လပ်ရေး မရှိဘဲ မဖြစ်နိုင်ပေ၊ ထို့ကြောင့်

၁၈၄၈ ခုနှစ် တော်လှန်ရေးက ထိုအချိန်အထိမရှိခဲ့သေးသည့်နိုင်ငံ များ၏ သွေးစည်းညီညွတ်ရေးနှင့်ကိုယ်ပိုင် အုပ်ချုပ်ရေးတို့ကို ယူဆောင်လာခဲ့သည်၊ အီတလီ၊ ဂျာမဏီ၊ ဟန်ဂေရီ၊ပိုလန်တို့သည်တလှည့်စီလိုက်လာပေလိမ့်မည်။

ဤသို့ဖြင့် ၁၈၄၈ခုနှစ် တော်လှန်ရေးသည် ဆိုရှယ်လစ်တော်လှန်ရေးမဟုတ်ခဲ့ပါလျှင် ယင်းက လမ်းခင်းပေးခဲ့သည်။ဆိုရှယ်လစ် တော်လှန်ရေးအတွက် အခြေခံကို ပြင်ဆင်ပေးခဲ့သည်၊ တိုင်းပြည်များအားလုံး၌အကြီးအကျယ်စက်မှုလုပ်ငန်းအား ပေး ခဲ့ သော အချိန်ဖြင့် လွန်ခဲ့သော အနှစ်လေးဆယ်အတွင်း၌ ဓနရှင်စနစ်ခေတ်က နေရာတကာ၌မြောက်မြားလှစွာ စုစည်းထားသည့် စွမ်းအားကြီးမားသော ပစ္စည်းမဲ့လူတန်းစားကိုဖန်တီးခဲ့လေသည်။ဤသို့ဖြင့် ယင်းကကျေညာစာတမ်း၏ စကားကိုသုံးရမည်ဆိုပါလျှင် ယင်း၏သေတွင်းတူးသမားများကိုမွေးထုတ်ခဲ့လေသည်။ နိုင်ငံတနိုင်ငံစီ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် စည်းလုံးညီညွတ်ရေးကို ပြန်လည်ထူထောင်ခြင်းမရှိပါကဲ၊ ပစ္စည်းမဲ့လူတန်းစား နိုင်ငံတကာ သွေးစည်းညီညွတ်မှု ဖြစ်မြောက်ရန်ဖြစ်နိုင်လိမ့်မည်မဟုတ်ပေ၊သို့မဟုတ်ဤနိုင်ငံများ၏ ဘုံရည်မှန်းချက်များဆီသို့ ငြိမ်း ချမ်း စွာ နှင့်အသိဉာဏ်ရှိစွာ ပူးပေါင်း ဆောင်ရွက်ရေး ဖြစ်နိုင်လိမ့်မည်မဟုတ်ပေ၊ ၁၈၄၈ခုနှစ်မတိုင်မီ နိုင်ငံရေးအခြေအနေများအောက်၌၊ အီတလီ၊ ဟန်ဂေရီ၊ ဂျာမန်၊ ပိုလန်နှင့် ရုရှား

အလုပ်သမားများက နိုင်ငံတကာသွေးစည်း ပူးပေါင်းဆောင်ရွက်မှုကို စိတ်ကူးကြည့်စမ်းပါ။

ဤသို့ဖြင့် ၁၈၄၈ ခုနှစ်တွင် တိုက်ခဲ့သော တိုက်ပွဲများသည် အချီးနှီးတိုက်ခဲ့သည် မဟုတ်ပေ၊ ထိုတော်လှန်ရေးခေတ်မှ ငါတို့ကွာလှမ်းခဲ့သော လေးဆယ့်ငါးနှစ်သည်အချီးနှီးကုန်ခဲ့သည်မဟုတ်ပေ၊ သစ်သီးများရင့်လာ လျက်ရှိသည်၊ ငါဆန္ဒအရှိဆုံးအရာမှာ၊မူလကျေညာစာတမ်းပုံနှိပ်ထုတ်ဝေမှုက နိုင်ငံတကာတော်လှန်ရေးအတွက်လုပ်ဆောင်ခဲ့သကဲ့သို့၊ဤအီတလီ ဘာသာပြန်စာမူပုံနှိပ် ထုတ်ဝေမှုက အီတလီ ပစ္စည်းမဲ့များအောင်ပွဲအတွက်ဖြစ်စေပေလိမ့်မည်။

ကျေညာစာတမ်းက အတိတ်ကာလတွင် အရင်းရှင်စနစ်က ထမ်းဆောင်ခဲ့သော တော်လှန်ရေးအခန်းအား အပြည့်အဝ တရားသဖြင့် အကဲဖြတ်ထားပေသည်၊ ပဌမဆုံးအရင်းရှင်နိုင်ငံမှာ အီတလီဖြစ်လေသည်၊ ပဒေသရာဇ်အလယ်ပိုင်းခေတ်များကုန်ဆုံးမှုနှင့် ခေတ်မှီအရင်းရှင်ခေတ် စတင်ဖွင့်လှစ်မှုတို့ကို ရောမရုပ်ကထင်ရှားစေခဲ့သည်၊ အီတလီလူမျိုး ဒန်တီသည် အလယ်ပိုင်းခေတ်များ၏နောက်ဆုံး ကဗျာဆရာလည်းဖြစ်၊ ခေတ်သစ်၏ပဌမဆုံး ကဗျာဆရာလည်းဖြစ်သည်၊ ယခုအခါ ၁၃၀၀ပြည့်နှစ်ကဲ့သို့ပင် သမိုင်းခေတ်သစ်သည် ချဉ်း

ကပ်လာလျက်ရှိသည်၊ အီတလီက ဤပစ္စည်းမဲ့ လူတန်းစားခေတ်သစ် ပေါက်ဖွား လာချိန်ကို မှတ်သားလိမ့်မည့် ကဗျာဆရာ ဒန်တီသစ်ကိုမွေးထုတ်ပေးလိမ့်မည်လော။

ဖရက်ဒရစ် အိန်ဂျယ်စ်

လန်ဒန်မြို့၊
၁၈၉၃ခုနှစ်၊ ဖေဖေါ်ဝါရီလ-၁-ရက်နေ့။

ကွန်မြူနစ်ပါတီ၏ ကျညာစာတမ်း

တစ္ဆေကြီးတကောင်သည် ဥရောပတိုက်အား ခြိမ်းခြောက်လျက်ရှိသည်၊ ကွန်မြူနစ်ဝါဒ တစ္ဆေကြီးဖြစ်သည်၊ ဥရောပတိုက်ဟောင်း၏ အာဏာပိုင်များ အားလုံးသည် ဤတစ္ဆေကြီးကိုတောထုတ်ပစ်ရန် မဟာမိတ် အဖွဲ့ကြီးကိုဖွဲ့စည်း တည်ထောင်ကြသည်။ ပုပ်ရဟန်းမင်းကြီးနှင့် ဇာဘုရင်၊ မက်ကားနစ်ချ်နှင့် ဂူဇော့၊ ပြင်သစ်ခေနရှင်များနှင့် ဂျာမန် ပုလိပ်သူလျှိုများတို့မဟာမိတ်အဖွဲ့ကြီးဖွဲ့ကြသည်။

အာဏာလက်ကိုင်ရှိသူများက ကွန်မြူနစ်ဟု ပြစ်တင်ပုတ်ခတ်ခြင်းမခံရသောဆန့်ကျင်ဘက်ပါတီသည် အဘယ်မှာလျှင်ရှိအံ့နည်း၊ ပို၍တိုးတက်သောဆန့်ကျင်ဘက် ပါတီများကိုဖြစ်စေ၊ ယင်း၏ဖောက်ပြန်သောပါတီများကို ဖြစ်စေ၊ ကွန်မြူနစ်ဝါဒပြစ်တင်ရှုံ့ချစွပ်စွဲချက်ကို ပြန်လည်ချေပခြင်း မရှိသောဆန့်ကျင်ဘက်ပါတီသည် အဘယ်မှာလျှင်ရှိအံ့နည်း။

ဤအချက်မှ အကြောင်းနှစ်ရပ် ပေါ်ပေါက်လာသည်။

၁။ ဥရောပ အာဏာပိုင်များ အားလုံးတို့က ကွန်မြူနစ်ဝါဒကို အာဏာတရပ်အဖြစ် အသိအမှတ်ပြုပြီးဖြစ်သည်။

၂။ ကွန်မြူနစ်များသည် မိမိတို့၏အမြင်များ၊ ရည်ရွယ်ချက်များ၊သဘောအနေယ်များကို ကမ္ဘာတဝှမ်းလုံး ရှေ့မှောက်၌ ပွင့်ပွင့်လင်းလင်းထုတ်ပြန်ရမည့်အချိန်ကျရောက်ပြီဖြစ်သည်၊ ကွန်မြူနစ်ဝါဒ တစ္ဆေကြီး ဟူသော ဒဏ္ဍာရီ ပုံပြင်ကိုလည်း၊ ပါတီကိုယ်တိုင်၏ကျေညာစာတမ်းနှင့် ရင်ဆိုင် ပစ်ရမည်ဖြစ်သည်။

ဤရည်ရွယ်ချက်ဖြစ်မြောက်စေရန်အတွက် တိုင်းပြည်များအသီးသီးမှကွန်မြူနစ်များလန်ဒန်မြို့တွင် လာရောက်စုရုံးခဲ့ကြသည်။အင်္ဂလိပ်၊ပြင်သစ်၊ ဂျာမန်၊အီတလီ၊ ဖင်လန်နှင့် ဒိန်းမတ်ဘာသာစကားများနှင့် ပုံနှိပ်ထုတ်ဝေရန်အတွက် အောက်ပါကျေညာစာတမ်းကို ရေးဆွဲခဲ့ကြသည်။

(၁)

နေရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစား +

ယခုအချိန်အထိတည်ရှိသည့် လူ့အဖွဲ့ အစည်းသမိုင်း+ + သည် လူတန်းစားတိုက်ပွဲများ သမိုင်းဖြစ်သည်။

+ နေရှင်လူတန်းစားဆိုသည်မှာ ခေတ်သစ်အရင်းရှင်များ၊ လူမှုကုန်ထုတ်လုပ်ရေးစွမ်းအားများကို ပိုင်ဆိုင်သူများ၊ အခစားလုပ်အားကို ခိုင်းစေသော အလုပ်ရှင်များဖြစ်သည်၊ ပစ္စည်းမဲ့လူတန်းစားဆိုသည်မှာ သူတို့၏ကိုယ်ပိုင်ကုန်ထုတ်လုပ်ရေးစွမ်းအားများမရှိသဖြင့်အသက်ရှင်နေရန်အလို့ငှာ သူတို့၏လုပ်အားကို ရောင်းချစားရသောဘဝသို့

လူ့တတ်လပ်သောလူနှင့်ကျေးကျွန်၊ မြို့သားနှင့် ကျေးတောသားများ၊ မှူးမတ်နှင့် မြေကျွန်၊ လုပ်ငန်းပိုင်ရှင်နှင့်လုပ်သား၊ တနည်းဆိုလျှင် ဖိနှိပ်ညှဉ်းဆဲသူနှင့် အဖိနှိပ်အညှဉ်းဆဲခံရသူ

ရောက်ရှိနေသော ခေတ်သစ်လုပ်ခစား အလုပ်သမား လူတန်းစား ဖြစ်သည်။

\+ + ထိုသည်မှာ ရေးသား ထားသော မှိုင်းအားလုံးဖြစ်သည်၊ ၁၈၄၇ ခုနှစ်တွင် လူ့အဖွဲ့အစည်းသမိုင်းမတိုင်မီကာလ မှတ်တမ်းတင်ထားခဲ့သော သမိုင်းမတိုင်မီတည်ရှိသည့်လူမှုရေးအဖွဲ့အစည်း အားလုံးတို့ကို မသိရပေ၊ ထိုအခါမှစ၍ ဟက်သော်ဆင်က ရုရှားပြည်တွင် မြေယာဘုံပိုင်ဆိုင်မှုကိုတွေ့ရှိခဲ့သည်။ မော်ရီရာကယင်းကိုသမိုင်းတွင် ကျူတောနစ်လူမျိုးများအားလုံး စတင်ခဲ့သည့် လူမှုရေးအခြေခံဖြစ်သည်ဟု သက်သေတူခဲ့သည်၊ တစတစဖြင့် ကျေးရွာအုပ်စုများတည်ထောင်လာခဲ့ကြသည်။ အိန္ဒိယမှ အိုင်ယာလန်အထိနေရာတကာတွင် တည်ရှိသည့် ရှေးဦးခေတ် လူ့အဖွဲ့အစည်းအသွင်ဖြစ်သည်၊ ဤရှေးဦးခေတ်ကွန်မြူနစ် လူ့အဖွဲ့အစည်း၏အတွင်းဖွဲ့စည်းမှုကို မော်ဂန်၏လူမျိုးစု၏ အစစ်အမှန် သဘာဝနှင့် ယင်း၏ လူမျိုးစုနှင့် ဆက်သွယ်မှုတို့ကို တွေ့ရှိမှုက ဖော်ထုတ်ပြခဲ့သည်။ ဤရှေးဦးခေတ် ကွန်မြူနစ် လူ့အဖွဲ့အစည်းအားဖျက်သိမ်းလိုက်ခြင်းဖြင့် သီးခြား ရန်ဘက် လူတန်းစားများအဖြစ်စတင်ကွဲပြားလာခဲ့သည်၊ အိမ်ထောင်၊ ပုဂ္ဂလိကပစ္စည်းနှင့် နိုင်ငံတော်၏ မူလအစ ကျမ်းတွင် ဤဖျက်သိမ်းမှုဖြစ်စဉ်တို့ ပြန်လည်အစကောက်ရန် ငါအားထုတ်ထားပေသည်။ (၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာထုတ် ကြေညာ စာ တမ်း တွင် အိန်ဂျယ်လ် ရေး သား သော မှတ်ချက်)

တို့သည် တဦးနှင့် တဦး အမြဲတန်း ဆန့်ကျင် ရပ်တည်ခဲ့ကြသည်၊ တခါတရံ ပုန်းလျှိုးကွယ်လျှိုး၊ တခါ တရံပြောင်ပြောင်အဆက်မပြတ်တိုက်ပွဲဝင်ခဲ့ကြသည်၊ ဤတိုက်ပွဲသည် လူ့အဖွဲ့အစည်းတခုလုံးအား တော်လှန်ရေးနည်းနှင့် ပြန်လည်ဖွဲ့စည်းစေခြင်းဖြင့်ရင်း၊ တခါတရံရင်ဆိုင်တိုက်ခိုက်သော လူတန်းစားများ နှစ်ဦး လုံးဖျက်ဆီးခြင်းဖြင့်ရင်း၊ ပြီးဆုံးခဲ့ကြသည်။

သမိုင်းစောစောပိုင်း ခေတ်များတွင် လူ့အဖွဲ့ အစည်း၏ အဆင့်အတန်းအမျိုးမျိုး၊ လူမှုရေး အဆင့် ဆင့် ကွဲပြား နေသည့် ရှုပ်ထွေးသောအစီအစဉ်ကို ငါတို့ နေ့စဉ်တိုင်း၌ လိုပင်တွေ့ကြရ သည်၊ ရှေး ဟောင်း ရောမ ခေတ် တွင်၊ မြို့ကြီးသားများ၊ သူရဲကောင်းများ၊ ကျေးတော သား များ၊ ကျေးကျွန်များရှိကြသည်၊အလယ်ပိုင်းခေတ်များတွင် မြေရှင်ပဒေသရာဇ်ကြီးများ၊ လက်ပါးစေများ၊ လက်မှုလုပ်ငန်းပိုင်ရှင်များ၊ လုပ်သားများ၊ အလုပ်သင်များ၊ မြေကျွန်များရှိကြသည်၊ ဤလူတန်းစား အားလုံးလို၌ပင်၊ တဖန်အဆင့်ဆင့် ခွဲခြားမှုများ ရှိကြပေသည်။

ပဒေသရာဇ်လူ့အဖွဲ့အစည်း အပျက်အစီးများထဲမှပေါက်ဖွားလာသော ခေတ်သစ်ခနရှင် လူ့ အဖွဲ့ အစည်း သည် လူတန်းစားရန်ဘက် ဆန့်ကျင်မှုများ ကို အဆုံးမသတ်ခဲ့ချေ၊ ယင်းကအဟောင်းများနေရာတွင် လူတန်းစားသစ်များ ဖိနှိပ်

ညှင်းဆဲရေးအခြေ အနေ သစ်များ၊တိုက်ပွဲအသွင်သစ်များကို အစား ထိုးခဲ့သည်။

သို့ရာတွင်၊ ငါတို့၏ခေတ်ဖြစ်သော ခ နဲ ရှင် ခေတ် သည် ဤထူးခြားသောအသွင်ကို ဆောင်ပေသည်၊ ယင်းကလူတန်းစားရန်ဘက် ဆန့်ကျင်မှုများကို ရှင်းလင်းအောင် လုပ်ပေးလိုက်သည်၊ လူ့အဖွဲ့အစည်းတရပ်လုံးအနေဖြင့်ရန်ဘက် အုပ်စုကြီးနှစ်ခုအဖြစ် ပို၍ပို၍ ကွဲပြားလာသည်၊ တဦးနှင့်တဦး တိုက်ရိုက်ရင်ဆိုင်လျက်ရှိသည့် လူတန်းစားကြီး နှစ်ရပ်အဖြစ် ကွဲလာသည်၊ ခနရှင်လူတန်းစားနှင့် ပစ္စည်းမဲ့ လူတန်းစားတို့ ဖြစ်သည်။

အလယ်ပိုင်းခေတ်၏ မြေကျွန်များမှ အစောဆုံးမြို့များ၏ မြို့သားများပေါ်ပေါက်လာသည်၊ ဤမြို့သားများမှ ပဌမဆုံး ခနရှင်လူတန်းစား၏ အစမူလများပေါ်ပေါက်လာသည်။

အမေရိကတိုက်ကိုတွေ့ရှိခြင်း၊ အာဖရိကတိုက်အငူကိုလှည့်ပတ်သွားလာခြင်းတို့က တက်လာလျက်ရှိသည့် ခနရှင်လူတန်းစားအတွက် နေရာသစ်ကိုဖွင့်ပေးခဲ့သည်၊ အရှေ့အိန္ဒိယနှင့် တရုပ်ပြည်ဈေးကွက်များ၊ အမေရိကတိုက်အား ကိုလိုနီပြုလုပ်ခြင်း ကိုလိုနီများနှင့် ကူးသန်း ရောင်း ဝယ် ခြင်း၊ ယေဘုယျအားဖြင့် လဲလှယ်ရေးနည်းလမ်းများနှင့် ရောင်းကုန် ပစ္စည်း

များတိုးလာခြင်းတို့က ကူးသန်းရောင်းဝယ်ရေး၊ ရေကြောင်းသွားလာရေး၊ စက်မှုလုပ်ငန်းတို့အား ယင်းမည်သည့်အခါက မျှ မကြုံဘူးသော စေ့ဆော်အားပေးမှုပြုလုပ်ခဲ့သည်။ ဤသို့ဖြင့်ယိုယွင်းပျက်စီးလျက်ရှိသော ပဒေသရာဇ်လူ့အဖွဲ့အစည်းတွင် တော်လှန်ရေးကို လျင်မြန်စွာ ဖြစ်ပေါ် တိုးတက် စေ ခဲ့သည်။

ပဒေသရာဇ်စက်မှုလုပ်ငန်းစနစ်အောက်၌ စက်မှုလုပ်ငန်းကုန်ထုတ်လုပ်ရေးကို ကုန်လုပ်ငန်းအဖွဲ့များက လက်ဝါးကြီးအုပ်ထားခဲ့သည်။ ယခုအခါကြီးမားလာလျက် ရှိသော ဈေးကွက်သစ်များ၏ တောင်းဆိုမှုများအတွက် လုံလောက် ခြင်း မရှိတော့ပေ။ ကုန်ချော ထုတ်လုပ်ရေး စနစ်သည် ယင်း၏နေရာကိုယူလာခဲ့သည်၊ လုပ်ငန်း ပိုင် ရှင် များ ကို ကုန်ချောလုပ်လူလတ်တန်းစားက တဘက်မှတွန်းထုတ်ပစ်လေသည်၊ ခြားနားသော လုပ်ငန်းအဖွဲ့များကြားတွင် လုပ်အား ခွဲဝေမှု သည် အလုပ်ရုံတခုထည်း၌ လုပ်အားခွဲဝေမှုရှေ့မှောက်၌ ပျောက်ကွယ်သွားခဲ့ရသည်။

ဤအချိန်၌ ဈေးကွက်များသည် အမြဲတန်း ကြီး မား လာလျက်ရှိသည်။ တောင်းဆိုမှု သည် လည်း အမြဲတန်း တိုးမြင့်လာလျက်ရှိသည်။ ကုန်ချော လုပ် ငန်း သည်ပင် မလုံလောက်တော့ပေ။ ထိုအခါတွင် ရေနွေးငွေ့နှင့်စက်ကိရိယာက စက်မှု

လုပ်ငန်း ကုန်ထုတ်လုပ်ရေးကို တော်လှန် ပြောင်း လဲ စေ သည်။ ကုန်ချောလုပ်ငန်းနေရာကို ရောမခေတ်မှီ စက်မှုလုပ်ငန်းက အစားထိုးလာခဲ့သည်။စက်မှုလုပ်ငန်း လူလတ်တန်းစား နေရာကို စက်မှုလုပ်ငန်း သန်းကြွယ်သူဌေးများက နေရာယူလာသည်။ စက်မှုလုပ်ငန်းတပ်ကြီးများ၏ ခေါင်းဆောင်များသည် ခေတ်သစ်ဓနရှင် လူတန်းစားဖြစ်လာသည်။

ခေတ်သစ်စက်မှုလုပ်ငန်းကကမ္ဘာ့ဈေးကွက်ကို တည်ထောင်ခဲ့သူ၊ယင်းအတွက် အမေရိကတိုက် တွေ့ရှိမှုက လမ်းခင်းပေးခဲ့သည်၊ ဤဈေးကွက်က ကူးသန်း ရောင်းဝယ်ရေး ရေကြောင်းသွားလာရေးနှင့်ကြည်းကြောင်း သွားလာရေးတို့အား ရောမတိုးတက်မှုဖြစ်စေခဲ့သည်။ဤတိုးတက်မှုက တဖန်ပြန်၍ စက်မှုလုပ်ငန်းတိုးချဲ့မှုကို အားပေးခဲ့သည်။ စက်မှုလုပ်ငန်း၊ကူးသန်းရောင်းဝယ်ရေး ရေကြောင်း သွား လာ ရေး၊ မီးရထားလမ်းများတိုးချဲ့လာသည် အချိုးအစားကိုလိုက်၍ ဓနရှင်လူတန်းစားဖြစ်ပေါ်တိုးတက်လာခဲ့သည်။ ယင်း၏ငွေရင်းကို တိုးတက်စေခဲ့သည်၊အလယ်ပိုင်းခေတ်မှ ဆင်း သက် လာ သည့် လူတန်းစားတိုင်းကိုနောက်ပိုင်းသို့ တွန်းပို့ခဲ့လေသည်။

ထို့ကြောင့်ခေတ်သစ်ဓနရှင်လူတန်းစားကိုယ်တိုင်ပင်- ဖြစ်ပေါ်တိုးတက်ရေးရှည်ကြာသောဖြစ်စဉ်မှ မည်သို့ ပေါက် ဖွား လာခဲ့သည်၊ ကုန်ထုတ်လုပ်ရေး ပုံ စံ များ နှင့် လဲလှယ် ရေး

ပုံစံများတွင် တော်လှန်ရေးများ တဦးတတန်းချည်းမှ မည်သို့ပေါက်ဖွားလာသည်ကို ငါတို့တွေ့ရပေသည်။

ဓနရှင်လူတန်းစား၏ဖြစ်ပေါ်တိုးတက်မှု ခြေလှမ်း တလှမ်းစီတွင် ထိုလူတန်းစား၏ ဆီလျော်စွာ နိုင်ငံရေး တိုးတက်မှုလိုက်ပါလာခဲ့သည်။ (၂၉) ပဒေသရာဇ် မှူးမတ် အုပ်စိုးမှုအောက်၌အဖိနှိပ်ခံလူတန်းစား တရပ်ဖြစ်သည်။ အလယ်ပိုင်းခေတ်ဘုံအဖွဲ့ + တွင်လက်နက်ကိုင်ကိုယ်ပိုင် အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်၊(အီတလီနှင့်ဂျာမဏီပြည်၌မှာကဲ့သို့ပင်)(၃၀)လွတ်လပ်သောမြို့ပြသမတနိုင်ငံရှိခဲ့သည်၊ (ပြင်သစ်ပြည်၌ကဲ့သို့ပင်) (၃၁)ဘုရင်အုပ်စိုးမှု၏ အခွန်ကောက် နိုင်သော "တတိယနယ် ပယ်" ဖြစ် ခဲ့ သည်၊ ထို နောက်၌ ကုန် ချော တုတ်လုပ်သည့်၊ ခေတ် ကာ လ တွင် ဓနရှင် လူ တန်း စား သည်

+။ ။"ဘုံအဖွဲ့"အမည်ကိုပြင်သစ်တွင် ပေါက်ဖွားစမြို့များက "တတိယနယ်ပယ်"ကဲ့သို့ဒေသကိုယ်ပိုင် အုပ်ချုပ်ရေးနှင့် နိုင်ငံရေအခွင့်အရေးများကို သူတို့၏ ပဒေသရာဇ်မြေပိုင်ရှင်များနှင့် အရှင်သခင်များထံမှသိမ်းယူခြင်းမပြုမီကပင် သုံးစွဲခဲ့သည်၊ယေဘုယျ အားဖြင့် ပြောဆိုရလျှင် ဓနရှင်လူတန်းစား၏ စီးပွားရေးဖြစ်ပေါ် တိုးတက်မှုအတွက် အင်္ဂလန်ကိုစံနမူနာထားကြသည်၊ ယင်း၏နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအတွက် ပြင်သစ်ပြည်ကို စံနမူနာထားကြသည်။ (၁၈၈၈ခုနှစ် အင်္ဂလိပ်ဘာသာရိုက်စာအုပ်တွင် အိန်ဂျယ်စ်ရေးသားသောမှတ်ချက်)

မှူးမတ်လူတန်းစားအား ဆန့်ကျင်ရေး၌ မဲတင်းသည့်အနေဖြင့် ပဒေသရာဇ်တပိုင်းသို့မဟုတ် သက်ဦးဆံပိုင် ကေရာဇ်တို့အားအကျိုးပြုကြသည်၊ စင်စစ်ယေဘူယျ အားဖြင့် ဘုရင်ကေရာဇ်အုပ်ချုပ်ရေးကြီးများ၏ အချက် အချာ ဖြစ်ခဲ့သည်၊ မနုရှင်လူတန်းစားသည် နောက်ဆုံး၌ ခေတ်သစ် စက်မှုလုပ်ငန်းနှင့် ကမ္ဘာ့ဈေးကွက်ကို တည် ထောင် လိုက်သည် မှစ၍၊ ခေတ် သစ် ကိုယ် စား လည် လွှတ်ရသော နိုင်ငံတော်တွင် မိမိအတွက်နိုင်ငံရေးအုပ်စိုးမှုကို လုံးဝသိမ်းယူခဲ့သည်၊ ခေတ်သစ်နိုင်ငံတော်၏အုပ်ချုပ်ရေးအဖွဲ့သည် မနုရှင်လူတန်းစား တရပ်လုံး၏ဘုံအရေးကိစ္စများအား စီမံဆောင်ရွက်ရေး အတွက် ကော်မီတီတရပ်သာဖြစ်ပေသည်။

သမိုင်းရေးရာအားဖြင့် မနုရှင် လူတန်းစားသည် အလွန်တော်လှန်ရေးအခန်းမှ ပါဝင်ခဲ့လေသည်။

မနုရှင်လူတန်းစားသည် မိမိအထက်စီးရသည့် နေရာတိုင်း၌ ပဒေသရာဇ်ဆက်ဆံရေးများ၊သမတအုပ်စိုးမှု ဆက်ဆံရေး

"ဘုံအဖွဲ့"မှာအီတလီနှင့် ပြင်သစ်ပြည်မှ မြို့သားများက သူတို့၏ ပဒေသရာဇ်မြေပိုင်ရှင်များထံမှ အစကနဦးကိုယ်ပိုင် အုပ်ချုပ်ရေး အခွင့်အရေးများကို ဝယ်ယူရရှိခဲ့ပြီးသည့်နောက်၌သူတို့၏ မြို့ပြနေလူ့ အဖွဲ့အစည်းများအားပေးသောအမည်ဖြစ်သည်။

များနှင့် ကျေးတောဂလေ့ဆက်ဆံရေးများ အားလုံးကို ဖျက်သိမ်းခဲ့သည်၊ယင်းကလူအားသူ၏ "သဘာဝ အကြီးအကဲများ"နှင့် ချည်နှောင်ထားသည့် ပဒေ သရာဇ် အနှောင် အဖွဲ့များအမျိုးမျိုးကိုအညှာတာကင်းမဲ့စွာ ဆုတ်ခွဲပစ်ခဲ့လေသည်၊ လူနှင့်လူကြားတွင် အခြားဖွဲ့နှောင်မှုတစုံတရာ မထားရှိတော့ဘဲ၊ ပြောင်ပြောင် ကိုယ်ကျိုးသက်သက်နှင့်အကြင်နာကင်းမဲ့သော "ငွေလက်ငင်းရရှိရေး" ဖွဲ့နှောင်မှုသာ ရှိတော့ သည်။ ယင်းကအလွန်ဘုရား-တရားကြည်ညိုခြင်း၊ သူတထူး ကောင်းကျိုးအတွက်စွန့်စားလိုစိတ်ပြခြင်း၊ စိတ်သိမ်မွေ့ နူးညံ့ခြင်းတို့အားကိုယ်ကျိုးကိုသာတွက်သည် စေက်သော ရေထဲတွင် နစ်မြုပ်စေခဲ့လေသည်။ ယင်းကလူ၏တန်ဘိုးကိုလဲလှယ်ရေး တန်ဘိုးအဖြစ်ရောက်ရှိစေခဲ့သည်၊တန်ဘိုးကြီးမားစွာပေး၍ရယူခဲ့ရသော မရေတွက်နိုင်သော မှတ်တမ်းတင် လွတ်လပ်ရေးများ နေရာတွင် ဘာကိုမျှ ငဲ့ကွက်ခြင်း မရှိသည့် တခုတည်းသော လွတ်လပ်ရေးကို ထူထောင်လာသည်၊ ထိုလွတ်လပ်ရေးသည် လွတ်လပ်စွာကူးသန်း ရောင်းဝယ်ရေးပင်ဖြစ်သည်၊ တနည်း ဆိုရလျှင် ဘာသာရေးနှင့်နိုင်ငံရေး လှည့်စားမှုများ ဖြင့် ဖုံး အုပ်ထားသော သွေးစုတ် ချယ်လှယ်ရေး နေရာတွင် ပြောင် ပြောင်၊အရှက်မရှိ၊တိုက်ရိုက်ရက်စက်ကြမ်းကြုတ်စွာ သွေးစုတ် ချယ်လှယ်မှုကို အစားထိုးလာခဲ့လေသည်။

မနုရှင်လူတန်းစားက ယခုအချိန်အထိ ဂုဏ်ပြုကြည်ညိုလေး

စား ခဲ့သော အလုပ်အကိုင်တိုင်း၏ဂုဏ်ကြက်သရေကိုချုတ်ချုပ လိုက်သည်၊ ဆရာဝန်၊ ရှေ့နေ၊ဘုန်းကြီး၊ ကဗျာဆရာနှင့်သိ ပညာရှင်များကို ယင်း၏လုပ်ခစား အလုပ်သမားများ အဖြ ပြောင်းလဲလိုက်လေသည်။

မနရှင်လူတန်းစားသည် အိမ်ထောင်ရေးမှ ယင်း၏ သိမ် မွေ့နူးည့ံသော၊ဖုံးအုပ်မှုကို ဆုတ် ဖြဲ ပစ်လိုက်၍ အိမ်ထော ရေးဆက်သွယ်မှုကိုငွေကြေးဆက်သွယ်မှုအဖြစ်သို့ ရောက်ရှိစေ သည်။

မနရှင်လူတန်းစားက ဖောက်ပြန်ရေး သမားများ အလွန် အကြူးသဘောကျသည့် အလယ်ပိုင်းခေတ်တွင် ကြမ်း ကြမ်း တမ်းတမ်း အင်အားပြမှုသည် လှုပ်ရှားမှုမရှိဆုံး ဖြစ်သည်ကို မည်သို့တွေ့ရှိလာရကြောင်းကို ဖော်ပြပေသည်။လူ၏လှုပ်ရှားမှု သည်မည်မျှ စွမ်းစွမ်းတမံ့ ဖြစ်နိုင်ကြောင်းကို ယင်းကပထမ ဦးစွာဖေါ်ပြလာခဲ့သည်၊ ယင်းကအီဂျစ်ပြည်ပီရမစ်အဆောက် အဦများ၊ရောမ ရေကာတာကြီးများနှင့် ဂိုသစ် ဘုရားရှစ်ခိုး ကျောင်းများထက်ပင်များစွာသာလွန်သော အံ့သြဘွယ်ရာများ ကိုမနရှင်လူတန်းစားက ဖြစ် မြောက် စေ ခဲ့ သည်၊ ယခင်က လူမျိုးများအလိုက် ပြောင်းရွှေ့ နေထိုင်ခြင်းနှင့် ဘာသာရေး စစ်ပွဲများခင်းကျင်းခြင်းအားလုံးတို့အား သေးသိမ် မှေးမှိန်စေ သောဆောင်ရွက်မှုကြီးများကို ပြုလုပ်ခဲ့လေသည်။

မနရှင်လူတန်းစားသည် ကုန်ထုတ်လုပ်ရေး ကိရိယာ များ အား အမြဲတန်းတော်လှန်ပြောင်းလဲရေး မလုပ်ပါက၊ တည် နေနိုင်မည်မဟုတ်ပေ။ ဤသို့ဖြင့်ကုန်ထုတ်လုပ်ရေး ဆက်သွယ် မှုများကိုလည်းတော်လှန် ပြောင်းလဲစေသည်။ ဤသည်တို့ နှင့် အတူ လူ့အဖွဲ့အစည်း၏ ဆက်သွယ်မှုများတရပ်လုံးကိုလည်း တော်လှန် ပြောင်းလဲစေ သည်။ ဤနှင့်ဆန့်ကျင်၍၊ အသွင် ပြောင်းလဲခြင်းမရှိဘဲ၊ ကုန်ထုတ်လုပ်ရေးနည်းလမ်း ဟောင်း များအား ထိန်းသိမ်းထားခြင်းသည် မနရှင်ခေတ် မ တိုင် မီ စောစောပိုင်း စက်မှုလုပ်ငန်း လူတန်းစားများအားလုံး တည် တန့်ရေးအတွက် ပဌမဆုံး အခြေအနေဖြစ်သည်။

မနရှင်ခေတ်သည် စောစောပိုင်းခေတ်များအားလုံး(၃၂) မှ အမြဲတန်း ကုန်ထုတ်လုပ် ရေး တော်လှန်ပြောင်းလဲခြင်း၊ လူမှုရေးအခြေအနေများအားလုံး အဆက်မပြတ်မငြိမ်မသက် ဖြစ်ခြင်း၊ ထာဝစဉ် စိတ်မချရခြင်း နှင့် လှုံ့ဆော်ခြင်းတို့ဖြင့် ခြားနားပေသည်။ ပုံသေကားကျ ခိုင်မာနေသော ဆက်သွယ် မှုများသည် သူတို့၏နောက်မှလိုက်ပါလာသော ရှေးခေတ် ပုံသေကားကျ တရို တသေ ဖြစ် နေသော အယူသီးမှုများနှင့် အယူအဆများနှင့်အတူ ဖယ်ရှားပစ်လိုက်ပေသည်။ အသစ် အသစ်ဖြစ်ပေါ်လာသော ဆက်သွယ်မှုများသည်လည်းအသား မကျမီ ခေတ်မမှီဖြစ်လာသည်၊ အခိုင်အမာဖြစ်သော အရာ အားလုံးတို့သည် လေဖြစ်သွားလေသည်။ မြင့်မြတ်သောအရာ

အားလုံးသည် ယုတ်ညံ့သောအရာဖြစ်လာသည်၊ နောက်ဆုံး၌လူသည် ဆင်ခြင်မှုများ၊ သူ၏တကယ့်ဘဝအခြေအနေများနှင့် လူလူချင်းဆက်သွယ်မှုများတို့နှင့် ရင်ဆိုင်ခဲ့ရလေသည်။

ယင်း၏ထွက်ကုန်များအတွက် အမြဲတန်း တိုးချဲ့လျက် ရှိသော ဈေး ကွက် လို အပ်မှု က မနေရှင် လူတန်း စား အား ကမ္ဘာ့မြေပြင်တဝှမ်းလုံးသို့ ရောက်ရှိစေသည်။ ယင်းသည်နေရာတကာ၌ အဆောက်အအုံဖွဲ့ရပေမည်။ နေရာတကာ၌သွားရောက်နေထိုင်ရပေမည်၊ နေရာတကာ ၌ ဆက်သွယ် မှု များ တည်ဆောက်ရပေမည်။

မနေရှင်လူတန်းစားသည် ကမ္ဘာ့ဈေး ကွက်အား အသုံးချခြင်းအားဖြင့် တိုင်းပြည်တိုင်းတွင် ကုန်ထုတ်လုပ်ရေးနှင့်စားသုံးရေးအား တကမ္ဘာလုံးနှင့် သက်ဆိုင်သော လက္ခဏာ ကို ဆောင်စေသည်၊ ဖောက်ပြန်ရေးသမားများ စိတ်အပျက်ကြီးပျက်စရာကောင်းသည့် အချက်မှာ၊ စက်မှု လုပ်ငန်း၏ ခြေထောက်အောက်မှ ယင်းရပ်တည်နေသည့် အမျိုး သား ရေး အခြေခံကို ဆွဲထုတ် လိုက်သည်၊ ရှေး အခါက တည် ထောင်ထားသည့်အမျိုးသား စက်မှုလုပ်ငန်းဟောင်းများ အားလုံးကို ဖျက်ဆီးပစ်လိုက်လေသည်၊ သို့မဟုတ်နေ့စဉ်နှင့်အမျှဖျက်ဆီးလျက်ရှိသည်။ အမျိုးသားစက်မှုလုပ်ငန်းဟောင်းများကို စက်မှုလုပ်ငန်းသစ်များက အစားထိုးလိုက်သည်၊ စက်မှု လုပ် ငန်း

သစ်များသည်စတင်လုပ်ကိုင်ခြင်းကယဉ်ကျေးသော နိုင်ငံများအားလုံးအတွက် သေရေးရှင်ရေးပြဿနာဖြစ်လာသည်၊ ပြည်တွင်းထွက် ကုန်ကြမ်းပစ္စည်းကိုသာ မှီခိုလုပ်ကိုင်သည့် စက်မှုလုပ်ငန်းများမဟုတ်တော့ဘဲ၊ အစွန်အဖျား အကျဆုံး နေရာများမှ ကုန်ကြမ်းပစ္စည်းများကို မှီခိုလုပ်ကိုင်လာသည်၊ ဤစက်မှုလုပ်ငန်းသစ်များမှထုတ်လုပ်သော ထွက်ကုန် သစ် များ ကို ပြည်တွင်း၌သာမကဘဲ။ ကမ္ဘာ့ဒေသတိုင်း၌ စားသုံး လာကြသည်၊ တိုင်းပြည်၏ကုန်ထုတ်လုပ်ရေးများက ဖြည့်စွမ်းခဲ့သည့်အလိုဆန္ဒဟောင်းများနေရာ၌ ရပ်ဝေးဒေသများနှင့်နိုင်ငံများမှ ထွက်ကုန်များ၏ဖြည့်စွမ်းမှုကို လိုအပ်သည့်အလို ဆန္ဒသစ်များကို ငါတို့တွေ့ရှိရသည်၊ ဒေသဆိုင်ရာနှင့်အမျိုးသားဆိုင်ရာ သီးခြားတည်ရှိမှုနှင့်မိမိဘာသာသာလုံလောက်မှုဟောင်းနေရာ၌၊ ငါတို့အရပ်ရပ်ဆက်သွယ်မှုရှိလာသည်၊ နိုင်ငံများ၏နေရာတကာ အပြန် အလှန်မှီခို မှု ရှိ လာ သည်။ အရာဝတ္ထုပစ္စည်းကုန်ထုတ်လုပ်ရေး၌မှာကဲ့သို့ပင် ဉာဏ် ပညာရေးရာ၌ လည်း ဤသို့ဖြစ်ခဲ့သည်၊ တနိုင်ငံချင်း၏ ပညာရေးဖန်တီးမှုများသည် ဘုံပစ္စည်းဖြစ်လာသည်၊ အမျိုးသားရေး တဘက်သတ်ဖြစ်မှုနှင့်သဘောထားကျဉ်းမြောင်းမှုတို့သည်ပို၍ မဖြစ်နိုင်ဖြစ်လာသည်၊ မြောက်မြားလှစွာသော အမျိုးသားဆိုင်ရာ ဒေသဆိုင်ရာစာပေများမှ ကမ္ဘာ့စာပေပေါ်ပေါက်လာပေ သည်။

မနေရှင်လူတန်းစားသည် ကုန်ထုတ်လုပ်ရေး ကိရိယာများအားလုံးလျင်မြန်စွာ တိုးတက်ကောင်းမွန်စေခြင်း၊ လမ်းပန်း

ဆက်သွယ်ရေးနည်းလမ်းများ ရောမကြီးစွာတိုးတက်လာခြင်း
တို့အားဖြင့်၊ ဒေ၀ရိုင်းစိုင်းဆိုးပင် မကျန်ရအောင် လူမျိုးများနှင့်
နိုင်ငံများအားလုံးကို ယဉ်ကျေးမှု နယ်ပယ်ထဲသို့ ဆွဲသွင်းလာ
သည်၊ ယင်းကုန်ပစ္စည်းများ၏ သက်သာသော စျေးနှုန်းများ
သည် တရုပ်တံတိုင်းကြီးများအားလုံးကို ဖြိုခွင်းပစ်သည့် အ
မြောက်တပ်ကြီးဖြစ်ပေသည်၊ ဓနရှင်လူတန်းစားက သက်သာ
သောစျေးနှုန်းဖြင့် လူရိုင်းများ၏ နိုင်ငံခြားသားများ အား
ခါးခါးသီးသီးရှိမုန်းမှုကိုအညံ့မခံစေရန် အကြပ်ကိုင်သည်၊
ဓနရှင်လူတန်းစားက နိုင်ငံများအားလုံးကို အမျိုးပြုတ်ခံရ
မည့်အန္တရာယ်ဖြင့် ဓနရှင်လူတန်းစား ကုန်ထုတ်လုပ်ရေး ပုံစံ
ကိုလက်ခံစေရန်အကြပ်ကိုင်သည်၊ ဓနရှင် လူတန်းစားက ယဉ်
ကျေးမှုဟူသည့်အရာကို သူတို့ခံယူရန်အကြပ်ကိုင်သည်၊ ဆိုလို
သည်မှာ သူတို့ကိုယ်တိုင်ဓနရှင်အဖြစ်ခံယူရန်ဖြစ်သည်၊တနည်း
ဆိုလျှင်ဓနရှင် လူတန်းတန်းစားကမိမိ၏ ပုံသဏ္ဍာန် အတိုင်း
လိုက်၍ ကမ္ဘာကြီးအားဖန်တီးပေသည်။

ဓနရှင်လူတန်းစားက ကျေးလက်ဒေသအား မြို့များ၏
အုပ်စိုးမှုအောက်သို့ရောက်ရှိစေသည်၊ ယင်းက ရောမ မြို့ကြီး
များကို ဖန်တီးခဲ့သည်၊ကျေးလက်ဒေသနှင့် နှိုင်းယှဉ်လျှင် မြို့ပြ
လူဦးရေကြီးစွာ တိုး တက် လာ ခဲ့သည်၊ ဤသို့ဖြင့် လူဦးရေ
အတော်ကြီးများသော အစိတ်အပိုင်းကို ကျေးလက် ဘ၀၏
အသိဥာဏ်ပညာကင်းမဲ့မှုမှ ကယ်တင်ခဲ့လေသည်၊ ကျေးလက်

ဒေသကမြို့များပေါ်တွင် မှီခိုနေရအောင် ပြုလုပ် သကဲ့သို့ ပင်၊
လူရိုင်းနှင့်လူရိုင်း တပိုင်းတိုင်းပြည်များအား ယဉ်ကျေးသော
တိုင်းပြည်ပေါ်တွင်မှီခိုစေသည်၊ လယ်သမား နိုင်ငံများအား
ဓနရှင်နိုင်ငံများပေါ်တွင် မှီခိုစေသည်၊အရှေ့တိုင်းကိုအနောက်
တိုင်းအပေါ်တွင်မှီခိုစေသည်။

ဓနရှင်လူတန်းစားက လူဦးရေပြန့်ကြဲတည်ရှိမှု၊ ကုန်ထုတ်
လုပ်ရေးစွမ်းအားများပြန့်ကြဲတည်ရှိမှု၊ပစ္စည်းများ ပြန့်ကြဲတည်
ရှိမှုတို့ကိုပို၍ပို၍ပပျောက်စေသည်၊ ယင်းကလူဦးရေကိုစုပေါင်း
နေထိုင်စေသည်၊ ကုန်ထုတ်လုပ်ရေး စွမ်းအားများကို စုစည်း
လာစေသည်၊ပစ္စည်းများကို အနည်းငယ်သော လက်များထဲ
တွင်စုစည်းလာစေသည်၊ ဤသို့ ဖြစ်ခြင်းကြောင့်- လိုအပ်စွာ
ဖြစ်လာသောအကျိုးသက်ရောက်မှုမှာ နိုင်ငံရေး ဗဟိုချုပ်ကိုင်
မှုဖြစ်သည်။ လွတ်လပ်သော သို့မဟုတ် သီးခြားအကျိုးကျေး
ဇူးများ၊ဥပဒေများ၊အစိုးရများနှင့် အခွန်အ ကောက်စနစ်
များရှိသည့် လျော့ရဲစွာ ဆက်သွယ် ထားသော ပြည်နယ်များ
ကိုအစိုးရတဖွဲ့တည်း၊ဥပဒေတရပ်တည်း၊ အမျိုးသား လူတန်း
စားအကျိုးကျေးဇူးတခုတည်း၊နယ်နိမိတ်တခုတည်းနှင့် အခွန်
အကောက်စနစ်တခုတည်းရှိသည့် နိုင်ငံ တနိုင်ငံအဖြစ်စုပေါင်း
လာလေသည်။

ဓနရှင်လူတန်းစားသည်၊ယင်း၏အုပ်စိုးမှု နှစ်ပေါင်း ၁၀၀
မပြည့်မီအတွင်း၌၊ယခင်လူမျိုးဆက်များအားလုံးတို့အတူတကွ

လုပ်ကိုင်ထားခဲ့သည်ထက်ပင်၊ ပို၍ ထုထည် လိုက် လည်း ဖြစ် ပို၍ရောမကြီးမားမှုလည်းရှိသော ကုန်ထုတ်လုပ်ရေးအင်အားစုများ ကို ဖန် တီးခဲ့ သည်၊ သဘာဝ အင် အား စု များ ကို လူကအောင်နိုင်ခြင်း၊ စက်ယန္တယား တီထွင်ထုတ်လုပ်ခြင်း၊ စက်မှုလုပ်ငန်းနှင့်လယ်ယာလုပ်ငန်းတွင် ဓါတုဗေဒကို အသုံးပြုလာခြင်း၊ ရေ နွေး ငွေ့ သင်္ဘောများ တည် ဆောက် ခြင်း၊ မီးရထားလမ်းများဖေါက်ခြင်း၊ လျှပ်စစ်ကြေးနန်း တည် ထွင်ခြင်း၊ တိုက်ကြီးတတိုက်လုံးကို စိုက်ပျိုးရေးအတွက်ရှင်းလင်းခြင်း၊ တူးမြောင်းများတူးဖေါဖေါက်လုပ်ခြင်း၊ လူဦးရေများ တရပ်လုံးမြေထဲမှ ထွက်လာသကဲ့သို့ တိုးပွားလာခြင်းတို့သည် စောစောပိုင်းရာစုနှစ်လူများက လူမှုရေးလုပ်အား၏ ရင်ခွင်ထဲတွင် ဤကဲ့သို့သော ကုန်ထုတ်လုပ်ရေး အင်အားစုများ ကိန်းအောင်းနေသည်ကို တွေးတောခြင်းပင်မပြုမိခဲ့ကြပေ။

ဓနရှင်လူတန်းစားက မိမိကိုယ်ကို တည် ဆောက် လာ ခဲ့သည့် အခြေခံဖြစ်သော ကုန်ထုတ် လုပ် ရေး စွမ်းအား များနှင့်လဲလှယ်ရေး နည်းလမ်း များသည် ပဒေသရာဇ်လူ့ အဖွဲ့အစည်းတွင် သန္ဓေတည်လာသည်ကို ငါတို့တွေ့ရသည်၊ ဤကုန်ထုတ်လုပ်ရေးစွမ်းအားများ နှင့် လဲလှယ်ရေး နည်းလမ်းများဖြစ်ပေါ်တိုးတက်မှု အဆင့် တဆင့်တွင်၊ ပဒေသရာဇ်၏ လူ့အဖွဲ့အစည်းက ကုန်ထုတ်လုပ်ခဲ့၊ လဲလှယ်ခဲ့သည့် အခြေအနေများ၊ ပဒေသရာဇ်လယ်ယာလုပ်ငန်း နှင့် ကုန်ထုတ်လုပ်

ရေးစက်မှု လုပ် ငန်း ဖွဲ့ စည်းမှု၊ တနည်းဆိုလျှင်၊ ပဒေသရာဇ်ပစ္စည်းဆက်သွယ်မှုများသည် တိုးတက်လာခဲ့ပြီဖြစ်သော ကုန်ထုတ်လုပ်ရေးအင်အားစုများနှင့် မကိုက်ညီဖြစ် လာ ခဲ့ သည်။ (၃၃) ပဒေသရာဇ်ပစ္စည်း ဆက်သွယ်မှုများသည် အနှောင်ဖွဲ့မှုများစွာဖြစ်လာခဲ့သည်၊ ဤနှောင်ဖွဲ့မှုများကို ချိုးဖျက် ပစ်ရပေမည်၊ ဤနှောင်ဖွဲ့မှုများကို ချိုးဖျက်ပစ်လိုက်ကြသည်။

သူတို့၏နေရာ၌ လွတ်လပ်စွာ ပြိုင်ဆိုင်ရေးက ငင် ရောက်လာခဲ့သည်၊ ယင်းနှင့် ကိုက်ညီသည့် လူမှုရေး နှင့် နိုင်ငံရေး အဆောက်အအုံ လိုက်ပါလာသည်၊ ဓနရှင်လူတန်းစား၏ စီးပွားရေးနှင့်နိုင်ငံရေးလွှမ်းမိုးမှုလည်း လိုက်ပါလာသည်။

အလားတူလှုပ်ရှားမှုသည် ငါတို့ မျက်စိရှေ့၌ ဖြစ်ပွားလျက်ရှိသည်။ ယင်း၏ကုန်ထုတ်လုပ်ရေး ဆက်သွယ် မှုများ၊ လဲလှယ်ရေးနည်းလမ်းများနှင့်ပစ္စည်း ဆက်သွယ်မှုများ ရှိသည့် ခေတ်သစ်ဓနရှင် လူ့ အဖွဲ့အစည်း၊ ဤမျှရောမကြီးမားသော ကုန်ထုတ်လုပ်ရေး စွမ်းအားများနှင့် လဲလှယ်ရေး နည်းလမ်းများကို ထုတ်ဖေါ်လိုက်သည့် လူ့ အဖွဲ့ အစည်းသည် မိမိကိုယ်တိုင်ပင် ဂါထာ မန္တ ရား ဖြင့် မန်းမှုတ် ဖန် တီး လိုက် သော တစ္ဆေကြီးကိုမနိုင်နိုင်တော့သည့် အောက်လမ်းဆရာနှင့်တူပေသည်၊ ကုန်လွန်ခဲ့သော ဆယ် စုနှစ် များစွာ ကာလ အတွက်၊ စက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း သမိုင်း

သည့် ခေတ်မှီကုန်ထုတ်လုပ်ရေး အင်အားစုများက၊ ခေတ်မှီကုန်ထုတ်လုပ်ရေးအခြေအနေများအား ဆန့်ကျင် ပုန်ကန်မှုသမိုင်းဖြစ်ပေသည်။ ဓနရှင်လူတန်းစားတည်ရှိရေး နှင့် ယင်း၏အုပ်စိုးမှုတည်ရှိရေး အတွက် အခြေ အ နေ များ ဖြစ် သည့် ပစ္စည်းဆက်သွယ်မှုများအား ဆန့်ကျင် ပုန်ကန်မှုသမိုင်း ဖြစ်ပေသည်၊ ကာလအလိုက် ပေါ် ပေါက် လာ သည့် ကူးသန်းရောင်းဝယ်ရေး အကြပ် အတီး များ က ဓနရှင် အဖွဲ့အစည်းတရပ်လုံး၏ တည်တန့်မှုကို တကြိမ် ထက် တကြိမ်ပို၍ ခြိမ်းခြောက်လာသည်၊ ဤ စီးပွားရေး အကြပ် အတီးများ တွင်းတည်ရှိနေသည့် ထွက်ကုန်များသာမကဘဲ၊ ယခင်ကဖန်တီးထားခဲ့သည့် ကုန်ထုတ်လုပ်ရေးအင်အားစုများတို့၏ ကြီးမားသောအစိတ်အပိုင်းကိုလည်း စီးပွားပျက်ကပ် ကာလကိုလိုက်၍ ဖျက်ဆီးပစ်ခဲ့ကြသည်၊ ဤအကြပ် အတီး ကပ် များ တွင် ယခင်စောစောပိုင်း ခေတ်များအားလုံး၌ ယုတ္တိမရှိဟုထင်ရမည့် ကုန်ထုတ်လုပ်ရေး လွန်ကဲမှု ကပ်ကြီး ဖြစ် လာ သည်၊ လူ့အဖွဲ့အစည်းသည် ယာယီအားဖြင့် လူရိုင်းဘဝအခြေအနေသို့ ပြန်လည်ရောက်ရှိသွားသည်ကို ရုတ်တရက်အားဖြင့်တွေ့ရသည်၊ နေရာတကာပျက်စီးရေး ကပ်ကြီးက အ သက် ရှင်တည်တန့်ရေးနည်းလမ်းဟူသမျှထောက်ပံ့မှုအားဖြတ်တောက်ပစ်လိုက်သည့် အငတ်ဘေးကြီး ကျရောက် လာသကဲ့သို့ ထင်ရသည်။ စက်မှုလုပ်ငန်း နှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းတို့ကိုလည်း ဖျက်ဆီးပစ်လိုက်သည်ဟု ထင်ရသည်။ အဘယ်

ကြောင့်နည်း၊ ယဉ်ကျေးမှုအလွန့် လွန်ရှိခြင်း၊ အသက် ရှင်တည်တန့်ရေးစွမ်းအားများ အလွန်ပေါများခြင်း၊ စက်မှုလုပ်ငန်းအလွန်ထွန်းကားခြင်း၊ ကူးသန်း ရောင်း ဝယ်ရေး အလွန်များပြားခြင်း တို့ကြောင့် ဖြစ် သည်၊ လူ့ အဖွဲ့ အစည်းတွင်ရှိသော ကုန်ထုတ်လုပ်ရေးအင်အားစုများသည် ဓနရှင် ပစ္စည်းအခြေအနေများတိုးတက်မှုကို ဆက်၍ အကျိုး မပြုတော့ ပေ။ (၄၄) ဤနှင့်ဆန့်ကျင်၍ ကုန်ထုတ်လုပ်ရေး အင်အားစုများသည် ဤအခြေအနေများထက်ပို၍ စွမ်းအားအလွန် ကြီးမားလာကြသည်။ ဤအခြေအနေများက ကုန်ထုတ်လုပ်ရေး အင်အားစုများအား ချည်နှောင်ထားကြသည်။ကုန်ထုတ်လုပ်ရေးအင်အားစုများက ဤနှောင်ဖွဲ့မှုများအား ကျော်လွှား လာနိုင်သည်နှင့်တပြိုင်တည်းတွင် ကုန်ထုတ်လုပ်ရေးအင်အားစုများက ဓနရှင်လူ့အဖွဲ့အစည်းတရပ်လုံးထဲသို့ ဖရိုဖရဲဖြစ်မှုကို ဆောင်ယူလာသည်၊ ဓနရှင်ပစ္စည်းတည်တန့်မှုကိုလည်း အန္တရာယ် ပြုလာသည်။ ဓနရှင်လူ့အဖွဲ့အစည်း၏ အခြေအနေ များသည် ဓနရှင်လူ့အဖွဲ့အစည်းက ဖန်တီးခဲ့သော ချမ်းသာ ကြွယ်ဝမှုကို ထိန်းသိမ်းထားရန် အလွန့်ကျဉ်းမြောင်းပေသည်။ ဓနရှင် လူတန်းစားသည်ဤအကြပ်အတည်းများကို မည်သို့ ကျော်လွှားပါသနည်း၊ တဘက်တွင် ကုန်ထုတ်လုပ်ရေးအင်အားစု များအစုအပြုံလိုက်ကို ဖျက်ဆီးပစ်ခြင်းဖြင့် ကျော် လွှားသည်။ အခြားတဘက်တွင် ဈေးကွက်သစ်များ သိမ်းယူခြင်းနှင့် ဈေးကွက်ဟောင်းများအား ပို၍ပိုင်နိုင်စွာ သွေးစုပ်ချယ်လှယ်ခြင်း

အစားကိုလိုက်၍ အလုပ်၏တာဝန်သည်လည်း ကြီးလာသည်။ အလုပ်ချိန်နာရီများတိုးခြင်းဖြင့် ဖြစ်စေ၊ ပေးထားသောအလုပ်ချိန်တွင် လုပ်အားပိုထုတ်ခြင်းဖြင့်ဖြစ်စေ၊ စက်ကိရိယာ၏ တိုးတက်သော မြန်နှုန်းဖြင့်ဖြစ်စေ၊ အလုပ်တာဝန်သည်လည်း ကြီးလာသည်။

ခေတ်သစ်စက်မှုလုပ်ငန်းက သမတခေတ်ပိုင်ရှင်၏ အလုပ်ရုံကလေးကို စက်မှုလုပ်ငန်းရှင်၏ စက်ရုံကြီးအဖြစ် ပြောင်းလဲခဲ့သည်။ စက်ရုံထဲသို့ စုရုံးရောက်ရှိလာခဲ့သည့်အလုပ်သမားလူထုများကို စစ်သားများကဲ့သို့ စည်းရုံးထားခဲ့သည်။ စက်မှုလုပ်ငန်းတပ်ကြီး၏ တပ်သားများဖြစ်သဖြင့် သူတို့ကို အရာရှိ များနှင့် အရာခံများ၏ စီမံအုပ်ချုပ် အမိန့်ပေးမှုအောက်၌ထားရှိသည်။ သူတို့သည် ဓနရှင် လူတန်းစား၏ ကျေးကျွန်များ ဖြစ်ရုံသာမကဘဲ ဓနရှင်နိုင်ငံတော်၏ ကျေးကျွန်လည်းဖြစ်သည်။ စက်ကိရိယာက ကြီးကြပ်ကြည့်ရှုသူများက အားလုံးထက် တဦးချင်းဓနရှင် ကုန်ထုတ်လုပ်ငန်း ပိုင်ရှင်ကိုယ်တိုင်တို့ကနေ့စဉ်နှင့်အမျှ နာရီနှင့်အမျှ သူတို့အားကျွန်ပြုလုပ်ကြသည်။ ဤသက်ဦးဆံပိုင်အုပ်စိုးမှုက အမြတ်ရရေးသည်ယင်း၏အဆုံးသတ်ရည်ရွယ်ချက်ဖြစ်ကြောင်းကိုပို၍ ပြောင်ကျစွာ ကြေညာလာလေလေ၊ ပို၍သေးသိမ်၊ ပို၍ရွံမုန်းစရာနှင့် ပို၍စိတ်နာစရာ ဖြစ်လာ လေသည်။

ကာယအလုပ်၌ ကျွမ်းကျင်မှုနှင့်အင်အား စိုက်မှု နည်းလာ

လေလေ၊ တနည်းဆိုလျှင် ခေတ်မှီစက်မှုလုပ်ငန်းပို၍ တိုးတက်လာလေလေ၊ ယောက်ျားများ၏လုပ်အားကို မိန်းမများ၏ လုပ်အားက အစားထိုးလာလေလေ ဖြစ်သည်။ (၃၆) အသက်အရွယ်နှင့် ကျားမလိင်ခြားနားမှုများသည် အလုပ်သမား လူတန်းစားအတွက် တစုံတရာထူးခြားသော လူမှုရေး ခိုင်လုံမှု မရှိတော့ပေ။ အားလုံးသည် လုပ်အားကိရိယာများဖြစ်သည်။ သူတို့၏ အသက်အရွယ်နှင့် ကျားမလိင်ကိုလိုက်၍ အသုံးချရန်စားရိတ်အနည်းအများသာ ကွာခြားပေသည်။

ကုန်ထုတ်လုပ်ငန်းပိုင်ရှင်က အလုပ်သမားများအား သွေးစုပ်ချယ်လှယ်ပြီးလျှင် နောက်ဆုံး၌သူ၏လုပ်ခများကို ငွေလက်ငင်းရရှိသောအခါတွင် သူ့အားဓနရှင်လူတန်းစား၏ အခြားအစိတ်အပိုင်းများ ဖြစ်သော မြေပိုင်ရှင်၊ ဈေးဆိုင် ပိုင်ရှင်၊ အပေါင်ဆိုင်ရှင်စသည်တို့က ဝိုင်းအုံသွေးစုပ်ချယ်လှယ်ကြပြန်သည်။

လုပ်ငန်းပိုင်ရှင်ကလေးများ၊ ဈေးဆိုင်ပိုင်ရှင်ကလေးများ၊ ယေဘူယျအားဖြင့် အနားယူထားသော လုပ်ငန်းရှင် ကလေးများ၊ လက်မှုပညာရှင်များနှင့် လယ်သမားများဖြစ်သော လူလတ်တန်းစား အောက်လွှာအားလုံးသည် ပစ္စည်းမဲ့ဘဝသို့တဖြည်းဖြည်း ကျရောက်ရသည်။ သူတို့၏ ဆုတ်ယုတ်နေသော ငွေရင်းသည် ခေတ်မှီစက်မှုလုပ်ငန်းအား လုပ်ကိုင် နေသည့် အတိုင်း

အတာ နှုံးအတွက်မလုံလောက်ခြင်း၊ အရင်းရှင်ကြီး များနှင့် အပြိုင်အဆိုင်ပြုလုပ်ရာ၌ ငွေရင်း မြုပ်သွားခြင်း တို့ကြောင့် တကြောင်း၊ သူတို့အထူးလိုက်စားထားသော ကျွမ်းကျင်မှုကို ကုန်ထုတ်လုပ်ရေးနည်းလမ်းသစ်များကတန်ဘိုးမရှိ ဖြစ်စေခြင်း ကြောင့်တကြောင်း၊ပစ္စည်းမဲ့ဘဂသို့ တဖြေးဖြေး ကျရောက်ရ သည်။ဤသို့ဖြင့်ပစ္စည်းမဲ့ လူတန်းစားသည် လူ ဦး ရေ ၏ လူတန်းစား များ အား လုံး မှ လူ သစ် များ စု ဆောင်း ခဲ့ လေသည်။

ပစ္စည်းမဲ့ လူတန်းစားသည် အသီးသီးသောဖြစ်ပေါ် တိုး တက်မှု အဆင့်များကို ဖြတ်သန်းရသည်။ပစ္စည်းမဲ့လူတန်းစား သည်၊ ပေါက်ဖွားလာချိန်မှစ၍ ဓနရှင် လူတန်းစားနှင့် ယင်း တိုက်ပွဲကိုစတင်လာသည်။ ပဌမတွင်တိုက်ပွဲကို တဦးချင်းအလုပ် သမားများက ဆင်နွှဲသည်။ ထို့နောက်၌စက်ရုံ တရုံမှ အလုပ် သမားများ၊ ထို့နောက်၌ လုပ်ငန်းတရပ်လုံးမှ အလုပ် သမား များ၊ ဒေသ တခုမှ အလုပ်သမားများက သူတို့အား တိုက် ရိုက်သွေးစုတ်ချယ်လှယ်သည့် တဦးချင်း ဓနရှင်ကို ဆန့်ကျင် တိုက်ပွဲဆင်သည်၊ သူတို့သည် ဓနရှင်ကုန်ထုတ်လုပ်ရေး အခြေ အနေများကို ဆန့်ကျင်တိုက်ခိုက်ခြင်းမပြုဘဲ ကုန်ထုတ်လုပ်ရေး ကိရိယာများကို ဆန့်ကျင်တိုက်ခိုက်ကြသည်။ (၃၇) သူတို့၏ လုပ်အားနှင့် ပြိုင်ဆိုင်လာသည့် နိုင်ငံခြားမှ တင်သွင်းသော ပစ္စည်းများကို သူတို့ဖျက်ဆီးကြသည်။ သူတို့က စက်ကိရိယာ

များကို အစိတ်စိတ်အလွှာလွှာ ချေမှုန်းပစ်ကြသည်။ သူတို့က စက်ရုံများကို မီးရှို့ကြသည်။သူတို့ကအလယ်ပိုင်းခေတ်များမှ လုပ်သား၏ပျောက်ကွယ်သွားသောအဆင့်အတန်းကို အကြမ်း အားဖြင့် ပြန်လည်ထူထောင်ရန် ကျိုးစားကြသည်။

ဤအဆင့်တွင် အလုပ်သမားများသည် တိုင်းပြည် တဝှမ်း လုံး၌ ပြန့်ကြဲနေသည့်မညီမညွတ်သော လူထု ဖြစ်နေပေသေး သည်။ သူတို့၏ အပြန်အလှန်ပြိုင်ဆိုင်မှု အားဖြင့် အစိတ်စိတ် အမွှာမွှာ ကွဲနေကြသည်။တနေရာရာ၌သူတို့သည် ပိုမိုသိပ်သည်း သောအဖွဲ့များအဖြစ် စည်းလုံးနေကြပါလျှင်လည်း သူတို့ကိုယ် တိုင်လှုပ်ရှား စည်းရုံးမှုကြောင့် မဟုတ်သေးပေ။ဓနရှင် လူတန်း စားက ပေါင်းစည်းပေးမှုကြောင့်ဖြစ်သည်။ ဓနရှင်လူတန်းစား က ယင်း၏ နိုင်ငံရေးရည်မှန်းချက်များရရှိရန်အလို့ငှာပစ္စည်း မဲ့ လူတန်းစားတရပ်လုံးအား လှုပ်ရှားစေခဲ့ရသည်။ ထိုထက် အချိန်ကာလ တရပ်အတွက် ဤသို့လုပ်နိုင်ပေသည်။ ထို့ကြောင့်- ဤအဆင့်တွင် ပစ္စည်းမဲ့များသည် သူ တို့ ၏ ရန် သူ များကို မတိုက်ဘဲ၊သူတို့ရန်သူများ၏ ရန်သူများကို တိုက်ရသည်။သက် ဦးဆံပိုင်အကြွင်းအကျန်များ၊ မြေပိုင်ရှင်များ၊ စက်မှုလုပ်ငန်း မလုပ်သောဓနရှင်များ၊ ဓနရှင်ပေါက်စများကို တိုက်ရသည်။ ဤသို့ဖြင့်-သမိုင်းရေးလှုပ်ရှားမှုအရေးတော်ပုံ တရပ်လုံးသည် ဓနရှင်လူတန်းစား၏ လက်ထဲ၌ စုစည်း ထားပေသည်။ ထိုသို့

ရရှိသောအောင်ပွဲတိုင်းသည် ဓနရှင်လူတန်းစားအတွက်အောင်ပွဲဖြစ်ပေသည်။

သို့ရာတွင်စက်မှုလုပ်ငန်းဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ ပစ္စည်းမဲ့လူတန်းစားသည် အရေအတွက် တိုးတက်လာရုံသာမကဘဲ ပို၍ကြီးမားသောလူထုများအဖြစ်စုစည်းလာကြသည်။ ယင်း၏အင်အားသည် ကြီးမားလာသည်၊ ယင်းကထိုအင်အားကြီးလာမှုကိုလည်းသိရှိခံစားလာသည်၊ ပစ္စည်းမဲ့လူတန်းစားအောင်အတွင်း၌ ဘဝ၏ အကျိုး စီးပွားများနှင့် အခြေအနေများသည်ပို၍ပို၍တူညီလာကြသည်၊ စက်ကိရိယာက လုပ်အားခြားနားမှုများအားလုံးကို ဖယ်ရှားပစ်သည့် အချိုးအစားကိုလိုက်၍၊နေရာတိုင်း၌လိုပင် လုပ်ခများကိုနိမ့်ကျသော အဆင့်အတန်းတတန်းတည်းသို့လျှော့ချလိုက်သည်၊ဓနရှင်လူတန်းစားထဲတွင် ကြီးမားလျက်ရှိသောပြိုင်ဆိုင်မှုနှင့် ထိုမှသက်ရောက်လာသော ကူးသန်းရောင်းဝယ်ရေး အကြပ်အတည်း များကအလုပ်သမားများ၏လုပ်ခများကို ယခင် အခါတိုင်းထက်ပို၍အတက်အကျဖြစ်စေသည်၊ယခင်အခါတိုင်းထက်ပို၍ လျင်မြန်စွာဖြစ်ပေါ်တိုးတက်လျက်ရှိသည့်မရပ်မနား တိုးတက်ကောင်းမွန်မှုကသူတို့၏ အသက်မွေးဝမ်းကြောင်းနေထိုင်မှုကို ပို၍ပို၍စိတ်မချရဖြစ်စေသည်၊ တဦးချင်း အလုပ်သမားများနှင့် တဦးချင်းဓနရှင်များတို့တိုက်ခိုက်မှုများသည် လူတန်းစားနှစ်ရပ်တို့တိုက်ခိုက်မှုများလက္ခဏာကိုပို၍ပို၍ဆောင်လာသည်၊ထို့သို့ဖြစ်

လာရာတွင် အလုပ်သမားများသည် ဓနရှင် လူတန်း စားဆန့်ကျင်ရေးအတွက် ပေါင်းစည်းမှုများ (လုပ်ငန်းသမဂ္ဂများ) (၃၈)စတင်ဖွဲ့စည်းလာသည်၊ သူတို့သည် လုပ် ခ နှုန်းများကိုထိန်းထားရန်အလို့ငှာ— အတူတကွ စု စည်း လာကြသည်။ ဤကိစ္စအလိုက်ပုန်ကန်မှုများအတွက် ကြိုတင်၍ အထောက်အပံ့ပြုလုပ်ထားရန် အလို့ငှာ သူတို့ကတည်တန့် ခိုင်မြဲသောအစည်းအရုံးများကို တည် ထောင် ထားကြသည်၊ ဤနေရာထိုနေရာတို့၌ တိုက်ပွဲများသည် ရန်ပွဲများ အဖြစ် ပေါက်ကွဲလာကြသည်။

အလုပ်သမားများသည် ရံဖန်ရံခါ အောင်ပွဲများရရှိကြသည်၊ သို့ရာတွင် ဤအောင်ပွဲများသည်ယာယီသာဖြစ်သည်၊ သူတို့တိုက်ပွဲများ၏ တကယ့်အကျိုးကျေးဇူးများသည် လက်ငင်းအကျိုးသက်ရောက်မှု၌မဟုတ်ဘဲ၊ အလုပ် သမား များ ၏ အမြဲတန်းတိုးချဲ့လျက်ရှိသော စည်းရုံးမှုတွင်တည်ပေသည်။ ဤစည်းရုံးမှုကို ခေတ်မီစက်မှု လုပ်ငန်း က ဖန်တီး လိုက် သည့် တိုးတက်ကောင်းမွန်သော လမ်းပမ်းဆက်သွယ်ရေးနည်းလမ်းများက ကူညီပေသည်။ ထိုက ခြားနားသော ဒေသ များ မှ အလုပ်သမားများကို တဦးနှင့်တဦးအဆက် အသွယ် ရရှိစေသည်။ အားလုံးတူညီသောလက္ခဏာရှိသည့် မြောက်မြား လှစွာသော ဒေသဆိုင်ရာတိုက်ပွဲများကို လူတန်းစားများကြားတွင် တခုတည်းသော တမျိုးသားလုံး ဆိုင်ရာတိုက်ပွဲအဖြစ်

စုစည်းချုပ်ကိုင်ရန် လိုအပ်သည်မှာ ဤအဆက်အသွယ်ရရှိမှုပင်ဖြစ်သည်၊ သို့ရာတွင်လူတန်းစား တိုက်ပွဲတိုင်း သည် နိုင်ငံခြားရေးတိုက်ပွဲဖြစ်သည်၊ အလယ်ပိုင်းခေတ်မှ မြို့ကြီး သားများက သူတို့၏ညံ့ဖျင်းလှသောလမ်းမကြီးများဖြင့် ရာစုနှစ်ပေါင်းများစွာလုပ်ရသည်။ ထိုစည်းရုံးမှုသည်-ခေတ်မှီပစ္စည်းမဲ့များအတွက် မီးရထားလမ်းများကြောင့်– နှစ် အနည်းငယ်၌ ဖြစ်မြောက်လာသည်။

ဤပစ္စည်းမဲ့များ၏ လူတန်းစားတရပ်အဖြစ် ဖွဲ့စည်းခြင်းနှင့်အကျိုးဆက်အားဖြင့် နိုင်ငံရေးပါတီတရပ်အဖြစ် ဖွဲ့စည်းခြင်းကို အလုပ်သမားများ ကိုယ်တိုင် ကြားတွင် ပြိုင်ဆိုင်မှုက တဖန်အဆက်မပြတ် ကမောက်ကမဖြစ်စေသည်၊ သို့ရာတွင် ယင်းသည် အစဉ်သဖြင့်ပို၍ အားကောင်းစွာ၊ ပို၍ ခိုင်မာစွာ၊ ပို၍စွမ်းအင်ရှိစွာ တဖန် ခေါင်း ထောင် လာ သည်၊ ဓနရှင်လူတန်းစားထဲတွင် ကွဲပြားမှုကို အခွင့်ကောင်း ယူ ခြင်း ဖြင့်၊ ယင်းက အလုပ်သမားများ၏ တိကျသော အကျိုး ကျေးဇူးများကို ဥပဒေအရ အသိ အမှတ် ပြု စေခဲ့ သည်။ ဤသို့ဖြင့် အင်္ဂလန်တွင် ဆယ်နာရီအလုပ်ချိန် ဥပဒေကြမ်းကို အတည်ပြုခဲ့လေသည်။

လူ့အဖွဲ့အစည်းဟောင်း၏ လူတန်းစား များ ကြား တွင် တိုက်ခိုက်မှုများအားလုံးက ပစ္စည်းမဲ့ လူတန်းစား ဖြစ်ပေါ်

တိုးတက်ရေးဖြစ်စဉ်ကို နည်းများစွာဖြင့် တိုးတက်စေသည်၊ ဓနရှင်လူတန်းစားသည်အမြဲတန်း တိုက်ပွဲထဲ တွင် ပါဝင်နေရသည်ကိုတွေ့ရှိရသည်၊ ပဌမဦးတွင်-မှူးမတ်မြေပိုင်ရှင် လူတန်းစားနှင့်တိုက်ရသည်၊ နောက်ပိုင်းတွင် စက်မှုလုပ်ငန်းတိုးတက်ရေးနှင့် မိမိ၏အကျိုးစီးပွား ဆန့်ကျင်ဘက်ဖြစ်သော ထိုဓနရှင် အစိတ်အပိုင်းများနှင့်တိုက်ရသည်၊ နိုင်ငံခြား တိုင်း ပြည်များမှ ဓနရှင်လူတန်းစားနှင့်လည်း တချိန် လုံး တိုက်ပွဲ ဝင် ရသည်။ ဤတိုက်ပွဲများအားလုံးတွင် ဓနရှင်လူတန်းစား ကိုယ်တိုင်ကပစ္စည်းမဲ့ လူတန်းစားအား မလွှဲသာဘဲအကူတောင်းခဲ့ရသည်။ ဤသို့ဖြင့် ပစ္စည်းမဲ့ လူတန်းစားကို နိုင်ငံရေး နယ်ပယ်ထဲသို့ ဆွဲသွင်းလာရသည်၊ ထို့ကြောင့်ဓနရှင် လူတန်းစား ကိုယ်တိုင်က ပစ္စည်းမဲ့ လူတန်းစားအား ယင်း၏နိုင်ငံရေးနှင့် အတွေ့တွေ့ပညာရေးအခြေခံများ (၃၉)ကို ထောက်ပံ့လာရသည်၊ တနည်းဆိုလျှင် ယင်းကပစ္စည်းမဲ့ လူ တန်း စားအား ဓနရှင်လူတန်းစားတိုက်ရေးအတွက် လက်နက်များထုတ်ပေးရခြင်းဖြစ်ပေသည်။

ထို့အပြင်-ငါတို့တွေ့ရှိခဲ့ပြီး ဖြစ်သည့်အတိုင်းပင်၊ အုပ်စိုးသောလူတန်းစားများ၏ အစိတ်အပိုင်းများသည် စက်မှုလုပ်ငန်းတိုးတက်မှုအားဖြင့်-ပစ္စည်းမဲ့လူတန်းစားထဲသို့ လျောကျဆင်းသက်စေခဲ့သည်၊ အနည်းဆုံးအားဖြင့် သူတို့၏တည်တန့်ရေး အခြေအနေများကို ခြိမ်းခြောက် လာလေသည်၊ ဤက

လည်း စွဲည်းမဲ့လူတန်းစားအားနိုးကြားမှုနှင့် တိုးတက်မှုအခြေခံသစ်များ (၄၀)ကို ထောက်ပံ့လာသည်။

နောက်ဆုံး၌ လူတန်းစားတိုက်ပွဲသည် အဆုံးအဖြတ်အချိန်နာရီသို့ရောက်ရှိသောအခါများတွင်အုပ် စိုးသောလူ တန်းစားအတွင်း၌ စင်စစ်အားဖြင့် လူ့အဖွဲ့အစည်းဟောင်း တခုလုံးအတွင်း၌ဖြစ်ပွားလျက်ရှိသော ပြိုကွဲမှုဖြစ်စဉ်သည် ဤမျှပြင်းထန်ထင်ရှားသောလက္ခဏာကိုဆောင်လာသဖြင့် အုပ်စိုးသောလူတန်းစားသေးငယ်သော အစိတ်အပိုင်းသည် လွင့်စင်ထွက်လာ၍ တော်လှန်ရေး လူတန်းစားနှင့် ပူး ပေါင်း လာ သည်၊ အနာဂတ်ကိုမိမိလက်ထဲတွင် ကိုင်ထားသည့် တော်လှန်ရေးလူတန်းစားနှင့် ပူးပေါင်းလာသည်၊ ထို့ကြောင့်- စောစောပိုင်းကာလ၌ မှူးမတ်အစိတ်အပိုင်း တပိုင်းသည် ဂနရှင်လူတန်းစားဘက် ကူးပြောင်းသွားသကဲ့သို့ပင် ယခု၌လည်း ဂနရှင်လူတန်းစား တစိတ်တပိုင်းသည် ပစ္စည်းမဲ့လူတန်းစားဘက်သို့ ပူးပေါင်းလာသည်၊ အထူးသဖြင့် သမိုင်းရေး လှုပ် ရှား မှု တရပ်လုံးကို သဘောတရားရေးရာအရ နားလည် ဆုပ်ကိုင်မိသည့်အဆင့်အတန်းသို့ ရောက်ရှိလာသောဂနရှင် လူတန်းစား အယူဝါဒရေး သမားများ တစိတ်တပိုင်းသည် ပစ္စည်းမဲ့ လူတန်းစားဘက်သို့ ပူးပေါင်းလာသည်။

ယနေ့ ဂနရှင် လူတန်းစားနှင့် မျက်နှာချင်းဆိုင်လျက်ရှိ

သော လူတန်းစားများအားလုံးအနက်၊ ပစ္စည်းမဲ့ လူတန်းစားတခုတည်းသည်သာလျှင်၊ တကယ်တန်း တော်လှန်ရေးလူတန်းစားဖြစ်သည်၊ အခြား လူတန်းစားများသည် ပျက်စီးယိုယွင်းသွားသည်၊ နောက်ဆုံး၌စက်မှု စက်မှု လုပ် ငန်း ရှေ့သည် စက်မှုစက်မှုလုပ်ငန်း၏ အထူးအရင်းခံ ထုတ်လုပ်ချက်ဖြစ်ပေသည်။

လူလတ်တန်းစားအောက်လွှာ၊ ကုန်ထုတ်လုပ်သူ ကလေးများ၊ ဈေးဆိုင်ပိုင်ရှင်၊ လက်မှုပညာရှင်၊ လယ်သမား၊ ဤလူ့အလွှာအားလုံးသည်လူလတ်တန်းစား၏ အစိတ် အပိုင်းအဖြစ် သူတို့၏တည်တန့်မှု ပျောက်ကွယ်သွားမည့် ဘေးမှကာကွယ်ရန်အတွက် ဂနရှင်လူတန်းစားကို တိုက်ကြသည်၊ ထို့ကြောင့်- သူတို့သည် တော်လှန်ရေး သမားမဟုတ်ပေ၊ ခေတ်ဟောင်း အယူသည်းသူများ ဖြစ်သည်။ ထို့ထက်ပို၍ သူတို့သည်သမိုင်းဘီးကိုနောက်ပြန်လှည့်ရန် အားထုတ်ကြသည့်အတွက် ဖောက်ပြန်ရေးသမားများဖြစ်သည်၊ သူတို့သည် အခွင့် အ ခါ အားလျော်စွာတော်လှန်ရေးသမားများဖြစ်လာလျှင်လည်း သူတို့၏ ပစ္စည်းမဲ့လူတန်းစားထဲသို့ ကူးပြောင်းရမည့်အခြေကြောင့်သာလျှင် သူတို့တော်လှန်ရေး သမားဖြစ်ကြရသည်၊ ဤသို့ဖြင့်- သူတို့သည်သူတို့၏မျက်မှောက် အကျိုးကိုမဟုတ်ဘဲ၊ သူတို့၏ အနာဂတ်အကျိုးကို ကာကွယ်ကြသည့်၊ သူတို့သည် ပစ္စည်းမဲ့

လူတန်းစားခံယူချက်တွင် ရပ်တည်ကြရန်အတွက်သူတို့၏ကိုယ်
ပိုင်ရပ်တည်ချက်ကိုစွန့်ကြရသည်။

လူ့အဖွဲ့အစည်းဟောင်း၏အနိမ့်ဆုံး အလွှာများကစွန့်ပယ်
ပစ်လိုက်သောပျက်စီးနေသည့် " အန္တရာယ်များသော လူတန်း
စား" ဖြစ်သည့် လူ့အမှိုက်သရိုက်များ (၄၁)ကို ပစ္စည်းမဲ့
တော်လှန်ရေးလူတန်းစားက ဤနေရာ ထိုနေရာတို့၌ အရေး
တော်ပုံထဲသို့ဆွဲသွင်းလာကောင်းဆွဲသွင်းလာပေမည်၊ သို့သော်
လည်း—ယင်း၏ဘဝအခြေအနေများက ဖောက်ပြန်ရေး လုပ်
ကြံမှု၏လာဘ်ပေးထားသော လက်ကိုင်တုတ် အဖြစ် လုပ်ရန်
ပို၍ပြင်ဆင်ထားပေသည်။

ပစ္စည်းမဲ့ လူတန်းစား၏ အခြေအနေများ၌ လူ့အဖွဲ့အ
စည်းဟောင်း၏အခြေအနေများအားလုံး လက်တွေ့အားဖြင့်
တိမ်မြုပ်သွားခဲ့ပြီးဖြစ်သည်၊ ပစ္စည်းမဲ့ လူတန်းစားတွင် ပစ္စည်း
မရှိပေ၊ သူ၏ဇနီးနှင့်သားသမီးများနှင့် သူ၏ဆက်သွယ်မှုသည်
ဓနရှင်မိသားစု ဆက်သွယ်မှုများနှင့်တူသည့် အချက်ဟူ၍မရှိ
တော့ပေ၊ အင်္ဂလန်ပြည်မှာကဲ့သို့ပင်ပြင်သစ်ပြည်၌ရင်း၊ အမေရိ
ကပြည်၌မှာကဲ့သို့ဂျာမဏီပြည်၌ရင်း၊ ခေတ်သစ်စက်မှုလုပ်ငန်း
အလုပ်ခေတ်သစ်ငွေရင်းအား ကျွန်ခံရမှုတို့က သူ့အား အမျိုး
သားရေးလက္ခဏာအစအနမျှမကျန်ရအောင်ခွာချခဲ့လေသည်။
ဥပဒေ၊ လောကနီတိ၊ ဘာသာရေးတို့သည် ဓနရှင်အကျိုးစီးပွား

များစွာတို့ ပုန်းလျှိုးခိုအောင်းအကာ အကွယ်ယူရာ ချုံပုတ်
များဖြစ်ပေသည်။

ယခုအထိအာဏာကို လက်ဝယ်ရရှိခဲ့သော လူတန်းစား
အားလုံးသည် သူတို့၏ကိုယ်ကျိုးခန့်ခွဲရယူသုံးစွဲမှု အခြေအနေ
များအောက်၌ လူ့အဖွဲ့အစည်းများ ထားရှိခြင်းဖြင့် သူတို့၏
ရရှိထားပြီး ဖြစ်သော အခွင့်အာဏာအဆင့်အတန်းကို ခိုင်
ခန့်အောင် ကာကွယ်ရန်ကျိုးစားခဲ့ကြ၏၊ သူတို့၏ ကိုယ်ပိုင်
ယခင်ခန့်ခွဲရယူသုံးစွဲနည်းကို ဖျက်သိမ်းပစ်ခြင်း၊ ဤသို့ဖြင့်
အခြားယခင်ခန့်ခွဲရယူသုံးစွဲနည်းဟူသမျှကိုလည်း ဖျက်သိမ်း
ပစ်ခြင်းမှလွဲ၍၊ ပစ္စည်းမဲ့များသည် လူ့အဖွဲ့အစည်းကုန်ထုတ်
လုပ်ရေးအင်အားစုများ၏ အရှင်သခင်များ ဖြစ်မလာနိုင်ပေ၊
ပစ္စည်းမဲ့များတွင် သူတို့၏ကိုယ်ပိုင်ရယူရန်နှင့် ကာကွယ်ရန်
ဘာမျှမရှိပေ၊ သူတို့၏အလုပ်တာဝန်သည် ပုဂ္ဂလိက ပစ္စည်း
များအတွက် ယခင်လုံခြုံမှုများနှင့်အာမခံချက်များ အားလုံး
ကို ဖျက်ဆီးပစ်ရန်ဖြစ်ပေသည်။

ယခင်သမိုင်းရေးလှုပ်ရှားမှု အရေးတော်ပုံများ အားလုံး
သည် လူနည်းစုများ၏ အရေးတော်ပုံများ၊ လူနည်းစုများ
၏ အကျိုးစီးပွားအတွက် အရေးတော်ပုံများဖြစ်သည်၊ ပစ္စည်း
မဲ့လူတန်းစား အရေးတော်ပုံသည် ရောမလူအများစုကြီး၏
အသိရှိ လွတ်လပ်သော အရေးတော်ပုံဖြစ်သည်၊ ရောမ လူ

အများစုကြီးလူအကျိုးစီးပွားအတွက် အရေးတော်ပုံ ဖြစ်ပေ
သည်။ ငါတို့မျက်မှောက် လူ့အဖွဲ့အစည်း၏ အောက်ဆုံး
အလွှာဖြစ်သော ပစ္စည်းမဲ့လူတန်းစားသည် လူ့အဖွဲ့အစည်း
ထိပ်ပေါ်တွင် စီးထားသည့်မှုထမ်း ရာထမ်း၊ အရာရှိအလွှာ
တရပ်လုံးကို ဖြိုခွဲပစ်လိုက်ခြင်းမရှိဘဲ၊ ထကြွနိုင်မည် ခေါင်း
ထောင်မည်မဟုတ်ပေ။

ဓနရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစားတို့၏ တိုက်ပွဲ
သည် အနှစ်သာရအားဖြင့်မဟုတ်သော်လည်း၊ အသွင်အား
ဖြင့်ပဌမတွင်အမျိုးသားရေးတိုက်ပွဲဖြစ်သည်၊ တိုင်းပြည်အသီး
သီးမှ ပစ္စည်းမဲ့လူတန်းစားသည်ပဌမဦးစွာ ယင်း၏ကိုယ်ပိုင်
ဓနရှင်လူတန်းစားနှင့် ကိစ္စများ စာရင်းရှင်းရပေမည်။

ပစ္စည်းမဲ့လူတန်းစားဖြစ်ပေါ် တိုးတက်ရေး ယေဘုယျ
အကျဆုံးအဆင့်များကို သရုပ်ဖော်ပြရာ၌၊ တည်ရှိနေသည့်
လူ့အဖွဲ့အစည်းအတွင်း၌ ပေါက်ကွဲလျက်ရှိသည့်အနည်း နှင့်
အများ ဖုံးအုပ်ထားသော ပြည်တွင်းစစ်မှ ပြောင်ပြောင်
တော်လှန်ရေးအဖြစ် ပေါက်ကွဲသည့်အချက်အထိ နှင့် ဓနရှင်
လူတန်းစားအား အကြမ်းဖက်တွန်းလှန်ချခြင်း သည် ပစ္စည်း
မဲ့လူတန်းစားအုပ်စိုးမှုအတွက် အခြေခံအုတ်မြစ် ချပေး လိုက်
ခြင်းဖြစ်သည့်အထိ ငါတို့လိုက်ကြည့်ခဲ့သည်။

ယခုအချိန်အထိ၊ ငါတို့တွေ့မြင်ခဲ့ရသည့် အတိုင်း ပင်၊ လူ့
အဖွဲ့အစည်းအသွင်တိုင်းသည် ဖိနှိပ်သည့်လူတန်းစားနှင့်အဖိ
နှိပ်ခံလူတန်းစားတို့၏ ပဋိပက္ခပေါ်တွင် အခြေစိုက်ထားလေ
သည်၊ သို့ရာတွင်လူတန်းစားတရပ်လုံး အား ဖိနှိပ် ထား ရန်
အလို့ငှါ၊ ဤလူတန်းစားသည် အနည်းဆုံးအားဖြင့် ယင်း၏
ကျေးကျွန်ဘဝဆက်လက်တည်တန့်နိုင်သည့် အခြေအနေများ
မုချရှိရပေမည်၊ မြေကျွန်ခေတ်ကာလ၌၊ မြေကျွန်သည်တုံအဖွဲ့
ဝင်အဖြစ် မိမိကိုယ်ကိုမြှင့်တင်ခဲ့သည်၊ ဓနရှင်ပေါက်စလူတန်း
စားသည် ပဒေသရာဇ်သက်ဦးဆံပိုင်စနစ်၏ထမ်းပိုး အောက်
၌ ဓနရှင်လူတန်းစားအဖြစ် တိုးတက်အောင် လုပ်ခဲ့သလိုပင်
ဖြစ်သည်၊ ခေတ်သစ်အလုပ်သမားသည် စက်မှုလုပ်ငန်း တိုး
တက်မှုနှင့် လိုက်၍မြင့်တက်လာရမည့်အစား သူတို့ ကိုယ် ပိုင်
လူတန်းစားတည်တန့်ရေး အခြေအနေများအောက်သို့ နက်
သည်ထက်ပို၍ နက်စွာ နစ် မြုပ် သွားခဲ့ သည်၊ သူသည်လူမွဲ
တယောက်ဖြစ်လာသည်၊ လူမွဲဖြစ်ခြင်း သည် လူဦးရေ နှင့်
ဥစ္စာ ဓန တို့ ထက် ပို၍ လျင် မြန် စွာ ဖြစ် ပေါ် တိုးတက်လာ
သည်၊ ဤနေရာ၌ထင်ရှား လာသည်မှာ၊ ဓနရှင်လူတန်းစား
သည် လူ့အဖွဲ့အစည်းတွင် အုပ်စိုးသည့် လူတန်း စား ဖြစ်ရန်
မသင့်လျော်တော့ပေ၊ ယင်း၏တည်တန့်ရေး အခြေအနေများ

(၂)

ပစ္စည်းမဲ့များနှင့်ကွန်မြူနစ်များ

ကွန်မြူနစ်များသည် ပစ္စည်းမဲ့များ တရပ်လုံး နှင့် မည်သို့ သောဆက်သွယ် ရပ်တည်မှုရှိပါသနည်း။

ကွန်မြူနစ်များသည် အခြားအလုပ်သမား လူတန်း စား ပါတီများနှင့် ဆန့်ကျင်၍ သီးခြားပါတီ တပါတီ ဖွဲ့စည်းခြင်း မပြုပါ။

သူတို့တွင်ပစ္စည်းမဲ့ လူတန်းစား တရပ်လုံး၏ အကျိုးစီးပွား များမှာ သီးခြားကင်းကွာသော အကျိုးစီးပွားမရှိပါ။

သူတို့သည်ပစ္စည်းမဲ့ လူတန်းစား အရေးတော်ပုံအား ပုံ သွန်းလောင်းရန်အတွက် သူတို့၏ကိုယ်ပိုင် ဂိုဏ်းဂဏခုံများက တစုံတရာထူထောင်ခြင်းလည်း မပြုလုပ်ပါ၊

ကွန်မြူနစ်များသည် အခြားအလုပ်သမား လူတန်းစား ပါတီများနှင့် ဤအချက်၌သာလျှင် ခြားနားကြပေသည်။ (၁) အသီးသီးသော တိုင်းပြည်များမှ ပစ္စည်းမဲ့ လူတန်းစား များ၏ အမျိုးသားရေးတိုက်ပွဲများတွင် ကွန်မြူနစ်များက ပစ္စည်း မဲ့ လူတန်းစားတရပ်လုံး၏ ဘုံအကျိုးကျေးဇူးများကိုထောက် ပြကာ ရှေ့တန်းသို့တင်လာသည်။ (၂)အလုပ်သမား လူတန်း စား၏ နေရှင် လူတန်းစားဆန့်ကျင်ရေးတိုက်ပွဲ ဖြတ်သန်းသွား ရမည် ဖြစ်ပေါ်တိုးတက်ရေး အသီးသီးသော အဆင့် များတွင် ကွန်မြူနစ်များသည် အရေးတော်ပုံတရပ်လုံး၏ အကျိုးကျေး ဇူးများကို အမြဲတန်း နေရာတကာ၌ကိုယ်စားပြု တိုက်ပွဲဝင်ကြ သည်၊

ထို့ကြောင့်ကွန်မြူနစ်များသည် တဘက်တွင် လက်တွေ့ အားဖြင့် တိုင်းပြည်တိုင်းရှိ အလုပ်သမားလူတန်းစားပါတီများ ၏ အတိုးတက်ဆုံးနှင့်အပြတ်သားဆုံးအစိတ်အပိုင်း ဖြစ်သည်။ အခြားသူများအားလုံးကိုရှေ့သို့တွန်းတင်သည့် အစိတ်အပိုင်း ဖြစ်သည်။အခြားတဘက်တွင် သဘော တရားရေး အားဖြင့် ပစ္စည်းမဲ့ လူတန်းစား လူထုကြီးထက် ကွန်မြူနစ် များတွင်

ချီတက်ရမည့်လမ်းကြောင်း အခြေအနေ များနှင့် ပစ္စည်းမဲ့ လူတန်းစားအရေးတော်ပုံ၏ နောက်ဆုံးယေဘူယျအကျိုးသက် ရောက် မှုများအား ရှင်းစွာနားလည်ထားသည့် အကျိုးရှိပေ သည်။

ကွန်မြူနစ်များ၏ လက်ငင်း ရည်မှန်း ချက်သည် အခြား ပစ္စည်းမဲ့ လူတန်းစားပါတီများ အားလုံး၏ ရည်မှန်းချက်နှင့် အတူတူပင်ဖြစ်သည်။ ပစ္စည်းမဲ့ လူများအားလူတန်းစားတရပ် အဖြစ်ဖွဲ့စည်းရေး၊ နေရှင်စိုးမိုးမှုကို တွန်းလှန်ချရေး၊ပစ္စည်းမဲ့ များက နိုင်ငံရေးအာဏာသိမ်းယူရေးတို့ဖြစ်သည်။

ကွန်မြူနစ်များ၏ သဘောတရားရေးရာ ကောက်ချက်များ ကို ဤသို့မဟုတ်ထိုကမ္ဘာ့ပြုပြင်ရေးသမား ဖြစ်လိမ့် မည့်သူက တည်ထွင်ခဲ့၊ တွေ့ရှိခဲ့သော အယူအဆများ။ မူများ ပေါ်တွင် မည်သို့မျှ အခြေစိုက်ခြင်းမပြုပေ။

ကွန်မြူနစ်များက တည်ရှိနေသည့်လူတန်းစားတိုက်ပွဲ၊ ငါ တို့မျက်စေ့အောက်၌ ဖြစ်ပွားလျက်ရှိသည့် သမိုင်းရေးအရေး တော်ပုံတရပ်မှ ပေါ်ပေါက်လာသောတကယ်တန်း ဆက်သွယ် မှုများကို ယေဘူယျအားဖြင့်သာ ဖော်ပြသည်။ တည်ရှိ နေ သည့် ပစ္စည်း ဆက်သွယ်မှုများ ဖျက်သိမ်းရေးသည် ကွန်မြူ နစ်ဝါဒ၏ ထူးခြားသော အသွင်တရပ်မဟုတ်ပေ။

အတိတ်ကာလတွင် ပစ္စည်းဆက်သွယ်မှုများ အားလုံးသည် သမိုင်းရေး အခြေအနေများတွင် ပြောင်းလဲမှုမှ သက်ရောက်လာသည့်သမိုင်းရေး ပြောင်းလဲမှုကို အဆက်မပြတ်ခံခဲ့ရသည်။

ဥပမာအားဖြင့် ပြင်သစ်မတော်လှန်ရေးက ဓနရှင် ပစ္စည်း အကျိုးအတွက် ပဒေသရာဇ်ပစ္စည်းကို ဖျက်သိမ်း ခဲ့သည်။

ကွန်မြူနစ်ဝါဒ၏ ထူးခြားသော အသွင်သည် ယေဘူယျအားဖြင့် ပစ္စည်းဖျက်သိမ်းရေးမဟုတ်ဘဲ ဓနရှင်ပစ္စည်း ဖျက်သိမ်းရေးဖြစ်သည်၊ သို့ရာတွင် ခေတ်သစ် ဓနရှင် လူတန်းစား ပုဂ္ဂလိက ပစ္စည်းသည် လူတန်းစား ပဋိပက္ခများ၊ အနည်းငယ်က အများကြီးအား သွေးစုတ်ချယ်လှယ်မှု ပေါ်တွင် အခြေစိုက်ထားသည့် ထွက်ကုန်များ ထုတ်လုပ်ရေးနှင့်ခန့်ခွဲရယူရေး စနစ်၏ နောက်ဆုံးအပြည့်စုံဆုံး ဖော်ပြချက်ဖြစ်သည်။(၄၅).

ဤသဘောအားဖြင့် ကွန်မြူနစ်များ၏ သဘောတရားကို ဝါကျတခုတည်းနှင့် အချုပ်ဆိုရမည်ဆိုပါလျှင်ပုဂ္ဂလိကပစ္စည်း ဖျက်သိမ်းရေး ဖြစ်သည်။

ငါတို့ကွန်မြူနစ်များအား လူတယောက်၏ကိုယ်ပိုင် လုပ်အား အကျိုးစီးပွားအဖြစ် ကိုယ်တိုင်လုံးပမ်းရရှိသော ပစ္စည်း အခွင့်အရေးအားဖျက်သိမ်းလိုသော ဆန္ဒရှိသည်ဟု ကဲ့ရဲ့ပြစ်

တင်ခြင်းခံခဲ့ရသည်။ ယင်းပစ္စည်းသည် ကိုယ်ရေးလွတ်လပ်ခွင့် လှုပ်ရှားခွင့်နှင့် မှီခိုမနေခွင့်အားလုံး၏ အခြေခံ ဖြစ်သည်ဟု ပြောဆိုကြသည်။

ပင်ပင်ပန်းပန်းရရှိထားသော မိမိဘာသာလုပ်ကိုင်ရရှိသော ချွေးနှဲစာ ပစ္စည်းကို ဆိုလိုပါသလား။ ဓနရှင် ပစ္စည်းအသွင် မတိုင်မီက ပစ္စည်းအသွင်တမျိုးဖြစ်သော အသေးအဖွဲ့ လက်မှုလုပ်ငန်းရှင်၏ ပစ္စည်းနှင့်လယ်သမား ကလေးများ၏ ပစ္စည်း အသွင်ကိုဆိုလိုပါသလား၊ ထိုပစ္စည်းအသွင်ကို ဖျက်သိမ်းရန် မလိုပေ။ စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုက ယင်းကိုကြီးမားသော အတိုင်းအတာသို့ထိဖျက်ဆီးခဲ့ပြီးဖြစ်သည်။ယင်းကို နေ့စဉ်နှင့်အမျှလည်း ဖျက်ဆီးပစ်လျက်ပင် ရှိပေသည်။

ခေတ်သစ်ဓနရှင် လူတန်းစား ပုဂ္ဂလိက ပစ္စည်းကို ဆိုလိုပါ ပါသလား။

သို့ရာတွင် လုပ်ခစားလုပ်အားက အလုပ်သမား အတွက် ပစ္စည်းတစုံတရာကို ဖန်တီးပါ သလား။ အနည်းငယ်မျှ မဖန်တီးပေ။ ယင်းကအရင်းကို ဖန်တီးပေသည်။ လုပ်ခစား လုပ်အားကိုသွေးစုတ်ချယ်လှယ်သည့် ပစ္စည်းမျိုးကိုဖန်တီးပေသည်။ အရင်းသည် အသစ်သွေးစုတ်ချယ်လှယ်မှု အတွက် လုပ်ခစား လုပ်အား အထောက်အပံ့ သစ်ရရှိရေး အခြေအနေပေါ်မှလွဲ

၍ တိုးတက်ခြင်းမရှိနိုင်ပေ၊ ယင်း၏ မျက်မှောက်အသွင်တွင် ပစ္စည်းသည်အရင်းနှင့် လုပ်ခစား လုပ်အားပဋိပက္ခ ပေါ်တွင် အခြေစိုက်ထားပေသည်။ ငါတို့ဤပဋိပက္ခ၏ ဘက်နှစ်ဘက်လုံးကို စစ်ဆေးကြည့်ရှုကြစို့။

အရင်းရှင်တယောက်ဖြစ်ရန်အတွက်ကုန်ထုတ်လုပ်ရေးတွင် ကိုယ်ရေးသက်သက်သာမကဘဲ လူမှုရေးအဆင့်အတန်း ပါရှိရပေမည်၊ အရင်းသည်စုပေါင်းထွက်ကုန်တရပ်ဖြစ်သည်။ လူ့အဖွဲ့အစည်းဝင်များ၏ စုပေါင်း လုပ်ဆောင်မှုဖြင့် သာလျှင် နောက်ဆုံး၌ လူ့အဖွဲ့အစည်းဝင်များ အားလုံး၏ စုပေါင်း လုပ်ဆောင်မှုဖြင့်သာလျှင် အရင်းကို လှုပ်ရှားစေနိုင်ပေသည်။
ထို့ကြောင့် အရင်းသည်ကိုယ်ရေးမဟုတ်ဘဲ၊ ယင်းသည် လူမှုရေးစွမ်းအားဖြစ်ပေသည်။

ထို့ကြောင့် အရင်းကိုတို့ပစ္စည်းအဖြစ် ပြောင်းလဲ လိုက်သောအခါတွင် လူ့အဖွဲ့အစည်းဝင်များ အားလုံး၏ ပစ္စည်းအဖြစ် ပြောင်းလဲလိုက်သောအခါတွင် ကိုယ်ရေး ပစ္စည်းကို လူမှုရေးပစ္စည်းအဖြစ်ပြောင်းလဲလိုက်ခြင်း မဟုတ်ပေ။ ပစ္စည်း၏ လူမှုရေးလက္ခဏာသည်သာလျှင် ပြောင်းလဲသွားပေသည်။ ယင်း၏ လူတန်းစား လက္ခဏာသာ ပျောက်သွားပေသည်။

ငါတို့ယခု လုပ်ခစား လုပ်အားကိုယူ၍ကြည့်ကြစို့။

လုပ်ခစား လုပ်အား ဖျမ်းမျှကြေးဈေးနှုန်းသည် အနိမ့်ဆုံး လုပ်ခဖြစ်သည်၊ ဆိုလိုသည်မှာအလုပ်သမားတယောက်အဖြစ် အသက်ရှင်နေနိုင်ရန် လုံးဝလိုအပ်သည့် အသက်ရှင် နိုင်ရေး အတိုင်းအတာဖြစ်သည်။ ထို့ကြောင့် လုပ်ခစား အလုပ်သမားက သူ၏ လုပ်အား နည်းလမ်းဖြင့် ရယူ သုံးစွဲသည့် အရာသည် အသက်ရှင် နေနိုင်စေရန်နှင့် ပြန်လည်မွေးထုတ်ရန်လောက်သာ လုံလောက်ပေသည်။ ဤလုပ်အား၏ ထွက်ကုန်များအားကိုယ်ရေးရယူသုံးစွဲမှု၊ လူ့ဘဝအသက်တည်တန့်ရေးနှင့် ပြန်လည်မွေးထုတ်ရေးအတွက် ပြုလုပ်သည့်ရယူသုံးစွဲမှု၊ အခြားသူများ၏လုပ်အားကို အမိန့်ပေးခိုင်းစေရန် အစွန်းထွက်အပိုအလျှံ မကျန်ရှိသည့်ရယူသုံးစွဲမှုမျိုးကို ငါတို့ဖျက်သိမ်းရန် မရည်ရွယ်ပေ။ ငါတို့ဖျက်သိမ်းပစ်လိုသည့်အရာမှာ ဤရယူသုံးစွဲမှု၏ ဆိုးဝါးသော လက္ခဏာကိုသာ ဖျက်သိမ်းပစ်လိုပေသည်။ လယ်သမားသည် အရင်းတိုးတက်စေရန်သာ အသက်ရှင် နေထိုင်ရသည့်လက္ခဏာ၊ အုပ်စိုးသည့် လူတန်းစား၏ အကျိုးကျေးဇူးက အလုပ်သမားအား လိုအပ်သမျှသာ အသက်ရှင်နေထိုင် ခွင့်ပြုသည့် လက္ခဏာကိုသာဖျက်သိမ်း ပစ်လိုပေသည်။

ဓနရှင် လူ့အဖွဲ့အစည်းတွင်သက်ရှိလုပ်အားသည်စုဆောင်းထားသော လုပ်အားကို တိုးတက်စေရန် နည်းလမ်း တရပ်သာဖြစ်သည်။ ကွန်မြူနစ် လူ့အဖွဲ့အစည်းတွင် စုဆောင်း ထားသော လုပ်အားသည်အလုပ်သမား၏ဘဝကိုတိုးချဲ့ရေး၊ ကြွယ်

ဝဇေရေးနှင့်အားပေးမြှင့်တင်ရေးနည်းလမ်းတရပ်ပင် ဖြစ်ပေသည်။

ထို့ကြောင့် ဓနရှင်အဖွဲ့အစည်းတွင် အတိတ်က မျက်မှောက်ကို အုပ်စိုးထားသည်၊ ကွန်မြူနစ် လူ့အဖွဲ့အစည်းတွင် မျက်မှောက်ကအတိတ်ကို အုပ်စိုးထားသည်။ဓနရှင်လူ့အဖွဲ့အစည်းတွင် အရင်းသည်မှီခိုမနေရ၊ လွတ်လပ်၍ တဦးချင်းလက္ခဏာရှိသည်။ သက်ရှိလူသည် မှီခိုနေရ၍ တဦးချင်း လက္ခဏာမရှိပေ။

ဤအခြေအနေမျိုးဖျက်သိမ်းရေးကို တဦးချင်းလက္ခဏာနှင့်လွတ်လပ်ရေးကိုဖျက်သိမ်းရေးဖြစ်သည်ဟု ဓနရှင်လူတန်းစားကပြောဆိုကြသည်။ ဤသို့ပြောဆိုခြင်းသည် မှန်ပေသည်။ဓနရှင်တဦးချင်းလက္ခဏာ၊ ဓနရှင်မှီခိုမနေရမှုနှင့် ဓနရှင်လွတ်လပ်မှုတို့အား ဖျက်သိမ်းရေးကိုရည်ရွယ်ထားခြင်းမျိုးကြောင့်ဖြစ်ပေသည်၊

မျက်မှောက်ဓနရှင် ကုန်ထုတ်လုပ်ရေး အခြေ အနေများအောက်၌ လွတ်လပ်ရေးဆိုသည်မှာ လွတ်လပ်စွာ ကုန်လုပ်ရေး၊ လွတ်လပ်စွာ အရောင်းအဝယ်လုပ်ရေးဖြစ်သည်။ ဓနရှင်လူတန်းစားကလွတ်လပ်စွာရောင်းဝယ်ရေးအကြောင်း၊ယေဘုယျ လွတ်လပ်ရေးအကြောင်း အခြား "စကားကြီး စကားကျယ်"ပြောဆိုချက်သည် ကန့်သတ် ချုပ်ချယ် ထားသောရောင်းရေးဝယ်ရေး၊ အလယ်ပိုင်းခေတ် ဖွဲ့ နှောင် ထား သောကုန်သည်များနှင့် နှိုင်းယှဉ်ကြည့်မှသာလျှင် အဓိပ္ပါယ်ရှိပေသည်၊ ရောင်းဝယ်ရေး၊ ဓနရှင်ကုန်ထုတ်လုပ်ရေး အခြေအနေများ ဓနရှင် လူတန်းစားကိုယ်တိုင်ပင် ကွန်မြူနစ်နည်းအရဖျက်သိမ်းရေးနှင့် နှိုင်းယှဉ်ပြောဆိုသောအခါတွင် အဓိပ္ပါယ်မရှိပေ။

ငါတို့က ပုဂ္ဂလိကပစ္စည်းဖျက်သိမ်းရေးကို ရည်ရွယ်လျက်ရှိခြင်းကြောင့် သင်တို့ ထိတ်လန့် တုန်လှုပ်သွားကြပေသည်၊ သို့ရာတွင် သင်တို့၏တည်ရှိနေသည့် လူ့အဖွဲ့အစည်းတွင် လူဦးရေ ဆယ်ပုံ ကိုးပုံ အတွက် ပုဂ္ဂလိကပစ္စည်းသည်ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ လူအနည်းငယ်အတွက် ပုဂ္ဂလိကပစ္စည်းတည်ရှိခြင်းမှာလည်း ထိုဆယ်ပုံကိုးပုံ၏ လက်ထဲတွင် ပုဂ္ဂလိကပစ္စည်းမရှိခြင်းကြောင့်ဖြစ်ပေသည်။ထို့ကြောင့်-လူ့အဖွဲ့အစည်း၏ ရောမလူအများစုကြီးအတွက် ပစ္စည်းတစုံကရာမတည်ရှိသည့် အခြေအနေရှိမှသာတည်ရှိနိုင်သည့် ပုဂ္ဂလိကပစ္စည်းကို ဖျက်သိမ်းပစ်ရန်ရည်ရွယ်လျက်ရှိကြောင်းကို သင်တို့က ငါတို့အား အပြစ်ပြောဆိုကြသည်။

တနည်းဆိုလျှင် သင်တို့၏ပစ္စည်းကိုဖျက်သိမ်းပစ်ရန် ရည်ရွယ်လျက်ရှိကြောင်းကို သင်တို့က ငါတို့အား အပြစ်ပြောဆို

ကြသည်။ ပြောသည့်အတိုင်းမှန်ပါသည်၊ ငါတို့ရည်ရွယ်သည်မှာ ပုဂ္ဂလိကပစ္စည်းဖျက်သိမ်းရေးပင်ဖြစ်ပါသည်။

လုပ်အားကိုအရင်းအဖြစ်သို့ရင်း၊ ငွေအဖြစ်သို့ရင်း၊အခွင့်အခါအဖြစ်ရင်း၊ လက်ဝါးကြီးအုပ်နိုင်စွမ်းရှိသည့် လူမှုရေးစွမ်းအားအဖြစ်သို့ရင်း ပြောင်းလဲခြင်းမပြုနိုင်တော့သည့်အချိန်အခါမှစ၍ ဆိုလိုသည်မှာ တဦးချင်းပစ္စည်းကို ဓနရှင်ပစ္စည်းအဖြစ်ရင်း၊ အရင်းအဖြစ်ရင်း (၄၆) ပြောင်းလဲခြင်းမပြုနိုင်တော့သည့်အချိန်မှစ၍ တဦးချင်းလက္ခဏာ ပျောက်ကွယ်သွားသည်ဟု သင်တို့ကဆိုကြသည်။

ထို့ကြောင့် "တဦးချင်း"ဆိုသည်မှာ ဓနရှင်လူတန်းစားအပြင် အခြားလူကိုဆိုလိုခြင်းမဟုတ်ကြောင်း၊ ပစ္စည်းပိုင်ဆိုင်သည့် လူလတ်တန်းစားအပြင် အခြားလူကိုဆိုလိုခြင်းမဟုတ်ကြောင်းကိုသင်တို့ဝန်ခံရပေမည်။ စင်စစ်အားဖြင့်ဤတဦးချင်းဆိုသည် လမ်းရှင်းပစ်ရပေမည်၊ မ ဖြစ် နိုင် အောင် ပြု လုပ်ရပေမည်။

ကွန်မြူနစ်ဝါဒက လူ့အဖွဲ့အစည်း၏ထွက်ကုန်များအားခန့်ခွဲရယူသုံးစွဲရန်အခွင့်အာဏာကို မည်သူ့အားမျှလက်လွတ်အောင်မပြုလုပ်ပေ၊ ကွန်မြူနစ်ဝါဒကလုပ်သမျှမှာ ဤကဲ့သို့ခန့်ခွဲရယူသုံးစွဲခြင်းနည်းလမ်းအားဖြင့် အခြားသူများ၏ လုပ်အားကိုလက်ဝါးကြီးအုပ်ရန် အခွင့်အာဏာကိုသာ လက်လွတ်အောင်ပြုလုပ်ပေသည်။

ပုဂ္ဂလိကပစ္စည်းကိုဖျက်သိမ်းလိုက်ပါက အလုပ်အားလုံးရပ်သွားပေလိမ့်မည်၊ တလောကလုံးနေရာတကာ အပျင်းကြီးမှုဖြစ်လာလိမ့်မည်ဟု ကန့်ကွက်ပြောဆိုကြသည်။

ဤပြောဆိုချက်အရဆိုလျှင် ဓနရှင် လူ့ အဖွဲ့ အစည်းသည် ပျင်းယိခြင်းသက်သက်အားဖြင့် ချွေးဇာတ်ခင်းခဲ့ရမည်မှာကြာပြီဖြစ်သည်၊ဓနရှင်လူ့အဖွဲ့အစည်းတွင် အလုပ်လုပ်သူများသည် ဘာမျှမရရှိကြဘဲပစ္စည်းတစုံတရာရရှိသူများသည် အလုပ်မလုပ်ကြပေ၊ ဤကန့်ကွက်ချက်တခုလုံးသည် အဓိပ္ပါယ်တူစကားမျိုးထပ်ပြောခြင်းသာဖြစ်ပေသည်။ အရင်း တစုံ တရာမရှိတော့သောအခါတွင် လုပ်ခစားအလုပ် တစုံတရာလည်းရှိတော့မည်မဟုတ်ဟုဆိုခြင်းပင်ဖြစ်ပေသည်။

ကွန်မြူနစ်တို့၏အရာဝတ္ထုပစ္စည်းထွက်ကုန်များ ထုတ်လုပ်ရေးနှင့်ခန့်ခွဲရယူသုံးစွဲရေးနည်းလမ်းအား ဆန့်ကျင်ကန့်ကွက်ချက်များအားလုံးကဲ့သို့ပင် ကွန်မြူနစ်တို့၏ ဉာဏ်ပညာထွက်ကုန်များထုတ်လုပ်ရေးနှင့် ခန့်ခွဲရယူသုံးစွဲရေး နည်းလမ်းကိုလည်း ဆန့်ကျင်ကန့်ကွက်ကြသည်။ ဓနရှင်လူတန်းစားအတွက် လူတန်းစားပစ္စည်းပျောက်ကွယ်ခြင်းသည် ကုန်ထုတ်လုပ်ရေးကိုယ်တိုင် ပျောက်ကွယ်ခြင်း ဖြစ်သည်ဟု ထင်သကဲ့သို့ပင်၊ လူတန်းစားယဉ်ကျေးမှု ပျောက်ကွယ်ခြင်းသည် ယဉ်ကျေးမှုအားလုံး ပျောက်ကွယ်ခြင်း နှင့် အတူတူ ဖြစ် သည် ဟု ထင်ပေသည်။

နေရှင်လူတန်းစားကပျောက်ဆုံး၍ လွမ်းခန်းဖွင့်နေသော ထိုယဉ်ကျေးမှုသည်ရောမလူများစုကြီးအတွက်စက်တခု အဖြစ် လုပ်ကိုင်ရန်လေ့ကျင့်ပေးရေးသက်သက်ဖြစ်ပေသည်။

သင်တို့၏ နေရှင်လွှတ်လပ်ရေး၊ ယဉ်ကျေးမှုဥပဒေစသော ယူဆချက်များအဆင့်အတန်းစံချိန်ကို သင်တို့လိုက်နာအသုံးပြု နေသမျှ ငါတို့ရည်ရွယ်ထားသော နေရှင်ပစ္စည်း ဖျက်သိမ်း ရေးအတွက် ငါတို့နှင့်လာ၍ အငြင်းပွါး မနေ ပါနှင့် တော့၊ သင်တို့၏အယူအဆများသည် သင်တို့၏ နေရှင်ကုန်ထုတ်လုပ် ရေးနှင့် နေရှင်ပစ္စည်းအခြေအနေများမှ ပေါက်ဖွားလာချက် ဖြစ်ပါသည်။သင်တို့၏တရားဥပဒေသည်လည်း သင်တို့လူတန်း စား၏ ဆန္ဒကိုအားလုံးအတွက် ဥပဒေတရပ် အဖြစ်ပြုလုပ်ထား သကဲ့သို့ပင်ဖြစ်ပါသည်၊ သင်တို့ဆန္ဒ၏ လိုရင်း လက္ခဏာနှင့် ဦးတည်ချက်ကို သင်တို့လူတန်းစားတည်ရှိမှုစီးပွားရေး အခြေ အနေ များက အဆုံးအဖြတ်ပေးပါသည်။

သင်တို့၏ ကိုယ်ကျိုးကိုသာကြည့်သော အမြင်မှောက်မှားမှု ကသင်တို့၏မျက်မှောက်ကုန်ထုတ်လုပ်နည်းနှင့်ပစ္စည်းအသွင်မှ ပေါ်ပေါက်လာသည့်ကုန်ထုတ်ရေးတိုးတက်မှု ဖြစ်စဉ်တွင်ပေါ် လိုက်ပျောက်လိုက်ဖြစ်ပျက်တတ်သော သမိုင်းရေးဆက်သွယ်မှု များ လူမှုရေးအသွင်များကို ထာဝရသဘာဝ တရားများနှင့် ထာဝရကြောင်းကျိုးဆင်ခြင်မှုတရားများအဖြစ် သင်တို့ အား

ထင်မြင်စေပါသည်။ သင်တို့မတိုင်မီက အုပ်စိုးသည့်လူတန်း စားတိုင်းနှင့် အတူတူပင်-သင်တို့လည်း၎င်းအမြင်မှောက်မှားမှု ကိုခံယူကြသည်၊ ရှေးခေတ် ပစ္စည်းကိစ္စတွင် သင်တို့ပြတ်ပြတ် သားသား တွေ့မြင်သော၊ ပဒေသရာဇ် ပစ္စည်းကိစ္စတွင် သင် တို့ဝန်ခံသောအရာကို-သင်တို့ကိုယ်ပိုင် နေရှင် ပစ္စည်း အသွင် ကိစ္စတွင် သင်တို့ဝန်မခံနိုင်ကြပေ။

အိမ်ထောင်ရေးကိစ္စဖျက်သိမ်းခြင်း၊ ခေတ်အမီဆုံး သူများ ပင် ကွန်မြူနစ်များ၏ဤအဆိုကို ကရုန်ကန့်ကွက်ကြပေသည်။

မျက်မှောက်အိမ်ထောင်ရေး၊ နေရှင်အိမ်ထောင်ရေးသည် မည်သည့်အခြေခံအုတ်မြစ်ပေါ်တွင် အခြေစိုက်ထားပါသနည်း၊ အရင်းပေါ်တွင်အခြေစိုက် ထားသည်၊ ပုဂ္ဂလိက အမြတ်ပေါ် တွင် အခြေခံထားသည်၊ နေရှင်အိမ်ထောင်ရေး ပြည့်စုံစွာဖြစ် ပေါ်လာသည့် အသွင်မျိုးသည် နေရှင် လူတန်းစားထဲ၌သာ တည်ရှိပေသည်။ သို့ရာတွင် ဤနေရှင် အိမ်ထောင်ရေး အခြေ အနေသည် ပစ္စည်းမဲ့ လူတန်းစားများထဲတွင် အိမ်ထောင်ရေး ပျက်စီးမှုနှင့်ပြည့်တန်ဆာ စနစ်တို့ကို ယင်း၏ဖြည့်စွက်မှုအဖြစ် တွေ့ရပေသည်။

နေရှင်အိမ်ထောင်ရေးသည် ယင်း၏ဖြည့်စွက်မှု ပျောက် ကွယ်သွားသောအခါတွင် - ပျောက်ကွယ် သွားပေလိမ့် မည်၊

အရင်းပျောက်ကွယ်သွားပါက၊ မိန်းမရှင် အိမ်ထောင်ရေး နှင့် ယင်းဖြည့်စွက်မှုလည်း ပျောက်ကွယ်သွားပေလိမ့်မည်။

သင်တို့က ငါတို့အား သူတို့၏မိဘများ က သားသမီးများအား သွေးစုတ်ချယ်လှယ်မှုကို ရပ်ပစ်လိုကြောင်းကို စွပ်စွဲပါသလော၊ ဤစွပ်စွဲချက်၌ ငါတို့ဟုတ်ကြောင်းကို ဝန်ခံပါသည်။

သို့ရာတွင် ငါတို့က အိမ်တွင်းပညာရေးကို လူမှုရေးပညာရေးဖြင့်အစားထိုးသောအခါတွင်၊ ငါတို့က အ သီး သန့် ဆိုးဆက်သွယ်မှုများကို ဖျက်ဆီးပစ်လိုက်သည်ဟုသင်တို့က ဆိုပေလိမ့်မည်။

သင်တို့၏ပညာရေးကကော၊ သင်တို့၏ ပညာရေး သည်လည်း လူမှုရေးမဟုတ်ပါသလော၊ သင်တို့ ပညာ သင် ကြားသည့် လူမှုရေး အခြေ အနေများက သင်တို့၏ ပညာရေးကို အဆုံးအဖြတ်ပေးသည်မဟုတ်ပါလော၊ ကျောင်းများ စသည်အားဖြင့် လူ့အဖွဲ့အစည်းက တိုက်ရိုက်မဟုတ်လျှင်၊ သွယ်ဝိုက်၍ ဝင်ရောက်စွက်ဖက်ခြင်းဖြင့် အဆုံးအဖြတ်ပေးသည်မဟုတ်ပါလော၊ ကွန်မြူနစ်များက ပညာရေးတွင် လူ့အဖွဲ့အစည်း၏ ဝင်ရောက်စွက်ဖက်မှုကို တည်ထွင်ခဲ့သည်မဟုတ်ပါ၊ ကွန်မြူနစ်များက ထိုဝင်ရောက်စွက်ဖက်မှုလက္ခဏာကို ပြောင်းလဲရန်

သာ အားထုတ်ကြပါသည်။ အုပ်စိုးသည့်လူတန်းစား၏သြဇာအောက်မှ ပညာရေးကိုကယ်တင်ရန် သာ အားထုတ်ကြပါသည်။

မြေရှင်လူတန်းစားက အိမ်ထောင်ရေးအကြောင်း ပညာရေးအကြောင်း၊ မိဘနှင့်သားသမီးတို့ သီးသန့်အပြန်အလှန်ဆက်သွယ်မှုအကြောင်း အသံကောင်းဟစ် သမျှကို ခေတ်မီစက်မှုလုပ်ငန်း၏ လုပ်ဆောင်မှုက ပို၍ပင်ရွံမုန်းစရာ ဖြစ်စေသည်။ ခေတ်မီစက်မှုလုပ်ငန်းက ပစ္စည်းမဲ့များထဲတွင် အိမ်ထောင်ရေးအနှောင်ဖွဲ့မှုများအားလုံးကို တကွဲတပြား ဖြစ်စေပါသည်၊ သူတို့၏သားသမီးများကို သာမာန်ကုန်သည်ရောင်းဝယ်ရေးပစ္စည်းများနှင့် လုပ်အားကိရိယာများအဖြစ် ပြောင်းလဲပစ်လိုက်ပါသည်။

သို့ရာတွင်–သင်တို့ကွန်မြူနစ်များက မိန်းမများပြည်သူပိုင်လုပ်မှုကို စတင်တည်ထောင်ပေလိမ့်မည်ဟု မြေရှင်လူတန်းစားတရပ်လုံးက သံပြိုင်အော်ဟစ်ကြပါသည်။

မြေရှင်ကသူ၏မယားအား ကုန်ထုတ်လုပ်ရေးကိရိယာတခုအဖြစ်သာ တွေ့မြင်ပေသည်၊ ကုန် ထုတ် လုပ် ရေး ကိရိယာများကိုဘုံအသုံးချရမည် ဖြစ် ကြောင်းကို မြေရှင်က ကြားဘူးပေသည်၊ သဘာဝအတိုင်းပင်အားလုံးဘုံဖြစ်ရမည့် ကံကြမ္မာသည်လည်း မိန်းမများအပေါ် သို့အလားတူ ကျရောက်လိမ့်မည်

ဟုသည်မှလွဲ၍ ဓနရှင်လူတန်းစားက အခြား ကောက်ချက်သို့ မရောက်နိုင်ပေ။

အကယ်တန်းရည်ရွယ်ချက်မှာ မိန်းမများအား သာမာန် ကုန်ထုတ်လုပ်ရေး ကိရိယာများအဖြစ် သဘောထားချက်ကို ဖယ်ရှားပစ်ရန်ဖြစ်သည်လို့ သူအနည်းငယ်မျှပင် ရိပ်စားမိခြင်းမရှိပေ။

ကွန်မြူနစ်များက မိန်းမများ ပြည်သူပိုင်လုပ်မှုကို ပြောင်ပြောင်တရားဝင်တည်ထောင်လိမ့်မည်ဟု ပြောပြော ဆိုဆို ဓနရှင်လူတန်းစားက ဒေါသထွက်နေသည်ထက်ပို၍ ရှက်စရာကောင်းသည်မှာ မရှိတော့ပါ၊ ကွန်မြူနစ်များက မိန်းမများ ပြည်သူပိုင်လုပ်မှုကို စတင်လုပ်စရာမလိုပါ၊ ၎င်းကိစ္စသည် ရှေးပဝေသဏီကပင်ရှိလာခဲ့ပါသည်။

ဓနရှင်လူတန်းစားသည် ပစ္စည်းမဲ့များ၏မယားနှင့် သမီးများကို သဘောရှိကျင့်ကြံရုံနှင့် မကြေနပ်သေးဘဲ၊ သူတို့အချင်းချင်း လည်း တယောက်မယားကို တယောက် ကြာခိုဖောက်ပြန်ကြရာ၌လည်းပျော်ပိုက်ကြသည်၊ ပြည့်တန်ဆာများကိုမူ ပြောဆိုစရာပင် မလိုတော့ပေ။

ဓနရှင်လက်ထက်ထိမ်းမြားရေးသည် တကယ် စင်စစ်အားဖြင့် မယားကို အများပိုင်လုပ်သည့်စနစ်ဖြစ်ပေသည်။ ၎င်းသို့ဖြင့် ကွန်မြူနစ်များအား အများဆုံး အပြစ်တင်နိုင်သည့် အရာမှာ

မိန်းမများပြည်သူပိုင်လုပ်ထားမှုကို ဟန်ဆောင် ဖုံးကွယ်ထားသည့်နေရာတွင် ပြောင်ပြောင်တရားဝင် အသိအမှတ် ပြုခြင်းကို အစားသွင်းလိုသည့် အချက်ဖြစ်ပေသည်။ ကျန်အရာများမှာမူ မျက်မှောက်ကုန်ထုတ်လုပ်ရေးစနစ်ကို ဖျက် သိမ်း လိုက်ပါက ထိုစနစ်မှ ပေါက်ဖွားလာမည့် မိန်းမများ ပြည်သူပိုင်လုပ်မှုဆိုလိုသည်မှာ ပုဂ္ဂလိကနှင့်ပြည်သူပိုင် ပြည့်တန်ဆာစနစ် နှစ်ရပ်လုံးသည်လည်းထိုစနစ်နှင့် အတူ ပျောက်ကွယ် သွားရမည်မှာ ထင်ရှားလှပေသည်။

ကွန်မြူနစ်များအား တိုင်းပြည်များနှင့် လူမျိုးရေးတို့ကို ဖျက်သိမ်းပစ်လိုသည့်ဆန္ဒရှိသည်ဟု စွပ်စွဲပြစ်တင်ကြသည်။

လုပ်သားပြည်သူများတွင် တိုင်းပြည်မရှိပါ၊ သူတို့တွင်မရှိသည့်အရာကို သူတို့ထံမှယူ၍မရနိုင်ပေ၊ပစ္စည်းမဲ့ လူတန်းစားသည်ပထမဦးစွာ နိုင်ငံရေးအချုပ်အချာ အာဏာကို ရယူရမည်၊ နိုင်ငံ၏ခေါင်းဆောင် လူတန်းစားအဖြစ် မားမားရပ်ရမည်၊ (၄၇) မိမိကိုယ်ကိုနိုင်ငံအဖြစ် တည်ဆောက်ရမည် ဖြစ်သဖြင့်၊ ဓနရှင်လူတန်းစား၏ အဓိပ္ပါယ်အရ မဟုတ်ဘဲ၊ ပစ္စည်းမဲ့ လူတန်းစားကိုယ်တိုင်သည် အမျိုး သား ရေးလည်း ဖြစ်ပေသည်။

ပြည်သူများကြားတွင် အမျိုးသားရေး ခြားနားချက်များ

နှင့်ရန်ဘက်ဖြစ်မှုများသည် ဓနရှင် လူတန်းစား ဖြစ်ပေါ်တိုးတက်လာမှု၊ ကူးသန်းရောင်းဝယ်ရေး လွတ်လပ်လာမှု၊ ကမ္ဘာ့ဈေးကွက်ကျယ်ပြန့်လာမှု၊ ကုန်ထုတ်လုပ်ရေး ပုံစံတွင် တမျိုးတည်းဖြစ်လာမှုတို့ကြောင့်နှင့် ဤသည်တို့နှင့် ဆီလျော်သော ဘဝအခြေအနေများတွင် တနေ့တခြားပို၍ပို၍ ပျောက်ကွယ်လာလျက်ရှိပေသည်။

ပစ္စည်းမဲ့ လူတန်းစား အချုပ်အချာဖြစ်လာမှုက ဤအရာများပို၍ပင်လျှင်မြန်စွာပျောက်ကွယ်ပေလိမ့်မည်၊ အနည်းဆုံးအားဖြင့်ထိပ်တန်းယဉ်ကျေးသောတိုင်းပြည်များ၏ ပူးပေါင်းလုပ်ဆောင်မှုသည် ပစ္စည်းမဲ့ လူတန်းစား လွတ်မြောက်ရေးအတွက် ပထမအခြေအနေတရပ်ဖြစ်ပေသည်။

လူတယောက်ကတယောက်အား သွေးစုတ်ချယ်လှယ်မှုကို အဆုံးသတ်စေသည့်အချိုးအစားကိုလိုက်၍ တနိုင်ငံကတနိုင်ငံအား သွေးစုတ်ချယ်လှယ်မှုကိုလည်း အဆုံးသတ်စေလိမ့်မည်၊ နိုင်ငံတနိုင်ငံအတွင်း၌လူတန်းစားများကြားတွင်ရန်ဘက်ပဋိပက္ခ ပျောက်ကွယ်မည့်အချိုးအစားကိုလိုက်၍၊ တနိုင်ငံ နှင့် တနိုင်ငံ ရန်မူမှုသည်လည်း ပျောက်ကွယ်ပေလိမ့်မည်။

ကွန်မြူနစ်ဝါဒအား ဘာသာရေး၊ အဘိဓမ္မာရေး၊ ယေဘူယျအားဖြင့် အယူဝါဒရေး ရပ်တည် ချက်မှနေ ၍ ပြုလုပ်

သော စွပ်စွဲချက်များကို လေး လေး နက်နက် စစ် ဆေး ရန် မထိုက်ပေ။

လူ၏အယူအဆများ၊ အမြင်များနှင့်ခံယူချက်များတနည်း ဆိုရလျှင်၊ လူ၏အသိတရားသည် သူ၏ရုပ်ဝတ္ထုဘဝ အခြေအနေများ သူ၏လူမှုရေး ဆက်သွယ်မှုများနှင့် သူ၏လူမှုရေး ဘဝတို့တွင် ပြောင်းလဲမှုတိုင်း နှင့် လိုက်၍ ပြောင်း လဲ သည့် အချက်ကိုသိရှိနိုင်ရန် နက်နက်နဲနဲထိုးထွင်း သိမြင်တတ်သော ဉာဏ်ပညာလိုပါသလော။

အယူအဆရေးရာသမိုင်းက ဉာဏ်ပညာရေးရာ ထုတ်လုပ်မှုသည် ရုပ်ဝတ္ထုရေးရာ ထုတ်လုပ်မှု ပြောင်းလဲသည့် အချိုးအစားကိုလိုက်၍၊ ယင်း၏လက္ခဏာပြောင်းလဲသည် ဆိုသည်မှ တပါး အဘယ်အရာများကို သက်သေ ထူ ပါ သေး သ နည်း၊ ခေတ်တခေတ်စီ၏ အုပ်စိုးလျက်ရှိသော အယူအဆများသည် ယင်း၏အုပ်စိုးသည့် လူတန်းစား၏အယူ အဆများသာ ဖြစ်ပေသည်။

လူများက လူ့အဖွဲ့အစည်းအား တော်လှန်ရေး ဖြစ်စေသည့် အယူအဆများကို ပြောဆိုသော အခါတွင်၊ လူ့အဖွဲ့အစည်း ဟောင်းအတွင်း၌၊ လူ့အဖွဲ့အစည်းသစ်၏ အခြေခံများဖန်တီးခဲ့ပြီး ဖြစ်သည့်အချက်၊ ဘဝဟောင်းအခြေအနေများ ပျက်စီးမှုနှင့်အညီလိုက်၍ အယူအဆဟောင်းများ ပျက်

စီးလာသည့် အချက်တို့ကိုသူတို့က ဖော်ပြခြင်းသာ ဖြစ်ပေသည်။

ရှေးခေတ် လောကကြီး နောက်ဆုံး ချုပ်ငြိမ်း တော့မည့် အချိန်သို့ရောက်လာသောအခါတွင် ရှေးခေတ် ဘာသာရေးကို ခရစ်ယာန်ဘာသာကအောင်နိုင်ခဲ့သည်။ ခရစ်ယာန်အယူအဆများသည် ၁၈ရာစုနှစ်တွင် ကြောင်းကျိုး ဆင်ခြင်ရေး အယူအဆများအား အရှုံးပေးလာရသောအခါတွင်၊ ပဒေသရာဇ် လူ့အဖွဲ့အစည်းသည် ထိုစဉ်ကတော်လှန်ရေးနေရှင်လူတန်းစားနှင့်သေရေးရှင်ရေးတိုက်ပွဲတိုက်ခဲ့သည်။ ဘာသာရေးလွတ် လပ်မှုနှင့် လွတ်လပ်စွာယုံကြည်မှု အယူအဆများသည် ဗဟုသုတ အသိဉာဏ်ပညာနယ်အတွင်း၌ လွတ်လပ်စွာ ပြိုင်ဆိုင်မှုလွှမ်းမိုးနေခြင်းကို ဖော်ပြပေသည်။

“ဘာသာရေး၊ အကျင့်စာရိတ္တရေး၊ အဘိဓမ္မာ ရေးနှင့် တရားဥပဒေရေးအယူအဆများသည် သမိုင်းဖြစ်ပေါ် တိုးတက်မှုကာလတလျှောက်တွင် ပြုပြင်ခဲ့သည်မှာ သံသယ ဖြစ်စရာမရှိပေ၊ သို့ရာတွင်၊ ဘာသာ ရေး၊ အကျင့်စာရိတ္တရေး၊ အဘိဓမ္မာရေး၊ နိုင်ငံရေးသိပ္ပံပညာနှင့် တရား ဥပဒေတို့သည် ဤပြောင်းလဲမှုများထဲတွင် တသမတ်တည်းရှိလာခဲ့သည်” ဟု ဆိုကြပေလိမ့်မည်။

“ထို့အပြင်၊ လူ့အဖွဲ့အစည်း အခြေ အနေများ အားလုံး

တွင် ဘုံဖြစ်သည့်လွတ်လပ်ရေး၊ တရားမျှတရေး စသည်တို့ကဲ့သို့ ထာဝရအမှန်တရားများရှိပေသည်။ သို့ရာတွင် ကွန်မြူနစ်ဝါဒက ထာဝရအမှန်တရားကို ဖျက်သိမ်းပစ်သည်၊ ကွန်မြူနစ်ဝါဒက အခြေခံသစ်ပေါ်၌ ဖြစ်ပေါ်စေ ရမည့် အစား ဘာသာရေးနှင့်အကျင့်စာရိတ္တရေးအားလုံးကို ဖျက်သိမ်း ပေသည်၊ ထို့ကြောင့်ကွန်မြူနစ်ဝါဒသည် အတိတ်ကာလသမိုင်း အတွေ့အကြုံအားလုံးကို ဆန့်ကျင်ပြုလုပ်ပေသည်” ဟု ဆိုကြပေလိမ့်မည်။

ဤစွပ်စွဲချက်သည်ဘာကိုစွပ်စွဲလိုပါသနည်း၊အတိတ်ကာလ အဖွဲ့အစည်းအားလုံး၏ သမိုင်းသည် လူတန်း စား ရန် ဘက် ပဋိပက္ခများ ဖြစ်ပေါ်တိုးတက်မှုသမိုင်းဖြစ်သည်။ အသီးသီး သောခေတ်များတွင် အသွင် အမျိုးမျိုး ကို ဆောင် ကြ သည့် ပဋိပက္ခများဖြစ်သည်။

ပဋိပက္ခများသည် မည်သည့် အသွင်ကို ဆောင်စေကာမူ၊ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းကအခြားအစိတ်အပိုင်းအား သွေးစုတ်ချယ်လှယ်သည့် အချက်တွင် အားလုံး တူ ကြ သည်။ ထို့သို့ဖြစ်လျှင်၊ အတိတ်ကာလ ခေတ်များ၏ လူမှုရေး အသိ တရားသည် ယင်းကအသွင်အမျိုးမျိုးများပြားစွာ ဖော်ပြသော် ငြားလည်း လူတန်းစားရန်ဘက် ပဋိပက္ခများ လုံးဝပျောက် ကွယ်သွားမှသာ လိုက်၍ပျောက်ကွယ်မှု မှ လွဲ ပြီး လျှင် လုံးဝ ပျောက်ကွယ်မသွားနိုင်သောဘုံအသွင်များ၊ သို့မဟုတ် ယေဘူ

ယျှအယူအဆများ အတွင်း၌သာ လှုပ်ရှားသည်ခှာ အံ့ဩစရာမရှိပေ။

ကွန်မြူနစ်တော်လှန်ရေးသည် အစဉ် အလာပစ္စည်း ဆက်သွယ်မှုများနှင့်လုံးဝအကင်းပြတ်ဆုံးဖြစ်ပေသည်။ ယင်း၏ဖြစ်ပေါ်တိုးတက်မှုသည် အစဉ်အလာ အယူအဆများနှင့် လုံးဝအကင်းပြတ်ဆုံးဖြစ်ရသည်ခှာ အံ့ဩစရာမရှိပေ။

သို့ရာတွင် ကွန်မြူနစ်ဝါဒအား ဓနရှင် ဆန့်ကျင်ကန့်ကွက်ချက်များနှင့်ပတ်သက်၍ ဤမျှလောက်ထားလိုက်ကြပါစို့။

အလုပ်သမား လူတန်းစား တော်လှန်ရေးတွင် ပဌမဆုံးခြေလှမ်းသည် ပစ္စည်းမဲ့လူတန်းစားအားအုပ်စိုးသည့် လူတန်းစားအနေအထားသို့မြှင့်တင်ရန် ဒီမိုကရေစီတိုက်ပွဲကို အနိုင်ရရန်ဖြစ်သည်ကို ငါတို့အထက်တွင်တွေ့ခဲ့ရပေသည်။

ပစ္စည်းမဲ့လူတန်းစားသည် ဓနရှင်လူတန်းစားထံမှ အရင်းအားလုံးကို တဖြေးဖြေးသိမ်းယူရန် နိုင်ငံတော်၏လက်ထဲတွင် ဆိုလိုသည်မှာ အုပ်စိုးသည့်လူတန်းစားအဖြစ်ဖွဲ့စည်းထားသည့် ပစ္စည်းမဲ့လူတန်းစား၏လက်ထဲတွင် ကုန်ထုတ်လုပ်ရေး ကိရိယာများအားလုံးကို ချုပ်ကိုင်ထားရန်နှင့် ကုန်ထုတ်လုပ်ရေးအင်အားစုများအားလုံးကိုဖြစ်နိုင်သမျှလျင်မြန်စွာတိုးတက်စေရန်အတွက် ယင်း၏ နိုင်ငံရေးအချုပ်အချာအာဏာကိုအသုံးချပေလိမ့်မည်။

အစကနဦးတွင် ပစ္စည်းအခွင့်အရေးများနှင့် ဓနရှင် ကုန်ထုတ်လုပ်ရေးအခြေအနေများပေါ်တွင်ပိုင်စိုးပိုင်နင်းကျော်နင်း

ဝင်ရောက်သည့် နည်းလမ်း မှတပါး မဖြစ်မြောက် နိုင်ပေ။ ထို့ကြောင့် စီးပွားရေးအားဖြင့် လုံလောက်မှုလည်းမရှိ၊ အားလည်းမကိုးနိုင်ဟု ထင်ရသော်လည်း လှုပ်ရှားမှုအရေးတော်ပုံတလျှောက်တွင် သူတို့ကိုယ်ကိုကျော်လွန်ကာ လူမှုရေး စနစ်ဟောင်း(၄၈)ပေါ်တွင် နောက်ထပ်ချင်းနင်းဝင်ရောက်မှုများပြုလုပ်ရန်လိုအပ်သည့်အရေးယူဆောင်ရွက်မှုများမှတပါးမဖြစ်မြောက်နိုင်ပေ၊ ဤဆောင်ရွက်မှုများသည် ကုန်ထုတ်လုပ်ရေးနည်းနာအား လုံးဝတော်လှန်ရေးဖြစ်စေသည့်နည်းလမ်းတရပ်အဖြစ်ရှောင်လွှဲ၍မရနိုင်ပေ။

ဤအရေးယူ ဆောင်ရွက်မှုများ သည် ခြားနားသောတိုင်းပြည်များတွင် ခြားနားကြပေလိမ့်မည်။

မည်သို့မဆိုအတိုးတက်ဆုံးသောတိုင်းပြည်များတွင် ယေဘူယျအားဖြင့် အောက်ပါတို့ကိုလိုက်နာကျင့်သုံးနိုင်ပေသည်။

၁။ မြေယာပစ္စည်းကိုဖျက်သိမ်းခြင်းနှင့် မြေယာအခွန်အခများအားလုံးကို ပြည်သူ့ကိစ္စများအတွက်အသုံးပြုခြင်း။

၂။ လေးလံတိုးတက်သော၊သို့မဟုတ်အဆင့်ဆင့်မြင့်သောအမြတ်တော်ခွန်ကောက်ခြင်း။

၃။ အမွေဆက်ခံခွင့်အားလုံးကိုဖျက်သိမ်းခြင်း။

၄။ တိုင်းပြည်မှထွက်သွားသူများနှင့်သူပုန်များ အားလုံး၏ ပစ္စည်းကိုသိမ်းယူခြင်း။

၅။ နိုင်ငံတော်အရင်းနှင့် တဦးတည်း လက်ဝါးကြီးအုပ်ထားသည့် အမျိုးသားဘဏ်အားဖြင့်နိုင်ငံတော်၏လက်ထဲတွင် ချုပ်ကိုင်ထားခြင်း။

၆။ နိုင်ငံတော်၏လက်ထဲတွင် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး နည်းလမ်းများကို ဗဟိုချုပ်ကိုင်ထားခြင်း။

၇။ နိုင်ငံတော်က ပိုင်ဆိုင်သောစက်ရုံများနှင့် ကုန်ထုတ်ရေးကိရိယာများကို တိုးချဲ့ခြင်း၊ ဘုံစီမံကိန်း တရပ်နှင့်အညီ မြေရိုင်းများအား ထွန်ယက်စိုက်ပျိုးခြင်းနှင့် မြေဩဇာမြေနှစ်ကို တိုးတက် ကောင်းမွန်အောင်ပြုလုပ်ခြင်း။

၈။ လူအားလုံးတန်းတူအလုပ်လုပ်ကိုင်စေခြင်း၊ စက်မှုလုပ်ငန်းအဖွဲ့ကြီးများတည်ထောင်ခြင်း၊ အထူးသဖြင့်လယ်ယာလုပ်ငန်းအတွက် လုပ်ငန်းအဖွဲ့ကြီးများတည်ထောင်ခြင်း။

၉။ ကုန်ချောထုတ်လုပ်သည့် စက်မှုလုပ်ငန်းများနှင့် လယ်ယာလုပ်ငန်းများပေါင်းစပ်ပေးခြင်း၊ တိုင်းပြည် တဝှမ်းလုံး၌ လူဦးရေပို၍မျှတစွာ ဖြန့်ဝေနေထိုင်ခြင်းအားဖြင့်မြို့နှင့် ကျေးလက် ဒေသ တို့ ကြား တွင် ခြားနားမှု (၂၀) တဖြေးဖြေး ပပျောက်စေခြင်း၊ (၂၁)

၁၀။ ပြည်သူ့ကျောင်းများတွင် ကလေးများ အား လုံး အတွက် အခလွတ်ပညာသင်ပေးခြင်း၊ မျက်မှောက် အသွင် အားဖြင့်ရှိသည့် ကလေးများ၏ စက်ရုံအလုပ်ရုံကို ဖျက်သိမ်းခြင်း၊ စက်မှုလုပ်ငန်းကုန်ထုတ်လုပ်ရေး စသည်တို့နှင့်ပညာရေးကို ပေါင်းစပ်ပေးခြင်း။

သမိုင်းဖြစ်ပေါ်တိုးတက်ရေးဖြစ်စဉ်တလျှောက်၌၊ လူတန်းစားခြားနားမှုပပျောက်သွား၍၊ ကုန်ထုတ်လုပ်ရေးအားလုံးကို တနိုင်ငံလုံး၏ ရောမှကြီးမားသော အစည်းအရုံး၏ လက်ထဲ၌ စုစည်းချုပ်ကိုင်ထားသောအခါတွင်၊ ပြည်သူ့အာဏာသည် ယင်း၏နိုင်ငံရေးလက္ခဏာပျောက်ကွယ်သွားပေလိမ့်မည်။ နိုင်ငံရေးအာဏာ သည် အခြား လူတန်း စား အား နှိပ်ကွပ်ရေးအတွက် လူတန်းစားတရပ်၏ စည်းရုံးထားသောအာဏာဖြစ်သည်။ ပစ္စည်းမဲ့လူတန်းစားသည် ဓနရှင်လူတန်းစားနှင့်ယှဉ်ပြိုင်စဉ်အတွင်း၌၊ အခြေ အနေ များ ကြောင့်၊ မိမိ ကိုယ်ကို လူတန်းစားတရပ်အဖြစ်စည်းရုံး၍၊ တော်လှန်ရေး နည်း လမ်းအားဖြင့်၊ ပစ္စည်းမဲ့လူတန်းစားက မိမိကိုယ်ကို အုပ် စိုး သည့် လူတန်းစားအဖြစ် တည်ဆောက်လာရပါက၊ ကုန်ထုတ် လုပ်ရေးအခြေအနေဟောင်းများကို အကြမ်းနည်း အားဖြင့် ဖယ်ရှားပစ်လိုက်ပေသည်။ ထိုအခါတွင် ဤအခြေ အနေများနှင့်အတူ၊ လူတန်းစားရန်ဘက် ပဋိပက္ခများနှင့်ယေဘုယျအားဖြင့် လူတန်းစားများ တည်ရှိ ရေး အတွက် အခြေအနေများကို လည်း ဖယ်ရှားပစ်ပေလိမ့်မည်။ ဤသို့ဖြင့်လူတန်းစား တရပ် အဖြစ် မိမိ၏ကိုယ်ပိုင် အချုပ်အချာ အာဏာကို လည်း ဖျက်သိမ်းပစ်ပေလိမ့်မည်။

လူတန်းစားများနှင့်လူတန်းစားရန်ဘက် ပဋိပက္ခများ ဖြစ်သည့် ဓနရှင် လူ့အဖွဲ့အစည်းဟောင်း၏ နေရာတွင်၊ တဦးစီ၏ လွတ်လပ်စွာဖြစ်ပေါ်တိုးတက်ရေးသည် အားလုံး၏ လွတ်လပ်စွာ ဖြစ်ပေါ်တိုးတက်ရေးအတွက် အခြေအနေဖြစ်သည့် အဖွဲ့အစည်းရှိလာပေမည်။

(၃)

ဆိုရှယ်လစ် ကွန်မြူနစ်စာပေ

၁။ မောက်ပြန်သော ဆိုရှယ်လစ်ဝါဒ

က။ ပဒေသရာဇ်ဆိုရှယ်လစ်ဝါဒ

သူတို့၏သမိုင်းရေးအနေအထားကြောင့် ပြင်သစ်ပြည်နှင့် အင်္ဂလန်ပြည်မှ မြေပိုင်ရှင်မှူးမတ်သေနာပတိများက ခေတ်သစ်ဓနရှင်လူ့အဖွဲ့အစည်းအား ဆန့်ကျင်သော စာတမ်းများကို ရေးသားကြသည်၊ ၁၈၃၀ပြည့်နှစ် ဇူလိုင်လပြင်သစ်တော်လှန်

ရေးတွင်နှင့် အင်္ဂလိပ်ပြုပြင်ရေးလှုပ်ရှားမှုတွင် ဤမြေပိုင်ရှင်မှူးမတ်သေနာပတိများက ရှုံ့မုန်းစရာကောင်းသော နောက်ပေါက်များကို တဖန်အရှုံးပေးခဲ့ရလေသည်။ ထိုအခါမှစ၍ လေးလေးနက်နက် နိုင်ငံရေးတိုက်ပွဲဖြစ်နိုင်စရာ အကြောင်းမရှိတော့ပေ၊ စာပေတိုက်ပွဲတခုတည်းသာလျှင် ဖြစ်နိုင်တော့သည်။ သို့ရာတွင် စာပေလောက၌ပင်ပြန်လည်ထူထောင်ရေးခေတ်+ ၏ အာဘော်ဟောင်းများသည်မဖြစ်နိုင်တော့ပေ။

မြေပိုင်ရှင်မှူးမတ်သေနာပတိလူတန်းစားသည် ထောက်ခံမှုကိုလှုံ့ဆော်ရန်အလို့ငှါ၊ သူတို့ကိုယ်ပိုင်အကျိုးစီးပွားကို မျက်ခြေပြတ်၍ သွေးစုတ်ချယ်လှယ်ခံ အလုပ်သမား လူတန်းစားတဦးတည်း၏ အကျိုးစီးပွားအတွက် ဓနရှင်လူတန်းစားအား ဆန့်ကျင်သောစွပ်စွဲချက်ကိုရေးဆွဲခဲ့ကြသည်၊ဤသို့ဖြင့် မြေပိုင်ရှင်မှူးမတ်သေနာပတိ လူတန်းစား သူတို့၏ အရှင်သခင်သစ်ပေါ်တွင် ကဲ့ရဲ့ပြစ်တင်စာများ သီဆိုခြင်းဖြင့် လက်စားချေကြသည်။ ကျရောက်လာမည့် ဘေးအန္တရာယ် နိမိတ်ဖတ်ချက်များကို နားထဲတီးတိုးပြောကာလက်စားချေကြသည်။

ဤနည်းဖြင့် ပဒေသရာဇ် ဆိုရှယ်လစ်ဝါဒပေါ်ပေါက်လာ

+ ၁၆၆၀မှ ၁၆၈၈ ခုနှစ်အထိ အင်္ဂလိပ်ပြန်လည်ထူထောင်ရေး ခေတ်မဟုတ်ဘဲ ၁၈၁၄မှ ၁၈၃၀ ခုနှစ်အထိ ပြင်သစ် ပြန်လည် ထူထောင်မှုရေးခေတ်ကိုဆိုသည်။ (၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာပြန် စာအုပ်တွင် အိန်ဂျယ်လ်၏မှတ်ချက်)

သည်တပိုင်း ငိုကြွေးမြည်တမ်း၍၊ တပိုင်းကဲ့ရဲ့ပြစ်တင် ကာ၊ တပိုင်း အတိတ်ကာလကိုပဲ့တင်သံပြုပြီးလျှင်၊တပိုင်းအနာဂတ်၏ ခြိမ်းခြောက်သံဖြစ်ပေသည်။ တခါတရံ ယင်း၏ ခါးသီးစွာနှင့်ဉာဏ်ရှင်စွာပြတ်သားသောဝေဖန်ရေးဖြင့် ဓနရှင်လူတန်းစား၏ အသဲနှလုံးထိခိုက်စေသည်။ သို့ရာတွင် ခေတ်သစ်သမိုင်း၏ ချီတက်မှုလမ်းကြောင်းကို နားလည်နိုင်စွမ်းလုံးဝမရှိသောကြောင့် ယင်း၏ အကျိုးသက်ရောက်မှုမှာအမြဲတန်းရယ်စရာကောင်းတော့ (?) — ရယ်ရွှင်ဘွယ်ဖြစ်ပေသည်။

မြေပိုင်ရှင်မှူးမတ်သေနာပတိ လူတန်းစားသည် လူများ သူတို့ဘက်လိုက်ပါလာစေရန် အလို့ငှါ ပစ္စည်းမဲ့လူတန်းစား အလှူခံအိတ်ကို အောင်လံအဖြစ်ရှေ့၌ လွှင့်ထူထားခဲ့သည်။ သို့ရာတွင် သူ တို့ ဘက် ဝင် ရောက် လာ သူများသည် သူတို့၏ နောက်ကျောယ်၌ ပဒေသရာဇ်အဆောင် အယောင်များကိုတွေ့ရှိကြသောအခါ၌ ပျက်ရယ်ပြုကြ၍စွန့်ခွာသွားကြပြန်သည်။

ပြင်သစ်ဥပဒေရေးသမားများနှင့် “အင်္ဂလန်တက်လူအဖွဲ့” (၅၃) တစိတ်တပိုင်းသည် ဤမြင်ကွင်းကိုပြသခဲ့ကြသည်။

သူတို့၏သွေးစုတ် ချယ်လှယ်ရေး နည်းလမ်းသည် ဓနရှင်လူတန်းစား၏ သွေးစုတ်ချယ်လှယ်ရေးနည်းလမ်းနှင့် ခြားနားကြောင်းကို ထောက်ပြရာ၌ ပဒေသရာဇ် များ က လုံးဝခြားနား၍ ယခုအခါခေတ်မမီတော့ပြီဖြစ်သော အခြေအနေများနှင့်ပတ်ဝန်းကျင် များ အောက်၌ သူတို့သွေးစုတ် ချယ်လှယ်ခဲ့သည်ကို မေ့နေကြသည်။ သူတို့၏အုပ်စိုးမှုအောက်၌–ခေတ်

သစ်ပစ္စည်းမဲ့လူတန်းစား မည်သည့် အခါမျှမရှိခဲ့ကြောင်းကို ဖေါ်ပြရာတွင်၊ ခေတ်သစ်ဓနရှင်လူတန်းစားသည် ပဒေသရာဇ်လူ့အဖွဲ့အစည်းအသွင်မှ လိုအပ်သော ပေါက်ဖွားလာမှုဖြစ်သည်ကို သူတို့မေ့နေကြသည်။

သူတို့ဝေဖန်ရေး၏ ဖေါက်ပြန်သောလက္ခဏာကို ဖုံးကွယ်ထားရန်လို့လုံးမပြုကြပေ၊ သူတို့၏ဓနရှင်လူတန်းစားအားအဓိကစွပ်စွဲချက်မှာ၊ ဓနရှင် အုပ်စိုးမှု အောက်၌ လူ့အဖွဲ့အစည်းစနစ်ဟောင်းအား အရင်းအမြစ်ပါ မရှုဖြတ်တောက်ဘူးဖေါ်ပစ်မည့် လူတန်းစားဘရပ်ကို ဖြစ်ပေါ် တိုးတက်လာစေသည့် အချက်ပင်ဖြစ်ပေသည်။

သူတို့က ဓနရှင်လူတန်းစားအားအပြစ်တင်သည့် အရာမှာ၊ ယင်းက ပစ္စည်းမဲ့လူတန်းစားကို ဖန်တီးလိုက်ခြင်းကြောင့် မဟုတ်ဘဲ၊ ယင်းက **တော်လှန်ရေး**ပစ္စည်းမဲ့လူတန်းစားကို ဖန်တီးလိုက်ခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့်-နိုင်ငံရေး လက်တွေ့တွင် - သူတို့သည် အလုပ်သမားလူတန်းစားအား အကြမ်းဖက် နှိပ်ကွပ်မှုအားးလုံး၌ ပါဝင်ကြသည်၊ သူတို့သည် စကားကြီး စကားကျယ် များကို ပြောကြလင့်ကစား သာမန်ဘဝတွင် သူတို့သည် စက်မှုလုပ်ငန်း(၅၄)သစ်ပင်မှကျလာသော ရွှေပန်းသီးကို ရပ်၍ကောက်ယူကြသည်၊ သူတို့သည်အမှန်တရား၊ ချစ်မေတ္တာ၊ ဂုဏ်သိက္ခာ

တို့ကို သိုးမွေး၊ မုံလာဥသကြားအာလူးအရက်+တို့နှင့်လဲလှယ်ကြကုန်သည်။

ဘာသာရေးဆရာများသည် မြေပိုင်ရှင်များ နှင့် လက်တွဲလာသူများဖြစ်သဖြင့်၊ ခရစ်ယာန် ဆိုရှယ်လစ် ဝါဒသည်လည်း ပဒေသရာဇ်ဆိုရှယ်လစ် ဝါဒနှင့်လက်တွဲလာသည်။

ခရစ်ယာန်ဘာသာရေးကို ဆိုရှယ်လစ် အရောင်အသွေးချယ်လှယ်ပေးခြင်းထက်ပို၍ လွယ်ကူသောအရာမရှိပေ၊ ခရာဇ်ယာန်ဘာသာရေးကပုဂ္ဂလိကပစ္စည်းဆန့်ကျင်ရေး၊ လက်ထပ်ထိမ်းမြားမှုဆန့်ကျင်ရေး၊ နိုင်ငံတော်အား ဆန့်ကျင်ရေးတို့ကိုသံနေသံထားနှင့် ပြောဟောခဲ့သည် မဟုတ်ပါလော၊ ခရာဇ်ယာန်ဘာသာရေးက ဤအရာများနေရာ၌ ပေးကမ်းစွန့်ကြဲခြင်းဒါနနှင့် ဆင်းရဲဒုက္ခ၊ အိုးအိမ်မထောင် ကော်တကျင့်ခြင်းနှင့် ခြိုးခြံခြင်း၊ ဘုန်းကြီးဝတ်ခြင်းနှင့် ဘုရားရှိခိုး ကျောင်းတက်

+ ဂျာမဏီပြည်တွင်မြေပိုင်ရှင် မှူးမတ် သေနာပတိ လူတန်းစားသည် သူတို့၏ လယ်မြေကြီးမားသောအစိတ်အပိုင်းကို သူတို့အတွက် ဘဏ္ဍာစိုးက ထွန်ယက်စိုက်ပျိုးသည်၊ ထို့အပြင်သူတို့သည် မုံလာဥသကြားထုတ်လုပ်သူများနှင့် အာလူးအရက်ချက်သူများလည်းဖြစ်ကြသည်၊ ပို၍ ချမ်းသာကြွယ်ဝသော ဗြိတိသျှမြေပိုင်ရှင် မှူးမတ်သေနာပတိ လူတန်းစားသည် ဤထက် အဆင့် အတန်းမြင့်သည်၊ သို့ရာတွင် သူတို့ကလည်း မရေရာသော စတော့ကုမ္ပဏီများတွင် သူတို့အမည်ခံခြင်းဖြင့် မြေများလျော့နည်းမှုအစား ဝင်ငွေရအောင်လုပ်ကြသည်။

ခြင်းတို့ကို ဟောပြောခဲ့သည်မဟုတ်ပါလော။ ခရာဇ်ယန်(၂၂) ဆိုရှယ်လစ်ဝါဒသည်တုန်းကြီးကမြေပိုင်ရှင် မှူးမတ်သေနာပတိလူတန်းစား၏အသဲနှလုံး တောက်လောင်မှုများ အားငြိမ်းသတ်ပေးသည့်ရေစင်ဖြစ်ပေသည်။

ခ။ ။ဓနရှင်ပေါက်စ ဆိုရှယ်လစ်ဝါဒ

ပဒေသရာဇ်မှူးမတ်သေနာပတိ လူတန်းစားသည် ဓနရှင်လူတန်းစားကပျက်စီးစေသည့် တခုတည်းသော လူတန်းစားမဟုတ်ပေ၊ ခေတ်သစ်ဓနရှင်လူ့အဖွဲ့အစည်း၏ အာဝါသထဲ၌သာတည်ရှိနေ အခြေအနေများဆုတ်ယုတ်ပျက်စီးရသည့်တခုတည်းသော လူတန်းစားမဟုတ်ပေ။ အလယ်ပိုင်းခေတ်မြို့နေလက်မှုပညာရှင်များနှင့် လယ်သမားပိုင်ရှင်ကလေးများသည် ခေတ်သစ်ဓနရှင်လူတန်းစား၏ ရှေ့တော်ပြေးများ ဖြစ်ကြသည်။ စက်မှုလုပ်ငန်းအရေရှင်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းအရေရှင်း၊ အနည်းငယ်သာ ဖြစ်ပေါ် တိုးတက်မှုရှိသောတိုင်းပြည်များတွင် ဤလူတန်းစားနှစ်ရပ်သည် တက်လာလျက်ရှိသော ဓနရှင်လူတန်းစားနှင့်ရင်ဘောင်တန်း ကြီးထွားလျက်ရှိပေသည်၊

ခေတ်သစ်ယဉ်ကျေးမှု အပြည့်အဝ ဖြစ်ပေါ်တိုးတက်လာလျက်ရှိသော တိုင်းပြည်များတွင် ဓနရှင်ပေါက်စလူတန်းစားသစ်တရပ်ဖြစ်ပေါ်လာသည်၊ ပစ္စည်းမဲ့လူတန်းစားနှင့် ဓနရှင်လူတန်းစားကြားတွင် ကူးပြောင်းလျက်ရှိပြီးလျှင် ဓနရှင်လူ့အဖွဲ့

အစည်း၏ ဖြည့်စွက်သည့်အစိတ်အပိုင်းတရပ်အဖြစ် အမြဲတန်းအသစ်ထူထောင်လျက်ရှိသည်၊ သို့သော်– ဤလူတန်းစား၏တဦးချင်းများကိုပြိုင်ဆိုင်မှုအားဖြင့် ပစ္စည်းမဲ့လူတန်းစားထဲသို့ တသမတ်တည်းပစ်ချခြင်းခံရလျက်ရှိသည်။ ခေတ်သစ် စက်မှုလုပ်ငန်းဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ သူတို့သည် ခေတ်သစ်လူ့အဖွဲ့အစည်း၏ လွတ်လပ်သော အစိတ် အပိုင်းတရပ်အဖြစ်မှ လုံးဝပျောက်ကွယ်သွားလိမ့်မည့် အချိန်အခါချဉ်းကပ်လာလျက်ရှိသည်ကိုပင် တွေ့မြင်လာကြသည်။ ကုန်ထုတ်လုပ်ငန်းများ၊ လယ်ယာလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတို့တွင်ကြီးကြပ်သူများ၊ ပစ္စည်းထိန်းများနှင့်ဆိုင်ထိုင်များက ဓနရှင်ပေါက်စ လူတန်းစားအား အစားထိုးလာမည်ကိုတွေ့မြင်လာကြသည်။

လယ်သမားများသည်လူဦးရေ၏တဝက်ထက်များစွာပိုသော ပြင်သစ်ပြည်ကဲ့သို့သော တိုင်းပြည်များတွင် ဓနရှင် လူတန်းစားအား ဆန့်ကျင်၍ ပစ္စည်းမဲ့လူတန်းစားဘက်က ရပ်တည်သော စာရေးဆရာများသည် ဓနရှင်အုပ်စိုးသည့်ခေတ်ကို ဝေဖန်ရာ၌ လယ်သမားနှင့် ဓနရှင်ပေါက်စလူတန်းစား၏ အဆင့်အတန်းစံချိန်ကို အသုံးချရမည်၊ ဤကြားလူတန်းစားများ၏ရပ်တည်ချက်မှနေ၍ အလုပ်သမားလူတန်းစားအတွက် တိုက်ပွဲဝင်ကြမည်မှာ သဘာဝကျပေလသည်။ ဤသို့ဖြင့် ဓနရှင်ပေါက်စ ဆိုရှယ်လစ်ဝါဒ ပေါ်ပေါက်လာလေသည်၊ စစ်မွန်ဒီသည်

မြင်သာစ်ပြည်၌သာမကဘဲ အင်္ဂလန်ပြည်၌လည်း ဤဓနရှင်ပေါက်စဆိုရှယ်လစ်ဝါဒဂိုဏ်းခေါင်းဆောင်ဖြစ်လေသည်။

ဤ ဆိုရှယ်လစ်ဝါဒဂိုဏ်းက ခေတ်သစ်ကုန်ထုတ်လုပ်ရေးအခြေအနေများတွင် ပဋိပက္ခများကိုထက်မြက်တိကျစွာခွဲစိတ်ဝေဖန်ခဲ့သည်။ တောဂဗေဒပါရဂူများ၏ ဆင်ခြေလိမ်များကိုဖွင့်ချပြခဲ့သည်၊ ယင်းက စက်ယန္တရားနှင့် အလုပ်ခွဲဝေမှု၊ လူအနည်းငယ်၏ လက်ထဲတွင် ငွေရင်းနှင့် မြေယာစုစည်းလာမှု၊ ကုန်အလွန်အကျွံထုတ်လုပ်မှုနှင့်စီးပွားပျက်ကပ်အကြပ်အတည်းများတို့၏ ဆိုးကျိုးများကို ငြင်းကွယ်မရအောင်သက်သေထူခဲ့သည်၊ ဓနရှင်ပေါက်စ လူတန်းစားနှင့် လယ်သမား လူတန်းစားတို့ မလွဲမသွေပျက်စီးရမည့် ကံကြမ္မာ၊ ပစ္စည်းမဲ့ လူတန်းစား၏ ဆင်းရဲဒုက္ခရောက်မှု၊ ကုန်ထုတ်လုပ်ရေးတွင် အကွပ်အထိန်းမဲ့ ဗရုတ်သုက္ခဖြစ်မှု၊ ဥစ္စာဓနအားခွဲဝေမှုတွင်အလွန်အကြူးမညီမျှမှု၊ နိုင်ငံများကြားတွင် စက်မှုလုပ်ငန်းသုတ်သင်ပစ်ရေးစစ်ပွဲများ ထုံးတမ်းဓလေ့ဟောင်းများ ပျောက်ကွယ်မှု၊ အိမ်ထောင်ရေးဆက်သွယ်မှုဟောင်းများ ပပျောက်လာမှု၊ နိုင်ငံဟောင်းများပြိုကွဲလာမှုတို့ကိုထောက်ပြခဲ့သည်။

သို့သော်လည်း၊ ဤဆိုရှယ်လစ်ဝါဒ အသွင်က ယင်း၏ထိရောက်သောရည်ရွယ်ချက်များတွင် ကုန် ထုတ် လုပ်ရေး စွမ်းအားဟောင်းများနှင့် ကုန်လဲလှယ်ရေး နည်း လမ်း ဟောင်းများ၊ဤသည်တို့နှင့်အတူ ပစ္စည်းဆက်သွယ်မှု ဟောင်းများနှင့်

လူ့အဖွဲ့အစည်းဟောင်းကို ပြန်လည်ထူထောင်ရေး၊ သို့သောလည်းဆန္ဒရှိပေသည်။ သို့မဟုတ် ခေတ်သစ်ကုန်လုပ်စွမ်းအားများနှင့် ခေတ်မှီ လဲလှယ်ရေးနည်းလမ်းများကို ဤစွမ်းအားများက မုချဖောက်ခွဲပစ်မည့် ဖောက်ခွဲပစ်ပြီး ဖြစ်သည့်ပစ္စည်းဆက်သွယ်မှုဟောင်းများ၏ဘောင်အတွင်း၌ အတင်း ထိုးသိပ်သွင်းရေးကိုသော်လည်းဆန္ဒရှိပေသည်။မည်သည့်ဆန္ဒရှိစေကာမူ ဓနရှင်ပေါက်စ ဆိုရှယ်လစ်ဝါဒသည် ဖောက်လည်းဖောက်ပြန် စိတ်ကူးယဉ်ရာလည်းရောက်ပေသည်။

ယင်း၏နောက်ဆုံးစကားများမှာ ကုန် ထုတ် လုပ် ရေး အတွက်ပူးပေါင်းလုပ်ငန်းအဖွဲ့များဖွဲ့ရေးနှင့် လယ်ယာ လုပ်ငန်းတွင်ဂိုဏ်းချုပ်ကြီးသဘွယ် အုပ်ချုပ်ဆက်သွယ်မှုများဖြစ်သည်။

နောက်ဆုံး၌ ခေါင်းမာသော သမိုင်းအချက်အလက်များက မိမိကိုယ်ကိုလှည့်စားသည့်ရူးမူးမှုများအားလုံးကို ဖြိုခွင်းပစ်လိုက်သည်၊ ဤဆိုရှယ်လစ်ဝါဒအသွင်သည် စိတ် ကူး ပေါက်ကာဇာတ်သိမ်းခဲ့ရလေသည်။

၇။ ။ဂျာမန်၊သို့မဟုတ်“စစ်မှန်သော” ဆိုရှယ်လစ်ဝါဒ။

အာဏာရရှိထားသောဓနရှင်လူတန်းစား၏ဖိနှိပ်မှုအောက်၌ပေါက်ဖွားလာခဲ့၍ ဤဓနရှင် အာဏာအား ဆန့်ကျင်ရေးတိုက်ပွဲကိုဖော်ပြချက်ဖြစ်သည့် ပြင်သစ်ပြည်မှ ဆိုရှယ်လစ်နှင့်ကွန်မြူနစ်စာပေကို ဂျာမဏီပြည်တွင် နေရှင်လူတန်းစားက

ပဒေသရာဇ်သက်ဦးဆံပိုင်ဝါဒနှင့်တိုက်ပွဲစတင်ခါ စအချိန်တွင် ဂျာမဏီပြည်သို့ သွင်းယူလာခဲ့သည်။

ဂျာမန်အဘိဓမ္မာဆရာများနှင့် အဘိဓမ္မာ ဆရာလောင်းများသည် ဤစာပေကို စိတ်အား ထက်သန် စွာ အမိအရ လေ့လာကြသည်။ ဤစာပေရေးသားချက်များသည် ပြင်သစ်ပြည်မှဂျာမဏီပြည်ထဲသို့ ဝင်ရောက်လာသည့်အခါတွင် ပြင်သစ်လူမှုရေးအခြေအနေများသည် ဤစာပေများနှင့် အတူ ဝင်ရောက်လာခြင်းမရှိကြောင်းကိုသတိမမူ မေ့ နေ ကြသည်။ ဂျာမန်လူမှုရေးအခြေအနေများနှင့် ထိတွေ့ သော အခါတွင်၊ ဤပြင်သစ်စာပေများသည် ယင်း၏ လက်ငင်း လက်တွေ့ထူးခြားချက်အားလုံးမရှိဖြစ်ခဲ့ရသည်။ စာပေသက်သက်အဖြစ်သို့ ရောက်ခဲ့ရသည်။(၂၇)ဤသို့ဖြင့် ၁၈ ရာစုခေတ်ဂျာမန် အဘိဓမ္မာဆရာများအတွက် ပထမပြင်သစ်တော်လှန်ရေး၏ တောင်းဆိုချက်များသည် ယေဘုယျအားဖြင့်"လက်တွေ့ ကြောင်းကျိုး ဆင်ခြင်ရေး"၏တောင်းဆိုချက်များသာ ဖြစ်ပေသည်။ တော်လှန်ရေးပြင်သစ်ဓနရှင်လူတန်းစား၏ဆန္ဒပြောဆိုချက်သည် သူတို့၏မျက်စေ့ထဲတွင်ဆန္ဒသက်သက်၏ တရားများမုချဖြစ်သာ ရလိမ့်မည်ဆန္ဒ၏တရားများ၊ ယေဘုယျအားဖြင့် စစ်မှန်သော လူ့ဆန္ဒ၏တရားများဖြစ်သည်ဟုယူဆကြကုန်သည်။

ဂျာမန်စာပေ၏အလုပ်သည် ပြင်သစ်အယူအဆသစ်များကို သူတို့၏ ရှေးခေတ်အဘိဓမ္မာရေးအသိနှင့် ညှိညွှတ်အောင် ပြုလုပ်ပေးလိုက်ခြင်းသက်သက်ဖြစ်ပေသည်။ သူတို့၏အဘိဓမ္မာ

ရေးအမြင်ကိုစွန့်ပစ်ခြင်းမရှိဘဲ ပြင်သစ်အယူအဆများ သိမ်းယူလိုက်ခြင်းဖြစ်သည်။

ဤသိမ်းယူခြင်းသည် နိုင်ငံခြားဘာသာတခုကိုဘာသာပြန်ဆိုခြင်းဖြင့်သိမ်းယူသည့်နည်းမျိုးပင်ဖြစ်သည်။

ဘုန်းကြီးများက ရှေး ခေတ် ရုပ် ထု ဆင်း ထု ကိုးကွယ်မှု အကြောင်း ရေးသားထားသောစာမူများအပေါ်တွင် ဘုရင်ဂျီ ရုဟန္တာများ၏ ရိုးအသောဘာဝများ အကြောင်း မည်သို့ ရေးသားထားခဲ့သည်ကို ကောင်းစွာသိရှိကြသည်၊ ဂျာမန်စာပေသမားများသည် နက်နဲသော ပြင်သစ်စာပေကို ဤလုပ်စဉ်နှင့်ပြောင်းပြန်လုပ်ကြသည်၊ သူတို့သည် ပြင်သစ် စာမူအောက်၌ သူတို့၏အဘိဓမ္မာရေးရာ အလဟဿ စကားများကို ရေးထည့်ကြသည်။ ဥပမာအားဖြင့် ပြင်သစ်၏ငွေအသပြာ၏ စီးပွားရေးလုပ်ဆောင်မှုများအား ဝေဖန်မှုအောက်၌၊ သူတို့က "လူ့အနှစ်သာရပျောက်ကွယ်ခြင်း" ဆိုသည်ကို ရေးကြသည်။ ပြင်သစ်၏ ဓနရှင် နိုင်ငံတော် အစိုးရအား ဝေဖန်မှုအောက်၌ "ယေဘုယျအခြေအနေအား တွန်းလှန်ချရေး" ကို ရေးသားကြသည်။

ပြင်သစ်သမိုင်းရေးဝေဖန်ချက်များ၏နောက်တွင် ဤအဘိဓမ္မာအပိုဒ်များကို ထည့်သွင်း၍၊ သူတို့က "လုပ်ဆောင်မှုအဘိဓမ္မာ"၊ "ဆိုရှယ်လစ်ဝါဒအစစ်"၊ "ဂျာမန်ဆိုရှယ်လစ် ဝါဒသိပ္ပံပညာ" "ဆိုရှယ်လစ်ဝါဒ အဘိဓမ္မာရေးရာအခြေခံအုတ်မြစ်" စသည်ဖြင့် ကင်ပွန်းတပ်ကြသည်။

ဤသို့ဖြင့်ပြင်သစ်ဆိုရှယ်လစ် နှင့် ကွန်မြူနစ်စာပေကိုလုံးဝ ဖျက်ဆီးပစ်ကြသည်။ ဂျာမန်စာပေသမားများ၏ လက်ထဲ၌၊ ဤစာပေတို့သည်လူတတန်းစားနှင့်တတန်းစားတိုက်ပွဲသဘော မရှိတော့သဖြင့်၊ သူတို့က ''ပြင်သစ်တဘက်သတ် ကျမှု'' ကို ကျော်လွှန်နိုင်ခဲ့သည်၊ စစ်မှန်သောလိုအပ်မှုမဟုတ်ဘဲ၊ အမှန်တရား၏လိုအပ်မှုများ၊ ပစ္စည်းမဲ့လူတန်းစား၏အကျိုးစီးပွား မဟုတ်ဘဲ၊လူ့သဘာဝ၏အကျိုးစီးပွား၊ အတိမ္မာရေးစိတ်ကူး ယဉ်မှုနယ်ပယ်၌သာရှိ၍၊ တကယ်တန်းမရှိသည့် မည်သို့သော လူတန်းစားထဲမှ မပါဝင်သည့် ယေဘူယျလူ၏ အကျိုးစီးပွား ဟူသည်ကို ကိုယ်စားပြုသည်ဟု စိတ်ကြီးဝင်ထင်မြင်ကြသည်။

ဤဂျာမန်ဆိုရှယ်လစ်ဝါဒသည် ယင်း၏ ကျောင်းသားအလုပ်ကိုဤမျှလေးနက်တည်ကြည်စွာအထင်ကြီး၍၊ ယင်း၏ညံ့ဖျင်းသောအရာကို ဤမျှဟုတ်လှပြီထင်ကာ ချီးကျူးခန်း ဖွင့်နေစဉ်မှာပင် ယင်း၏ပညာရှိဟန်ဆောင်မှုမှာ တဖြေး ဖြေး တိမ်မြုပ်သွားခဲ့သည်။

ဂျာမန်အထူးသဖြင့် ပရပ်ရှင်း ဓနရှင်လူတန်းစား၏ ပဒေသရာဇ်မှူးမတ်သေနာပတိနှင့် သက်ဦးဆံပိုင် ဘုရင်တို့ အား ဆန့်ကျင်ရေးတိုက်ပွဲ၊ တနည်းဆိုလျှင် လစ်ဘရယ်အရေးတော် ပုံသည် ပို၍ထက်မြက်လာခဲ့သည်။

ဤသို့ဖြင့်၊ နိုင်ငံရေးလှုပ်ရှားမှုအရေးတော်ပုံကိုဆိုရှယ်လစ် တောင်းဆိုချက်များနှင့် ရင်ဆိုင်ပေးရေး၊ရိုးရာစရိုက် အမှား များ နှင့် လစ်ဘရယ်ဝါဒအား ဆန့်ကျင်ရေး၊ ကိုယ်စားလည်

အစိုးရအား ဆန့်ကျင်ရေး၊ ဓနရှင် ပြိုင်ဆိုင်မှုအား ဆန့်ကျင် ရေး၊ ဓနရှင်လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်အားဆန့်ကျင်ရေး၊ ဓနရှင်ဥပဒေပြုလွှတ်တော်အား ဆန့်ကျင်ရေး၊ဓနရှင်လွတ်လပ် ရေး နှင့် တန်းတူ ရေး အား ဆန့်ကျင် ရေး၊ ဤဓနရှင်အရေး တော်ပုံအားဖြင့်- လူထုများ အတွက်အကျိုးဘာမျှ ရှိလိမ့်မည် မဟုတ်ကြောင်း၊ အစစအရာရာဆုံးရှုံးမှုသာဖြစ်လိမ့်မည် ဖြစ် ကြောင်းတို့ကို လူထုများအား တရားဟောရေး တို့ အတွက် ''စစ်မှန်သော''ဆိုရှယ်လစ်ဝါဒအား အချိန်ကြာမြင့်စွာက လို လားဆန္ဒပြုခဲ့သော အခွင့်အရေးကိုပေးလာခဲ့ သည်။ ပြင်သစ် ဝေဖန်ရေးက ခေတ်သစ်ဓနရှင် လူ့အဖွဲ့ အစည်း တည် ရှိမှု၊ ယင်း၏ဆီလျော်သောတည်ရှိမှု စီးပွားရေးအခြေ အနေများ၊ ဤနှင့်ကိုက်ညီသောနိုင်ငံရေးအဆောက်အအုံတည်ရှိမှုတို့ ရှိပြီး ဖြစ်ကြောင်း၊ ဂျာမနီတွင် ကျရောက်နေသည့် တိုက်ပွဲ၏ရည် ရွယ်ချက်သည် ဤအရာများဖြစ်မြောက်ရေး ဖြစ်ကြောင်းတို့ ကို-ပြင်သစ်ဆိုရှယ်လစ်အား မိုက်မဲစွာပဲ့တင်ထပ်မှု ဖြစ် သော ဂျာမန်ဆိုရှယ်လစ်ဝါဒက မေ့နေခဲ့သည်။

သူတို့၏နောက်လိုက်နောက်ပါဘုန်းကြီးများပါမောက္ခများ၊ ကျေးလက်လူရည်တတ်များနှင့်အရာရှိများနှင့်အတူတကွ ဂျာ မန်သက်ဦးဆံပိုင်အစိုးရများအဖို့၊ဂျာမန် ဆိုရှယ်လစ်ဝါဒသည် ခြိမ်းခြောက်လာလျက်ရှိသည့်ဓနရှင်လူတန်းစားအားဆန့်ကျင် ရေးစာခြောက်ရုပ်အဖြစ်အကျိုးပြုလေသည်။

ဤအစိုးရများက ထိုအချိန်အခါတွင် ဂျာမန်အလုပ်သမာ

လူတန်းစားထကြွမှုများကို ရိုက်နှက်ပုတ်ခတ် သေနတ်နှင့်ပစ်သတ်သည့်ဆေးခါးကြီးတိုက်ပြီးသည့်နောက်၌ ဂျာမန် ဆိုရှယ်လစ်ဝါဒကသကာရည်လောင်းပေးခြင်းဖြစ်လေသည်။

ဤ"စစ်မှန်သော"ဆိုရှယ်လစ်ဝါဒက အစိုးရများအား ဂျာမန်ဓနရှင်လူတန်းအားတိုက်ရေးအတွက် လက်နက်တရပ်အဖြစ် ဤသို့အလုပ်အကျွေးပြုစဉ်မှာပင်တချိန်တည်း၌ ယင်းကဖောက်ပြန်သောအကျိုးစီးပွားဂျာမန်တက်ယောင်ကားများ၏ အကျိုးစီးပွားကို တိုက်ရိုက်ကိုယ်စားပြုခဲ့သည်၊ဂျာမဏီတွင် ၁၆ရာစုနှစ်၏အကြွင်းအကျန်လည်းဖြစ်၊ထို၁၆ရာစုနှစ်မှစ၍ အမျိုးမျိုးသောအသွင်းများအောက်၌ တသမတ်တည်း တဖန် ခေါင်းထောင်၍လည်းထလာသော**ဓနရှင်ပေါက်စ** လူတန်းစားသည် တည်ရှိနေသည့် အရာများ၏ တကယ့်လူမှုရေး အခြေခံဖြစ်လေသည်။

ဤလူတန်းစားထိန်းသိမ်းထားရေးသည် ဂျာမဏီ၌တည်ရှိနေသည့်အရာများအခြေအနေအားထိန်းသိမ်းထားရေးပင်ဖြစ်သည်။ဓနရှင်လူတန်း၏ စက်မှုလုပ်ငန်းရေးရာနှင့် နိုင်ငံရေးရာ အချုပ်အချာစိုးမိုးမှုက ယင်းအားမုချ ဖျက်ဆီးပစ်မည့် ဘေးအန္တရာယ်နှင့်ခြိမ်းခြောက်ပေသည်။တဘက်တွင်-ငွေရင်းစုစည်းလာမှုမှခြိမ်းခြောက်၍အခြားတဘက်တွင် တော်လှန်ရေးပစ္စည်းမဲ့လူတန်းစားပေါ်ပေါက်လာမှုမှခြိမ်းခြောက်ပေသည်။ "စစ်မှန်သော"ဆိုရှယ်လစ်ဝါဒက ဤငှက်နှစ်ကောင်အားခဲတလုံး

တည်းနှင့် သတ်ပစ်ခံမည်ဟု ထင်ရလေသည်။ ယင်းသည်ကူးစက်တက်သောရောဂါတခုကဲ့သို့ ပြန့်နှံ့လာခဲ့လေသည်။

ဂျာမန်ဆိုရှယ်လစ်များက သူတို့၏ ဝမ်းနည်းကြေကွဲဘွယ်ကောင်းသောအရိုးနှင့်အရေသာရှိသည့် "ထာဝရသစ္စာတရားများ"အားဝတ်ဆင်ပေးထားသည့်ချူချာသော စိတ်ကူးယဉ်နှင်းမှုံထဲတွင်နစ်မြုပ်ကာ၊ပြောင်မြောက်သောစကားပန်းချယ်လှယ်ဆင်ယင်ထားသည့် မျှော်မှန်းချက် ပင့်ကူမြှင် ဝတ်ရုံဖြစ်သောဤမဟာထက်မဟာဝတ်ရုံက ဤသို့သော ပရိသတ်ထဲတွင်သူတို့၏ ကုန်ပစ္စည်းများရောင်းချမှုကို အံ့ဩစရာကောင်းလောက်အောင် တိုးတက်စေရန် အလုပ်အကျွေးပြုခဲ့သည်။

ဂျာမန်ဆိုရှယ်လစ် ဝါဒကလည်း ဓနရှ ပေါက်စ လူတန်းစားတက်ယောင်ကားများများ၏ ရေးကြီး ခွင်ကျယ်ကိုယ်စားလည်အဖြစ် ပို၍ပို၍ ဖြစ်လာလျက်ရှိသည်ကိုအသိအမှတ်ပြုလာခဲ့သည်။

ယင်းကဂျာမန်နိုင်ငံကို စံပြနိုင်ငံဖြစ်သည်ဟု ဆိုလာလေသည်၊ဂျာမန်ဓနရှင်ပေါက်စတက်ယောင်ကားများကို စံပြလူများဖြစ်သည်ဟု ဆိုကြသည်၊ဂျာမန်ဆိုရှယ်လစ်ဝါဒကဤစံပြလူ၏ကောက်ကျစ်ယုတ်မာမှုဟူသမျှကိုဖုံးကွယ်ကာပို၍မြင့်မားသော ဆိုရှယ်လစ်သရုပ်အဓိပ္ပါယ်ကိုဆောင်ပေးကြသည်၊ ယင်း၏တကယ့်လက္ခဏာနှင့်ထိတိုက်ကျကျ ဆန့်ကျင်ဘက်ကိုအဓိပ္ပာယ်ဆောင်ပေးကြသည်။ ယင်းကကွန်မြူနစ်ဝါဒ၏"ရက်စက်ကြမ်းကြုတ်စွာဖျက်ဆီးတတ်သော" သဘောအနွယ်ကို တိုက်ရိုက်

ဆန့်ကျင်ရေးအထိ ပြုလုပ်ခဲ့ကြသည်။ ဂျာမန်ဆိုရှယ်လစ်ဝါဒ ကလူတန်းစားတိုက်ပွဲများအားလုံးအားယင်း၏ အချုပ်အချာ ဘက်မလိုက်ပြစ်တင်ရှုံ့ချမှုကို ထုတ်ပြန် ကြေညာသည် အထိ လုပ်ခဲ့ကြသည်၊ အလွန် အနည်း ငယ်သော ချွင်းချက်များမှ လွဲ၍ ဂျာမဏီတွင် ယခု (၁၈၄၇) အခါ၌ ပုံနှိပ်ထုတ် ဝေ ခဲ့သော ဆိုရှယ်လစ်နှင့် ကွန်မြူနစ် စာအုပ် စာတမ်း များဟူသည် အားလုံးတို့သည် ဤညစ်ပတ်ယုတ်မာ အားအင် ကုန်ခန်းစေသော စာပေနယ် + ထဲ၌ ပါဝင်ကြပေသည်။

၂။ ။တည်မြဲ ဆိုရှယ်လစ်ဝါဒ၊ သို့မဟုတ် နေရှင်ဆိုရှယ်လစ်ဝါဒ

နေရှင်လူတန်းစား အစိတ်အပိုင်းကနေရှင်လူ့အဖွဲ့အစည်း ဆက်လက်တည်ရှိမှုကို စိတ်ချရစေရန်အလို့ငှါ လူမှုရေးနစ်နာ ချက်များကိုပြုပြင်ပေးလိုသောဆန္ဒရှိကြသည်။

ဤအစိတ်အပိုင်းတွင်ဘောဂဗေဒပါရဂူများ၊ ဂရုဏာဝါဒီ များ၊ ကိုယ်ချင်းစာသမားများ၊ အလုပ်သမား လူတန်းစား

+ ၁၈၃၀ခုနှစ် တော်လှန်ရေးမုန်တိုင်းက ဖရိုဖရဲသဘောအနွယ် တခုလုံးကို လှဲကျင်းပစ်လိုက်သည်၊ ယင်းက ဦးစီးရှေ့ဆောင်များအား ဆိုရှယ်လစ်ဝါဒတွင် ဆက်လက်၍ ခွက်ဖက်မှု လုပ် လို သော ဆန္ဒ ကို ပျောက်ကင်းစေခဲ့သည်၊ ဤသဘောအနွယ်၏ အဓိက ကိုယ်စားလည် နှင့် စံပြသည့် ဟာဘားလ်ဂရွန်ဖြစ်သည်။ (၁၈၉၀ပြည့်နှစ် ဂျာမန် ဘာသာရိုက် စာအုပ်တွင် အိန်ဂျယ်လ်၏ မှတ်ချက်)

အခြေအနေတိုးတက်ကောင်းမွန်ရေးသမားများ၊ ပေးကမ်းစွန့် ကြဲရေးလှုံ့ဆော်သူများ၊တိရစ္ဆာန်များအား ညှဉ်းဆဲသည်ကို ကာကွယ်ရေးအသင်းဝင်များ၊ မူးယစ်ရေးသမားများ၊စိတ်ကူး၍ ရနိုင်သမျှသောအရိုးအရင်း အဖါအထေးပြုပြင်ရေးသမားများ ပါဝင်ကြသည်၊ ထိုထက်-ဤဆိုရှယ်လစ်ဝါဒအသွင်ကို ပြည့်စုံ သော စနစ်များအဖြစ် ရေးဆွဲချမှတ်ခဲ့ကြသည်။

ပရောက်ဒန်၏ **ဆင်းရဲခြင်းအဘိဓမ္မာ**ကိုဤအသွင်၏စံနမူနာ တရပ်အဖြစ် ငါတို့ကိုးကားဖေါ်ပြနိုင်ပေသည်။

ဆိုရှယ်လစ်ဓနရှင်လူတန်းစားသည် ထိုမှ လို အပ် စွာ ပေါ် ပေါက်လာသော တိုက်ပွဲများနှင့်အန္တရာယ်များမရှိဘဲ၊ခေတ်မှီ လူမှုရေး အခြေအနေများအားလုံး၏ အကျိုး ကျေးဇူးများ အား လုံးကို အလိုရှိပေသည်။ သူတို့က ယင်း၏တော်လှန်ရေး နှင့် ယိုယွင်းပျက်စီးသည့်အရာများနုတ်ပယ်ထားမည့် လူ့အဖွဲ့ အစည်းတည်ရှိနေသည့်အခြေအနေကိုအလိုရှိကြသည်။သူတို့က ပစ္စည်းမဲ့လူတန်းစားမရှိဘဲ ဓနရှင်လူတန်းစားကို အလိုရှိကြ သည်၊ ဓနရှင်လူတန်းစားကလည်း မိမိအချုပ်အချာဖြစ်သည့် ကမ္ဘာကို အကောင်းကမ္ဘာဖြစ်သည်ဟု သဘာဝအတိုင်းယူဆ ကြသည်၊ ဓနရှင် ဆိုရှယ်လစ်ဝါဒက ဤနှစ်သိမ့်မှုရှိသောခံယူ ချက်ကို အနည်းနှင့်အများပြည့်စုံသော စနစ်များ အမျိုးမျိုး အဖြစ်တိုးတက်ဖြစ်စေသည်၊ ဤသို့သော စနစ်ကို ပစ္စည်းမဲ့ လူတန်းစားအားဆောင်ရွက်စေရာ၌လူမှုရေးဂျေရုစလင်မြို့သစ် ထဲသို့ ဖြောင့်ဖြောင့်မတ်မတ်ချီတက်သွားစေရန်အတွက်ဓနရှင်

ဆိုရှယ်လစ်ဝါဒတကယ်တန်းအားဖြင့် ပစ္စည်းမဲ့လူတန်းစားကို တည်ရှိနေသည့် လူ့အဖွဲ့အစည်းဘောင်များအတွင်း၌အမြဲနေသော်လည်း ယင်း၏ ဓနရှင်လူတန်းစားနှင့် ပတ်သက်သည့် ရှုံမုန်းသော အယူအဆများအားလုံးကို စွန့်ပယ်ပစ်ရမည်ဟု အလိုရှိပေသည်။

ဤဆိုရှယ်လစ်ဝါဒ၏ ပဌမအသွင်လောက်စနစ်မကျသော်လည်း ပို၍လက်တွေ့ကျသည့် ဒုတိယအသွင်က အလုပ်သမားလူတန်းစားအတွက် နိုင်ငံရေး ပြုပြင်ရေးသက်သက်က အကျိုးမရှိစေနိုင်ကြောင်း ဘဝရုပ်ဝတ္ထုအခြေအနေများ၊ စီးပွားရေးဆက်သွယ်မှုများတွင် ပြောင်းလဲမှုကသာ အကျိုးတစုံတရာရှိစေနိုင်မည်ဖြစ်ကြောင်းတို့ကို ဖေါ်ပြခြင်းဖြင့် အလုပ်သမားလူတန်း၏ မျက်စေ့ထဲတွင်တော်လှန်ရေးအရေးတော်ပုံကို အထင်သေးစေရန် အားထုတ်သည်။ ဤဆိုရှယ်လစ်ဝါဒ အသွင်က ဘဝရုပ်ဝတ္ထုအခြေအနေများတွင် ပြောင်းလဲမှုများဆိုခြင်းဖြင့်၊ ဓနရှင်ကုန်ထုတ်လုပ်ရေး ဆက်သွယ်မှုများအား ဖျက်သိမ်းပစ်ရေးကိုလည်း မည်သို့မျှနားမလည်ပေ၊ တော်လှန်ရေးတရပ်ဖြင့်သာလျှင် ဖြစ်နိုင်မည့် ဖျက်သိမ်းပစ်ရေး ဖြစ်သည်ကိုလည်း မသိသော ဤဓနရှင် ဆက်သွယ်မှုများ ဆက်လက်တည်ရှိမှုပေါ်တွင် အခြေစိုက်ထားသည့် အုပ်ချုပ်ရေး ပြုပြင်ရေးများကိုသာ နားလည်ပေသည်၊ ထို့ကြောင့် – အရင်းနှင့်လုပ်အားတို့ကြားတွင် ဆက်သွယ်မှုများအား မည်သည့်ဘက်မျှ ထိခိုက်စေခြင်းမရှိသည့် ပြုပြင်ရေးများဖြစ်သည်၊အကောင်း

ဆုံးဖြစ်နိုင်သည်မှာ၊ ဓနရှင်အစိုးရ၏ အုပ်ချုပ်ရေး အလုပ်ကို စားရိတ်ကုန်သက်သာစေ၍ လွယ်ကူမှုသာဖြစ်စေပေသည်။

ဓနရှင် ဆိုရှယ်လစ်ဝါဒသည် တင်စားပြောဆိုမှုတရပ်ဖြစ်လာသောအခါ၌သာလျှင်-လုံလောက်သောဖေါ်ပြမှုကို ရရှိပေသည်။

အလုပ်သမားလူတန်းစားအကျိုးအတွက်-လွတ်လပ်စွာကုန်ကူးသန်းရောင်းဝယ်ရေး၊ အလုပ်သမား လူတန်းစား အကျိုးအတွက်ကာကွယ်ရေးအခွန် အကောက် များ၊ အလုပ် သမားလူတန်းစားအကျိုးအတွက် အကျဉ်းထောင်ပြုပြင်ရေး၊ဤသည်မှာ–ဓနရှင်ဆိုရှယ်လစ်ဝါဒ၏ နောက် ဆုံး စကား လည်းဖြစ်လေးလေးနက်နက်ဆိုလိုသောစကားလည်းဖြစ်ပေသည်။

ယင်းကို ဤသို့ စာတကြောင်းတည်းနှင့် ဆိုနိုင်ပေ သည်။ အလုပ်သမားလူတန်းစားအကျိုးအတွက်–ဓနရှင် လူတန်း စားသည် ဓနရှင်လူတန်းစားဖြစ်သည်။

၃။ ။ဝေဖန်ရေး–စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒနှင့်ကွန်မြူနစ်ဝါဒ

ခေတ်သစ် တော်လှန်ရေးကြီးတိုင်းတွင် ဘာဘီယွတ်ဖ်နှင့် အခြားသူများ၏ရေးသားချက်များကဲ့သို့၊ ပစ္စည်းမဲ့ လူတန်းစား၏ တောင်းဆိုချက်များကို အမြဲတန်းတင်ပြခဲ့သောထိုစာပေများကို ဤနေရာ၌ ငါတို့မရည်ညွှန်းပေ။

ပစ္စည်းမဲ့လူတန်းစား၏ ကိုယ်ပိုင်ရည်ရွယ်ချက်များ ဖြစ်မြောက်ရရှိစေရန်အတွက် ပဌမဆုံးတိုက်ရိုက်အားထုတ်မှုများ

ကို ပဒေသရာဇ်လူ့အဖွဲ့အစည်းအား တွန်းလှန်ချပြီး လျှင်၊ တလောကလုံး တက်ကြွလှုပ်ရှားနေသည့်အချိန်မျိုး၌ ပြုလုပ်ခဲ့သည်။ ထိုအခါက ပစ္စည်းမဲ့ လူတန်းစား၏ အခြေ အနေ တိုးတက်မှုမရှိသေးခြင်း၊ ယင်း၏ လွတ်မြောက်ရေး အတွက် စီးပွားရေးအခြေအနေများမရှိသေးခြင်း၊ ဖြစ်လာတော့မည့် ဓနရှင်ခေတ်တခုတည်းကသာ ထုတ်လုပ်ရမည့်၊ ထုတ်လုပ်နိုင်သည့် စီးပွားရေးအခြေအနေများဖြစ်ခြင်းတို့ကြောင့်၊ ဤအားထုတ်မှုမအောင်မြင်ဖြစ်ခဲ့ရသည်၊ ဤပစ္စည်းမဲ့ လူတန်းစား၏ ပဌမဆုံးလှုပ်ရှားမှုများနှင့်အတူတွဲပါလာသည့် တော်လှန်ရေး စာပေတွင် ဖေါက်ပြန်သော လက္ခဏာ ရှိပေသည်။ ယင်းက တလောကလုံးခြိုးခြံရေးနှင့် လူမှုရေးတန်းညှိရေးကိုအကြမ်းဆုံး အသွင်ဖြင့် ဟောပြောတင်ပြခဲ့သည်။

စိန့်ဆိုင်မွန်၊ ဖိုရီးယား၊ အိုဝင်နှင့်အခြားသူများတို့၏ဆိုရှယ်လစ်နှင့်ကွန်မြူနစ်စနစ်များ ဆိုသည်တို့သည် ပစ္စည်းမဲ့ လူတန်းစားနှင့်ဓနရှင်လူတန်းစားတို့ကြား တွင် တိုက်ပွဲ၏ စောစောပိုင်းမတိုးတက်သေးသောကာလတွင် ပေါ်ပေါက်လာကြသည်။ အထက်၌ဖေါ်ပြခဲ့ပြီးဖြစ်။ (**အပိုင်း ၁၊ ဓနရှင် လူတန်းစား နှင့် ပစ္စည်းမဲ့ လူတန်းစားကိုကြည့်ပါ၊**

ဤစနစ်များကို စတင်တည်ထွင်သူများသည် စင်စစ်အားဖြင့် တည်ရှိနေသည့် လူ့အဖွဲ့ အစည်း အသွင်၌ လူတန်းစား ပဋိပက္ခများနှင့် ပျက်စီးလျက်ရှိသည့် အရာများကိုတွေ့မြင်ကြသည်၊ သို့ရာတွင် ပစ္စည်းမဲ့ လူတန်းစားသည်အရွယ်မရောက်

သေးသဖြင့်၊ သမိုင်းရေးရှေ့ဆောင်ဦးစီးမှု၊ သို့မဟုတ် လွတ်လပ်သော နိုင်ငံရေးလှုပ်ရှားမှု တစုံတရာမရှိသည့်လူတန်းစား အဖြစ်သာ တွေ့မြင်ကြလေသည်။

စက်မှုလုပ်ငန်းဖြစ်ပေါ်တိုးတက်မှုနှင့်လိုက်၍ လူတန်းစား ပဋိပက္ခဖြစ်ပေါ်တိုးတက်လာသဖြင့် သူတို့တွေ့ရှိရသည့် စီးပွားရေးအခြေအနေသည် ပစ္စည်းမဲ့ လူတန်းစားလွတ်မြောက်ရေး အတွက်ရုပ်ဝတ္ထုအခြေအနေများကို ပေးအပ်မလာသေးပေ။ ထို့ကြောင့် သူတို့က ဤအခြေအနေများကိုဖန်တီးရမည့် လူမှုရေးသိပ္ပံပညာသစ်ကိုရှာဖွေကြသည်။ လူမှုရေးတရားများကို ရှာဖွေကြသည်။

သမိုင်းရေးလုပ်ဆောင်မှုက သူတို့၏ကိုယ်ရေးတည်ထွင်လုပ်ဆောင်မှုကိုနေရာပေးရသည် သမိုင်းရေးအရ ဖန်တီးခဲ့သော လွတ်မြောက်ရေးအခြေအနေများနေရာတွင် စိတ်ကူးယဉ်မှုများက နေရာယူလာကြသည်။ပစ္စည်းမဲ့ လူတန်းစား၏ တဖြေးဖြေး အလိုလိုလူတန်းစား စည်းရုံးမှုကဤတည်ထွင်သူများက အထူး စီမံထားသော လူ့အဖွဲ့အစည်းအား စည်းရုံးမှုကိုနေရာပေးရသည်၊ အနာဂတ်သမိုင်းသည် သူတို့၏မျက်စေ့ထဲတွင် သူတို့၏ လူမှုရေးစီမံကိန်းများဝါဒဖြန့်ချိရေးနှင့်လက်တွေ့ဆောင်ရွက်မှု အတိုင်းဖြစ်လာကြမည်ဟုထင်ကြသည်။

သူတို့၏ စီမံကိန်းများကိုပြုလုပ်ရာ၌ ဆင်းရဲဒုက္ခ အရောက်ဆုံး လူတန်းစားဖြစ်သဖြင့်အလုပ်သမားလူတန်းစား၏ အကျိုးကျေးဇူးများအတွက် အဓိကဂရုစိုက်ရမည်ကိုသူတို့သိကြသည်။

သူတို့အဘို ပစ္စည်းမဲ့လူတန်းစားသည်ဆင်းရဲဒုက္ခအရောက်ဆုံး လူတန်းစားဖြစ်သည့် အချက်သာတည်ရှိပေသည်။

လူတန်းစားတိုက်ပွဲ၏ မတိုးတက်သေးသော အခြေအနေ၊ ဤနည်းတူ သူတို့၏ကိုယ်ပိုင် ပတ်ဝန်းကျင်များက ဤကဲ့သို့သော ဆိုရှယ်လစ်မျိုးများကိုလူတန်းစားရန်ဘက်ပဋိပက္ခများ အားလုံးထက် သူတို့ကများစွာ သာလွန်ကောင်းမွန်ကြောင်းကို စဉ်းစားထင်မြင်စေသည်။ သူတို့ကလူ့အဖွဲ့အစည်းဝင်တိုင်း၏ အခြေအနေကို တိုးတက်ကောင်းမွန် စေလိုကြသည်။ အခွင့်အရေးအရဆုံးလူ၏အခြေအနေကိုပင် တိုးတက်ကောင်းမွန်စေလိုကြသည်။ထို့ကြောင့်-သူတို့က လူတန်းစားခွဲခြားခြင်းမရှိဘဲ။ လူ့အဖွဲ့အစည်းတရပ်လုံးအားပန်ကြားလေ့ရှိကြသည်၊အထူးသဖြင့် အုပ်စိုးသည့်လူတန်းစားအားပန်ကြားရန် ပို၍နှစ်သက်ကြသည်။ သူတို့၏စနစ်ကို သူတို့နားလည်မှုရှိလာကြပြီဆိုလျှင် လူများသည် အကောင်းဆုံးဖြစ်နိုင်သည့် လူ့အဖွဲ့ အစည်း အခြေအနေ၏ အကောင်းဆုံးဖြစ်နိုင်သည့် စီမံကိန်းကို မည်သို့ မတွေ့မြင်နိုင်ဘဲနေနိုင်ပါမည်နည်း။

ထို့ကြောင့် သူတို့ကနိုင်ငံရေးလုပ်မှု၊အထူးသဖြင့်တော်လှန်ရေးလှုပ်ရှားမှု အားလုံးကို ငြင်းပယ် ခဲ့လေသည်။ သူတို့က ငြိမ်းချမ်းသောနည်းလမ်းများဖြင့် သူတို့၏ ရည်မှန်းချက်များကိုဖြစ်မြောက်လိုသောဆန္ဒရှိကြသည်။ မုချ မအောင်မြင်မည့် စမ်းသပ်မှုကလေးများဖြင့် စံနမူနာပြခြင်းအားဖြင့် လူမှုရေးစနစ်သစ်အတွက်လမ်းခင်းပေးရန်အားထုတ်ကြသည်။

ပစ္စည်းမဲ့လူတန်းစားသည် အလွန် မကြိုးတက်သေးသော အခြေအနေ၌ရှိနေသေး၍ ယင်း၏ကိုယ်ပိုင် အနေအထားအား စိတ်ကူးယဉ်ခံယူချက်သာရှိနေသေးသည့်အချိန်အခါတွင် ရေးဆွဲခဲ့သော အနာဂတ် လူ့အဖွဲ့အစည်းနှင့် ပါတ်သက်သော ဤမျှစိတ်ကူးယဉ်သော ရုပ်ပုံများသည် လူ့အဖွဲ့ အစည်းအား ယေဘူယျပြန်လည်တည်ဆောက်ရေးအတွက် ထိုလူတန်းစား၏ ပဌမဆုံး ပကတိစိတ်ထဲမှ ပေါ်လာသော မြော်မှန်းချက်များနှင့် ကိုက်ညီပေသည်၊ (၅၈)

သို့ရာတွင် ဤဆိုရှယ်လစ်နှင့်ကွန်မြူနစ်စာအုပ်စာတမ်းများတွင် ဝေဖန်ရေးအပိုင်းလည်းပါရှိသည်၊ သူတို့က တည်ရှိနေသည့် လူ့အဖွဲ့အစည်း၏ မူတိုင်းကို ပုတ်ခတ် တိုက်ခိုက်သည်၊ ထို့ကြောင့် ဤစာအုပ်စာတမ်းများတွင် အလုပ်သမားလူတန်းစားအား အသိဉာဏ်နိုးကြားစေရေး အတွက် အလွန် အဘိုးထိုက်တန်သော အချက်အလက်များ ပါဝင်ပေသည်။ မြို့နှင့်ကျေးလက်တို့တွင်ခြားနားမှုဖျက်သိမ်းပစ်ရေး၊အိမ်ထောင်ရေး၊ ဖျက်သိမ်းရေး၊ပုဂ္ဂလိကတဦးချင်းများအကျိုးအတွက်စက်မှုလုပ်ငန်းများလုပ်ကိုင်မှုကို ဖျက်သိမ်းရေး၊ လုပ်ခစနစ်ကိုဖျက်သိမ်းရေး၊လူမှုရေးမျှတသင့်မြတ်မှုကို ထုတ်ပြန် ကျေညာရေး၊ နိုင်ငံတော်၏လုပ်ဆောင်မှုများ၊ ကုန်ထုတ်လုပ်ရေးကြီးကြပ်မှု သက်သက်အဖြစ် ပြောင်းလဲရေးကဲ့သို့သော ဤစာအုပ်စာတမ်းများ၌ အဆိုပြုထားသောလက်တွေ့ဆောင်ရွက်မှုများ(၅၉)၊ဤအဆိုပြုချက်များအားလုံးက ထိုအချိန်က ပေါ်ပေါက်လာစဖြစ်သေး

သည်၊ လူတန်းစားရန်ဘက်ပဋိပက္ခများပပျောက်ရေးသက်သက်ကိုသာ ထောက်ပြထားသည်။ ဤစာအုပ် စာတမ်းများတွင် လူတန်းစားရန်ဘက်ပဋိပက္ခများ၏ အစောဆုံးမသဲကွဲ မသတ်မှတ်ရသေးသော အသွင်များကိုသာ အသိအမှတ်ပြုထားလေသည်။ ထို့ကြောင့် ဤအဆိုများသည် စိတ်ကူးယဉ်သက်သက် လက္ခဏာဆောင်ပေသည်။

ဝေဖန်ရေး–စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒ၏ ထူးခြားချက်သည် သမိုင်းရေးဖြစ်ပေါ် တိုးတက်မှု နှင့် ပြောင်းပြန်ဖြစ်နေပေသည်။ ခေတ်သစ်လူတန်းစားတိုက်ပွဲဖြစ်ပေါ်တိုးတက်လာ၍တိကျသောပုံသဏ္ဌာန်ကိုဆောင်သည့်အချိုးအစားနှင့်လိုက်၍၊ ဤတိုက်ပွဲမှကင်းကွာနေသည့်စိတ်ကူးယဉ်ရပ်တည်မှု၊ လူတန်းစားတိုက်ပွဲအားဤစိတ်ကူးယဉ်တိုက်ခိုက်မှုများအားလုံးသည် လက်တွေ့တန်ဘိုးလည်းမရှိ၊ သဘောတရားရေးအရမှန်ကန်မှုလည်းမရှိဖြစ်ပေသည်၊ ထို့ကြောင့်ဤစနစ်များကိုစတင်တည်ထွင်သူများသည် . ဘက်များစွာ၌ တော်လှန်ရေးသမားများဖြစ်ကြသည်။ သူတို့၏နောက်လိုက် တပည့်များသည် ကိစ္စတိုင်း၌ဖေါက်ပြန်ရေးဂိုဏ်းကလေးများဖြစ်လာကြသည်။ သူတို့သည် ပစ္စည်းမဲ့ လူတန်းစား၏ တိုးတက်သော သမိုင်းရေးဖြစ်ပေါ်တိုးတက်မှုကို ဆန့်ကျင်၍၊ သူတို့ဆရာများ၏ မူလအမြင်များကို အသေကိုင်ထားကြသည်။ ထို့ကြောင့် သူတို့သည် လူတန်းစားတိုက်ပွဲကို ထုံထိုင်းစေရန် တသမတ်

တည်းအားထုတ်ကြသည်။ လူတန်းစား ပဋိပက္ခများကို ဖြန်ဖြေပေးရန်အားထုတ်ကြသည်။ သူတို့ကသူတို့၏လူမှုရေး စိတ်ကူးယဉ်လောကနိဗ္ဗာန်များစမ်းသပ်ဖြစ်မြောက်ရေးကိုအိပ်မက်နေကြသေးသည်။ သီးခြားကင်းကွာသော "ဖါလန်စတီရီစ်"+ များတည်ထောင်ရေး၊ **"အိမ်ကိုလိုနီများ"** တည်ထောင်ရေး ဂျေရုစလင်သစ်၏ ခါးပိုက်ဆောင် ပုံတူဖြစ်သော **"အီကာရီယာကလေး"** များတည်ထောင်ရေး၊ ဤလေထဲ၌ရဲတိုက်ဆောက်မှုများအားလုံးဖြစ်မြောက်စေရန်အတွက်၊ သူတို့သည် ဓနရှင်လူ

+ "ဖါလန်စတီရီစ်" သည် ချာလ်စ်ဖိုရီးယား၏ စီမံကိန်းအရဆိုရှယ်လစ်ကိုလိုနီများဖြစ်လေသည်၊ "အီကာရီယာ" သည် ကာဘက်က သူ၏စိတ်ကူးယဉ်လောကနိဗ္ဗာန်ကို ပေး ထား သော အမည်ဖြစ်သည်၊ နောက်၌အမေရိကန်ကွန်မြူနစ်ကိုလိုနီအား ခေါ်သောအမည်ဖြစ်သည်။ (၁၈၈၈ ခုနှစ်အင်္ဂလိပ်ဘာသာရိုက်စာအုပ်တွင် အိန်ဂျယ်စ်၏ မှတ်ချက်)

"အိမ်ကိုလိုနီများ" သည် အိုဝင်ကသူ၏ ကွန်မြူနစ်စံပြလူ့အဖွဲ့အစည်းများအား ခေါ်သော အမည်ဖြစ်သည်၊ "ဖါလန်စတီရီစ်" သည် ဖိုရီးယားကစီမံကိန်းချသော ပြည်သူ့နန်းတော်များအမည်ဖြစ်သည်။ "အီကာရီယား" သည် ကာဘက်သရုပ်ဖေါ်သော ကွန်မြူနစ်အဆောက်အအုံများ–စိတ်ကူးယဉ် လောကအားပေးသော အမည်ဖြစ်သည်။ (၁၈၉၀ ပြည့်နှစ်ဂျာမန်ဘာသာရိုက်စာအုပ်တွင်အိန်ဂျယ်စ်၏ မှတ်ချက်)

တန်းစား၏ သနားဂရုဏာများနှင့် ငွေအိတ်များကိုပန်ကြား ရတော့သည်။ အဆင့် ဆင့် အားဖြင့်၊ သူတို့သည် အထက်၌ ဖေါ်ပြခဲ့သော ဖေါက်ပြန်ရေးတည်မြဲဆိုရှယ်လစ်များ အတန်း အစားထဲသို့ နစ်မြုပ်သွားကြသည်။ ဤဖေါက်ပြန်ရေး တည် မြဲဆိုရှယ်လစ်များမှ ပိုရှိစနစ်တကျတတ်ယောင်ကားလုပ်ခြင်း နှင့် သူတို့၏လူမှုရေးသိပ္ပံပညာများ၏ အံ့သြဘွယ်ရာ အကျိုး များတွင် အရူးအမူး အယူသည်း ယုံကြည်ခြင်းတို့၌ ခြားနား ပေသည်။

ထို့ကြောင့်-သူတို့က အလုပ်သမား လူတန်းစား နိုင်ငံရေး လှုပ်ရှားမှုအားလုံးကို အပြင်းအထန်ဆန့်ကျင်ကြသည်။ သူတို့ ပြောဆိုချက်အရဆိုလျှင်၊ ဤသို့သောလှုပ်ရှားမှုသည် လောက နိဗ္ဗာန်စနစ်သစ်တွင် မျက်စေ့မှိတ်မယုံကြည်မှုမှသာထွက်ပေါ် လာနိုင်ပေသည်။

အင်္ဂလန်တွင် အိုဝင် ဂိုဏ်းသား များး ပြင်သစ် ပြည် တွင် ဖိုရီးယာဂိုဏ်းသားများတို့က ချားတစ်များ နှင့် ရီဖွန်မစ်များ (ဝ၁)တို့ကို အသီးသီးဆန့်ကျင်ကျသည်။

(၄)

အသီးသီးတည်ရှိနေသည့်ဆန့်ကျင်ဘက်ပါတီများနှင့်ဆက်သွယ်မှုနှင့် ပတ်သက်၍ ကွန်မြူနစ်များ၏အနေအထား။

အခန်း ၂ က အင်္ဂလန်ပြည်တွင် ချားတစ်များနှင့် အမေရိ က တွင် လယ်ယာပြုပြင်ရေးသမား များ ကဲ့သို့သော၊ တည်ရှိ နေသည့်အလုပ်သမားလူတန်းစားပါတီများနှင့် ကွန်မြူနစ်များ ၏ ဆက်သွယ်မှုများကိုရှင်းလင်းတင်ပြခဲ့သည်။

ကွန်မြူနစ်များသည် အလုပ်သမား လူတန်းစား၏ လက် ငင်းရည်မှန်းချက်များ ဖြစ်မြောက်ရေးနှင့် ယာယီအကျိုး စီး

ပွားများရရှိရေးအတွက်တိုက်ပွဲဝင်သည်၊ သို့ရာတွင်မျက်မှောက်ကာလအရေးတော်ပုံတွင်၊ သူတို့သည် ထို အရေး တော်ပုံ၏ အနာဂတ်အား ကိုယ်စားလည်ပြု၊ ဂရုလည်းစိုက် သည်၊ ပြင်သစ်ပြည်တွင် ကွန်မြူနစ်များသည် ရှေးရိုး အယူသည်းသမားများနှင့် ပြုပြင်ရေးဓနရှင်များအား ဆန့်ကျင်ရာတွင်- ဆိုရှယ်ဒီမိုကရက်များ + နှင့်မဟာမိတ်ဖွဲ့သည်။ သို့သော်လည်း-မဟာတော်လှန်ရေးကြီးမှ အစဉ်အလာ အားဖြင့် ဆင်းသက်လာခဲ့သောစကားလုံးများ နှင့် မှိုင်းမိမှုများနှင့် ပတ်သက်၍ဝေဖန်သည့်အနေအထားခံယူခွင့်ကို ထိန်းသိမ်းယူထားသည်။

ဆွစ်ဇာလန်ပြည်တွင်–ရေဒီကယ်ပါတီ ပြင်သစ် အဓိပ္ပါယ်အရ–ဒီမိုကရက်တစ်ဆိုရှယ်လစ်များတပိုင်း၊ ပြုပြင်ရေးဓနရှင်များတပိုင်းဖြစ်သောရန်ဘက်များပါဝင်သည့်အချက်ကို မျက်ခြေမပြတ်စေဘဲ၊သူတို့ကရေဒီကယ်များကို ထောက်ခံကြသည်။

ပိုလန်ပြည်တွင် ၁၈၄၆ခုနှစ်၌ ကရာကော်ထကြွပုန်ကန်မှုကို သွေးထိုးပေးခဲ့၍ အမျိုးသား လွတ်မြောက်ရေး အတွက်အဓိကအခြေအနေအဖြစ်မြေယာတော်လှန်ရေးကို စွဲစွဲမြဲမြဲလုပ်သည့်ပါတီကို သူတို့ထောက်ခံကြသည်။

ဂျာမဏီပြည်တွင် ဓနရှင်လူတန်းစားက သက်ဦးဆံပိုင်ဘုရင်စနစ်ဆန့်ကျင်ရေး၊ ပဒေသရာဇ်မြေပိုင်ရှင်စနစ်ဆန့်ကျင်ရေးနှင့် ဓနရှင်ပေါက်စလူတန်းစား (၆၂) ဆန့်ကျင် ရေး ကိုတော်လှန်ရေးနည်းလမ်းအတိုင်း လုပ်ကိုင်သည့် အခါတိုင်း၌ သူတို့က ဓနရှင်လူတန်းစားနှင့်လက်တွဲ၍တိုက်ပွဲဝင်သည်။

သို့ရာတွင် ဓနရှင်လူတန်းစားက ယင်း၏ အချုပ်အချာအာဏာရလာသည်နှင့်တပါတည်းတွင် လိုအပ်စွာစတင်ပြုလုပ်လာရမည့်လူမှုရေးနှင့်နိုင်ငံရေး အခြေ အနေများကို ဓနရှင်လူတန်းစားအား ဆန့်ကျင်ရေးလက်နက်များစွာအဖြစ် ဂျာမန်အလုပ်သမားများကတောက်လျှောက်အသုံးချနိုင်ရန်အလို့ငှါ ဂျာမဏီပြည်တွင်ဖေါက်ပြန်ရေး အင်အားစုများ ကျဆုံးပြီးသည့်နောက်၌ ဓနရှင်လူတန်းစားအား ဆန့်ကျင်ရေးတိုက်ပွဲကို ချက်ချင်းစတင်နိုင်ရန်အလို့ငှါ၊ ကွန်မြူနစ်များကအလုပ်သမားလူတန်းစားအတွင်းသို့ ဓနရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစားတို့ကြားတွင် ရန်ဘက်ပဋိပက္ခအား အရှင်းဆုံး သိရှိမှုဖြစ်

+။ ။ဆိုရှယ်ဒီမိုကရက်ပါတီကိုပါလီမန်တွင်လီဒရူ- ရိုလင်ကိုယ်စားပြု၍စာပေနယ်တွင်လူဝီဘလင်၊ နေ့စဉ်သတင်းစာတွင်ရီဖွန်မေတို့ကကိုယ်စားပြုသည်၊ဆိုရှယ်ဒီမိုကရေစီအမည်က ဒီမိုကရက် သို့မဟုတ် ရီပတ်ဘလီကင်ပါတီမှ အနည်းနှင့်အများ ဆိုရှယ်လစ်ဝါဒ အသွေးအရောင်ရှိသည့် အစိတ်အပိုင်းကိုဆိုလိုသည်။ (၁၈၈၈ခုနှစ် အင်္ဂလိပ်ဘာသာရိုက်စာအုပ်တွင် အိန်ဂျယ်စ်၏မှတ်စု)

ထိုအချိန်က မိမိကိုယ်ကို ဆိုရှယ်လစ်ဒီမိုကရက်တစ် ပါတီခေါ်သောပါတီကိုနိုင်ငံရေးနယ်ပယ်တွင် လီဒရူ-ရိုလင်ကကိုယ်စားပြု၍စာပေနယ်ပယ်တွင် လူဝီဘ လင် က ကိုယ်စားပြုသည်။ ဤသို့ဖြင့် မျက်မှောက်ဂျာမန်ဆိုရှယ်ဒီမိုကရေစီမှ တိုင်းထွာ၍ မရလောက်အောင် ခြားနားပေသည်။(၁၈၉၀ပြည့်နှစ်ဂျာမန်ဘာသာရိုက်စာအုပ်တွင် အိန်ဂျယ်စ်၏မှတ်စု)

လာစေရန်အတွက်လုံ့ဆော်သွတ်သွင်းမှုကို မည်သည့်အခါမျှ တခဏမျှပင်ရပ်နားခြင်းမရှိပေ၊

ကွန်မြူနစ်များသည် ဂျာမဏီပြည်အားအဓိကအာရုံစိုက်မှုကိုပြုလုပ်ကြသည်၊ အဘယ်ကြောင့်ဆိုသော် ထိုဂျာမဏီပြည်သည် (၁၇)ရာစုနှစ် အင်္ဂလန်ပြည်နှင့် (၁၈)ရာစုနှစ် ပြင်သစ်ပြည်တို့ထက်ပို၍ တိုးတက်သော ဥရောပ ယဉ်ကျေးမှု အခြေအနေများအောက် မှချဆင်နွဲတော့မည့် ဓနရှင်တော်လှန်ရေးဖြစ်အံ့ဆဲဆဲလည်းဖြစ်ခြင်း၊ များစွာတိုးတက်သော ပစ္စည်းမဲ့လူတန်းစားလည်းရှိခြင်းကြောင့်ဖြစ်သည်၊ ဂျာမဏီပြည်တွင် ဓနရှင်တော်လှန်ရေးသည်ချက်ချင်းလိုက်ပါလာမည့် ပစ္စည်းမဲ့လူတန်းစားတော်လှန်ရေးတရပ်ရှေ့တော်ပြေးလည်း ဖြစ်လိမ့်မည့်အချက်ကြောင့်ဖြစ်သည်။

အတိုချုပ်အားဖြင့် ကွန်မြူနစ်များသည်တည်ရှိနေသည့်လူမှုရေးနှင့်နိုင်ငံရေးစနစ်များအား ဆန့်ကျင်သော တော်လှန်ရေးအရေးတော်ပုံတိုင်းကို နေရာတကာ၌ထောက်ခံကြသည်။

ဤအရေးတော်ပုံများအားလုံး၌ ထိုအချိန်တွင်ယင်း၏ဖြစ်ပေါ်တိုးတက်မှုအတိုင်းအတာ မည်သည့်အဆင့်၌ရှိစေကာမူ၊ ကွန်မြူနစ်များက ပစ္စည်းပြဿနာကို အရေးတော်ပုံတခုစီ၏ ထိပ်တန်းပြဿနာအဖြစ် ရှေ့တန်းသို့တင်လာကြသည်။

နောက်ဆုံး၌ သူတို့သည် တိုင်းပြည်များအားလုံးမှ ဒီမိုကရက်တစ်ပါတီများတပ်ပေါင်းစုဖွဲ့ရေးနှင့်သဘောတူညီချက်ရရှိရေးအတွက်နေရာတကာတွင်ဆောင်ရွက်လုပ်ကိုင်ကြသည်။

ကွန်မြူနစ်များသည် သူတို့၏အမြင်များနှင့် ရည်ရွယ်ချက်များကိုဖုံးကွယ်ထားရန်မလိုလားကြပေ၊ သူတို့ကတည်ရှိနေသည့် လူမှုရေးအခြေအနေများအားလုံး အင်တိုက် အားတိုက်အကြမ်းနည်းနှင့်တွန်းလှန်ချမှသာလျှင် သူတို့၏ ရည်မှန်း ချက်များဖြစ်မြောက်နိုင်မည်ကိုပွင့်ပွင့်လင်းလင်းကြေညာကြသည်၊ ကွန်မြူနစ်တော်လှန်ရေးရှေ့မှောက်တွင် အုပ်စိုးသည့် လူတန်းစားများကြောက်ဒူးတုန်သွားပါစေ၊ ပစ္စည်းမဲ့လူတန်းစားတွင် နှောင်ကြိုးများမှတပါး ဘာမျှဆုံးရှုံးစရာမရှိပေ၊ သူတို့ တွင် အောင်နိုင်စရာ ကမ္ဘာတခုလုံးရှိပေသည်။

"အနိုင်နိုင်ငံမှ အလုပ်သမားများ၊ စည်းလုံးညီညွတ်ကြ"

* *

ဝင်းဖော်ဦး
စာပေဖြန့်ချိရေး

အမှတ် (၅၀၁) ကုန်သည်လမ်း- ရန်ကုန်မြို့

စာစဉ်အမှတ်—၃၃